
တက္ကသိုလ်
နေလင်းအောင်
ကျွင်း၊တုံ့ဏ်ဝင်း၊ယန်ကျွန့်
ကျားကုတ်ကျားခဲ
ယှဉ်ပြိုင်ခြင်း
စာစဉ် ၄

## အခန်း(၃၄)

## နယ်ကျွံလာသော မိန်းကလေး

ဖုံးလွှမ်းနေသော တောင်တန်းများ ...

ထိုတောင်တန်းများကို ဟိမဝန္တာတောင်ဟု ခေါ်တွင်သည်။

အိန္ဒိယပြည် ပါဠိစာပေ အဓိပ္ပာယ်အရဆိုလျှင် နှင်းတောဟု အဓိပ္ပာယ်ပေါက်၏။

တရုတ်ပြည် ကျမ်းစာမှတ်တမ်းများအရ နှင်းတောင်ကြီးဟု ခေါ်ဝေါ်ကြသည်။

ဟိမဝန္တာတောင်တန်းမှာ အရှေ့မှ အနောက်သို့ မိုင်ပေါင်း နှစ်ထောင်ကျော်ခန့် ရှည်လျား၏။

တည်နေရာသည် တရုတ်ပြည်နှင့် အိန္ဒိယပြည်နယ်ခြားတွင် တည်ရှိပေသည်။

အမြင့်ဆုံးပေပေါင်း တစ်သောင်းကျော်ခန့် ရှိသောကြောင့် ဘူမိဗေဒဆိုင်ရာ ပါရဂူများက 'ကမ္ဘာ့အိမ်ခေါင်' ဟု ဆိုစမှတ် ပြုကြသည်။

ရှေးပဝေသဏီကတည်းက တရုတ်ပြည်နယ် အနောက်မြောက်ဘက် မြို့နယ်မှ 'မုဆိုး' အမျိုးသားတို့နှင့် အိန္ဒိယနီပေါနိုင်ငံသားတို့သည် ဟိမဝန္တာတောင်ကို နတ်သိကြားများ နေထိုင်ရာ စံဗိမာန်ဒေသဟု ထင်မှတ်ယုံကြည်ကြသည်။

သို့ဖြစ်၍ မိုင်ပေါင်း နှစ်ဆယ် ပတ်ဝန်းကျင်သို့ ချဉ်းကပ်ခြင်း မပြုဝံ့ကြချေ။

သို့သော် တောင်ခြေရင်းတွင် တိဘက် ဘုန်းကြီးများ တရားအားထုတ်ရာ ကျောင်းဆောင်များအချို့သာ ရှိသည်။

ထိုဆရာတော်တို့သည် ကမ္မဋ္ဌာန်းထိုင်ကြ၏။

အချို့သော ဆရာတော်တို့သည် အိန္ဒိယမှ 'ဂျုတို' ထွက်သက်ဝင်သက် ရှူရှိုက်နည်းကို လေ့လာဆည်းပူးကြ၏။

ယခု ရေးသားမည့် ပုံပြင်ဝတ္ထုမှာ ...

နှင်းတောတောင်မှ စသော ဓာတ်လမ်းတစ်ပုဒ်ပင်တည်း။

မန်ချူးဘုရင် 'ချင်လုံ' မင်းဆက် ဆယ့်တစ်နှစ်မြောက် လက်ထပ်ကပင် ဖြစ်၏။

ဆောင်းဥတုရာသီ ဖြစ်၍ နှင်းတောင်တစ်ဝိုက်မှာ နှင်းတွေ တဖွဲဖွဲ ကျကျက်ရှိသည်။

အစွန်ချမ်းအေးလှ၍ အရိုးခိုက်အောင် အေးတစိမ့်စိမ့် ရှိနေပေသည်။

နှင်းတောင်၏ တောင်ဘက်ရှိ တောင်ခြေရင်းတွင် နီပေါနိုင်ငံ



နှင့် ကပ်လျက်ရှိသော တောင်စောင်းတွင် သာမန် ရိုးရိုးဆောက်လုပ်ထားသော လားမား ဘုန်းကြီးကျောင်း တစ်ကျောင်း တည်ရှိသည်။

ထိုတောင်တန်းတွင် ဆရာတော် ငါးပါး သီတင်းသုံး နေထိုင်လျက် ရှိကြ၏။

ဆရာတော် ငါးပါးထဲတွင် တစ်ပါးမှာ တရုတ်လူမျိုး 'အုဝါ' ဖြစ်ပြီး ကျန်ဆရာတော်များမှာ နီပေါအနွယ်ဖွားများပင် ဖြစ်ကြ၏။

"ဆရာတော် အုဝါမှာ ချိန်အမျိုးနွယ်ပင်ဖြစ်၏။

မူလက လာဆာမြို့တွင် နေရာမှ စီးပွားပျက်ကာ နောက်ဆုံးတွင် 'ဆပုလား' ကျောင်းဆောင်သို့ လာရောက်ပြီး ရဟန်းဝတ်ကာ တရားအားထုတ်ရင်း သီတင်းသုံး နေထိုင်လျက်ရှိသည်။

* * *

ရက်လတွေ အလီလီ ပြောင်းလာခဲ့သည်မှာ ဆယ်နှစ်တင်းတင်းပြည့် ဖြစ်ပါသည်။

ညတစ်ည ...

နှင်းတွေ တဖွဲဖွဲကျနေသည်။

အအေးဓာတ်လွန်ကဲသောကြောင့် ဆရာတော် အုဝါသည် ကျောင်းဆောင်ထဲတွင် နီပေါဘုန်းကြီးများနှင့် မီးဖိုတွင် အနွေးဓာတ်ယူနေကြ၏။

ထိုအခါ ကျောင်းဆောင်၏ အပြင်ဘက်တွင် ကြောက်ဖွယ်လီလီ အော်မြည်သံကို ကြားလိုက်ရသည်။

ထိုအော်သံမှာ လူ၏အော်သံနှင့်မတူ၊ တိရစ္ဆာန်များ၏ အော်သံနှင့်လည်း မတူပေ။

ဆရာတော် အုဝါက အထိတ်တလန့်ဖြင့် မေးလိုက်၏။

ထိုအခါ နီပေါဆရာတော်များက အဖြေမပေးဘဲ တုန်တုန်ယင်ယင်ဖြင့် နားနှစ်ဖက်ကို လက်ဖြင့် အုပ်ထားလိုက်ကြ၏။

ထိုအခါ ဆရာတော်အုဝါမှာ ဆက်၍မမေးဝံ့တော့ချေ။

သို့သော် ထူးခြားသော အော်သံမှာ တစ်ချက်သာအော်ပြီးသည်နှင့် ရပ်သွားလေ၏။

အတန်ကြာသောအခါ နီပေါဘုန်းကြီးများ ပြန်လည်၍ တည်ငြိမ်လာသည်။

"ဘုရား ... ဘုရား ... ရာတီဗျို့ ... ရာတီ"

အလန့်တကြား အော်လိုက်ပြန်သည်။

"အိုး ... အလန့်တကြား၊ ရာတီဆိုတာ ဘာလဲ"

ဆရာတော် အုဝါ၏ အမေးကို ကြားရသောအခါ နီပေါဘုန်းကြီးများက ထစ်ထစ်ငေါ့ငေါ့ဖြင့် ပြန်ဖြေကြသည်။

"ရာတီဆိုတာ ကျုပ်တို့ ဒေသခံစကားပါ၊ မှန်းတီးဖို့ ကောင်းတဲ့ နှင်းတောင်ကလူလို့ ဆိုလိုပါတယ်"

"နှင်းတောင်ကလူ ..."

ထိုစကားကို လွန်ခဲ့သော နှစ်ပိုင်းခန့်က တောသူတောင်သား ရဟန်းရှင်လူ ပြောဆိုကြခြင်းကို ဆရာတော် အုဝါ ကြားခဲ့ရလေ၏။



၎င်းတို့ ပြောကြားချက်အရ နှင်းတောင်လူမှာ မကြာခဏ ပေါ်လာလေ့ရှိ၏။

ထိုနှင်းတောင်လူ၏ ဦးခေါင်းပိုင်းသည် ခမောက်ခန့် ကြီးပြီး အရပ်မှာ ဆယ်ပေခန့်မြင့်၏။ တစ်ကိုယ်လုံးမှာ အမွေးရှည်ဖြင့် ဖုံးလွှမ်း လျက်ရှိပြီး သားရဲတိရစ္ဆာန်များကို ဖမ်းစားခြင်းဖြင့် အသက်မွေးဝမ်း ကြောင်း ပြုကြသည်။

ရံဖန်ရံခါ လူသားများပင် စားသည်ဟု ဆိုကြ၏။

သို့သော် ၎င်းနှင်းတောင်လူကို တစ်ခါမှ မမြင်ဘူးကြချေ။

၎င်းတို့၏ ခြေရာများကို နှင်းတောင်ပေါ်တွင် တွေ့ရှိရပြီး ခြေထောက်မှ ခြေချောင်းများ လေးချောင်းသာ ရှိသည်ဟု ဆိုကြသည်။

လူသားများ၏ ခြေရာနှင့် ဆင်တူရိုးမှား ရှိသော်လည်း သာမန်လူ၏ ခြေရာထက် သုံးလေးဆခန့် ကြီးမားသည်။

ထို့ကြောင့် နှင်းတောင်လူဟူသော စကားကို ကြားရသောအခါ အားလုံးမှာ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ခဲ့ကြရခြင်းပင်။

ဆရာတော် အုဝါမှာ ကျောင်းတွင် သီတင်းသုံး နေထိုင်ခဲ့သည်မှာ ကြာခဲ့သော်လည်း ယခုတစ်ကြိမ်မှသာ နှင်းတောင်လူ၏ အော်သံကို ကြားရခြင်း ဖြစ်၏။

ထို့ကြောင့် ဆရာတော်က အံ့သြခြင်းဖြင့် စိုးရွံ့ထိတ်လန့်မိ၏။ ထိုနေ့ညဉ့် ဆရာတော် ငါးပါးလုံးမှာ အိပ်၍မပျော်ကြတော့ချေ။

ဒုတိယနေ့ ...။

အရုဏ်ဦးအချိန်တွင် လေထုက ငြိမ်သက်လျက်ရှိသည်။

နှင်းကျခြင်းမှာ တဖြည်းဖြည်း ရပ်စဲသွားလေပြီ။

ထိုအခါကျမှ ဆရာတော် အုဝါမှာ ကျောင်းတံခါးကို ဖွင့်ကြည့်လိုက်၏။

နှင်းဖြူဖွေးဖွေး တောင်ပြင်တွင် ခြေရာဆယ်စုံခန့်ကို တွေ့ရပေသည်။

ထိုကြီးမားသော ခြေရာတို့သည် တစ်စုံနှင့်တစ်စုံ တစ်တောင်ခန့် ကွာဝေး၏။

ဆရာတော် အုဝါမှာ ထိတ်လန့်ခြင်းဖြစ်မိ၏။

"အလို … တကယ် နှင်းလူပါလား"

သည့်နောက် ဆရာတော် ငါးပါးသည် ထိုခြေရာနေရာသို့ သွားရောက် လေ့လာကြည့်ကြ၏။

ခြေရာအစုံ သုံးဆယ်ခန့် တွေ့ရ၏။

ထိုခြေရာများမှာ မိုင်ဝက်ခန့်ထိ တောင်ခြေသို့ ဆင်းသက်သွားပြီး ပျောက်ကွယ်သွားကြ၏။

ငင်းအပြင် နှင်းတောင်၏ တစ်နေရာတွင် သွေးအိုင် သွေးခဲများကို တွေ့ရပေသည်။

တစ်ညတာ၏ အအေးဒဏ်ကြောင့် သွေးများမှာ ကြက်သွေးရောင် အသွင်သို့ ပြောင်းလဲသွား၏။

နီပေါဘုန်းကြီးများမှာ မျက်နှာထား ချက်ချင်း ပြောင်းလဲသွား၏။



သွေးအိုင်မှာ လူ၏သွေးလောသို့မဟုတ် တိရစ္ဆာန်၏ သွေးလောလောဟု ခွဲခြား၍မရပေ။

သို့ဖြစ်၍ နီပေါဆရာတော်များက …

"စိတ်မရှိပါနဲ့ ဆရာတော်၊ ကျုပ်တို့ ခုချက်ချင်း ပြောင်းမှ ဖြစ်မယ်၊ ဆရာတော်ကျောင်းမှာ ကျုပ်တို့ ဆက်မနေဝံ့တော့ဘူး၊ ကျောင်းကို နှင်းလူတွေ လာနေကြပြီ"

"ဒါကတော့ ကိုယ်တော်တို့ သဘောပဲလေ၊ ဆက်မနေချင်လို့ ပြောင်းချင် ပြောင်းကြပေါ့လေ"

သည့်နောက် နီပေါဘုန်းကြီးများသည် ကျောင်းသို့ ပြန်လာပြီး သက်န်းပရိက္ခရာများကို သိမ်းဆည်းယူဆောင်ကြပြီး ကျောင်းမှ ထွက်ခွာသွားကြလေတော့သတည်း။

ဆရာတော် အုဝါမှာ ကြောက်လန့်ခြင်း ဖြစ်မိသော်လည်း ပြောင်းရွှေ့လိုစိတ် မရှိပေ။ သူ့တွင် အကြောင်းရှိသည်။

အသက်အရွယ် ကြီးရင့်သည်က တစ်ကြောင်း၊ ပြောင်းစရာနေရာလည်း မရှိခြင်းက တစ်ကြောင်းဖြစ်သည်။

သို့ဖြစ်၍ ဤကျောင်း၌ပင် ဆက်နေထိုင်ရန် ဆုံးဖြတ်လိုက်၏။

ထိုည နေဝင်ရီသရောအချိန် …

ဆရာတော်သည် ကျောင်းတံခါးကို သေချာစွာ ပိတ်ထားသည်။

သည့်နောက် အိပ်ခန်းသို့ပြန်ပြီး ဘုရားအာရုံပြုနေ၏။

သို့သော် ဆရာတော်မှာ ကြောက်ရွံ့ထိတ်လန့်ခြင်းဖြင့် စိတ်များ လှုပ်ရှားနေသည်။

ဤသို့ဖြင့် ညဉ့်ဦးယံအချိန် ကုန်လွန်ခဲ့လေပြီ။

သန်းခေါင်ယံအချိန်သို့ ရောက်သောအခါ ဆရာတော့်မှာ ငိုက်မြည်းလ၏။

ထိုအခိုက် ကျောင်းဆောင်၏ အနောက်ဘက်မှ ဘိုင်းခနဲ လဲကျသံကို ကြားရ၏။ တစ်ဆက်တည်း ညည်းသံကိုပါ ကြားရပြန်သည်။

အော်သံထဲတွင် နာကျင်သော ဝေဒနာကို ခံစားရသည့် အသံမျိုးပင်တည်း။ ထိုအခါ ထပ်ဆင့်၍ မိန်းကလေးတစ်ဦး၏ အသံခပ်လွင်လွင် ကလေး ပေါ်လာပြန်သည်။

ကြားလည်း ကြားရပြန်သည်။

ဓားချင်းထိခတ်သံကို ကြားရပြန်လေ၏။

ထိုအခါ ဆရာတော် အုဝါမှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ ခုတင်ထက်မှ ဆင်းသက်ပြီး မှန်အိမ်မီးယူကာ တံခါးကြားအပေါက်မှ အပြင်သို့ ချောင်းမြောင်းကြည့်လိုက်မိ၏။

ထိုစဉ် ...

ဘိုင်းခနဲ မြည်သံတစ်ချက်ပေါ်လာပြီး ပိတ်ထားသော ကျောင်းတံခါးမှာ ပွင့်ထွက်လာသည်။

ထိုအခါ တံခါးကို ခုခံထားသော ကျောက်ခဲ၊ ကုလားထိုင်များမှာ ပြိုလဲကျသွားလေ၏။



တံခါးပွင့်သွားသည်နှင့် ဖြူဖြူသဏ္ဌာန်အရိပ်တစ်ခု တစ်ဟုန်ထိုး ပြေးဝင်လာလေ၏။ ထိုအခါ ဆရာတော် အုဝါမှာ ထိတ်လန့်ခြင်းဖြင့် အော်လိုက်မိ၏။

ဆရာတော် ထင်မိသည်က ...

အရပ်မြင့်မြင့် ကြောက်မက်ဖွယ်ကောင်းသော နှင်းတောင်ကလူဟု ယူဆမိ၏။

သို့သော် မြင်ကွင်းက ဤသို့မဟုတ်ချေ။

ခုန်ပျံ၍ ဝင်လာသူမှာ အင်္ကျီအဖြူ၊ သားရေခံအနွေးထည်ကို ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးဖြစ်၏။

သူမ၏ ခြေတွင် ရေခံဘွတ်ဘိနပ်အရှည်ကို စီးထား၏။

ဦးခေါင်းတွင် နားရွက်အထိ ဖုံးအုပ်ထားသော ဦးထုပ်ခေါင်းစွပ်ထား၏။

သူမသည် အခန်းတွင်းသို့ ရောက်သည်နှင့် အရောင် တဖိတ်ဖိတ် တောက်နေသော ဆောင်ဓားကို ဆွဲထုတ်လိုက်၏။

ဆရာတော်က ကြောက်လန့်ခြင်းဖြင့် အော်ရန်ပင် မေ့နေသည်။ သို့သော် ထိုအမျိုးသမီးမှာ ဆရာတော်ဘက်သို့ မကြည့်ဘဲ ခါးကိုလှည့်ကာ တံခါးအပြင်ဘက်သို့ စူးစိုက်၍ ကြည့်ပြီး အသင့်အနေအထား ရှိနေပြန်သည်။

ထိုအခိုက် တံခါးအပြင်ဘက်မှ ...

"ဟော့ ... မင်း ဘယ်ထွက်ပြေးဦးမှာလဲ"

စကားမဆုံးမီ အမျိုးသမီးသည် မျက်လုံးတစ်ချက်ပင့်လိုက်၏။

သည့်နောက် ညာလက်ကို ဇွေ့ယမ်းလိုက်၏။

တဝီဝီ မြည်သံနှင့်အတူ သူမထံမှ လက်နက်ပုန်းကို ရုတ်ခြည်းပစ်လွှတ်လိုက်၏။

မကြာမီ အပြင်ဘက်မှ အော်သံထွက်ပေါ်လာသည်။

"အမလေး ..."

အော်သံနှင့်အတူ တံခါးဝသို့ ဝိုးခနဲ မြည်သံကြားရပြီး မြွေခေါင်းနှလုံးတပ်ထားသော လက်နက်တစ်မျိုးကို မြင်လိုက်ရ၏။

ထိုလက်နက်ဆန်းမှာ အမျိုးသမီးဆီသို့ ဦးတည်သွားလေ၏။

အမျိုးသမီးမှာ လှုပ်ရှားမှု မြန်ဆန်သွက်လက်လှ၏။

သူမသည် ကိုယ်ကို ခပ်ယွန်းယွန်း အနေအထားဖြင့် ရှောင်လိုက်ပြီး ဆောင်တားဖြင့် စလွယ်သိုင်း ပိုင်းချလိုက်၏။

ထို့နောက် သူမသည် မားပျံလက်နက်ပုန်း နှစ်လက်ကို ပစ်လွှတ်လိုက်ပြန်သည်။

သူမထံမှ မားငယ်နှစ်လက်မှာ တဝိုးဝိုး မြည်ကာ ရန်သူများထံသို့ ဦးတည်သွားသည်။

ရန်သူမှာ နောက်ပြန်ဆုတ်ရင်း ...

"ဟော့ ... မင်းကို ဒီနေ့ည ချမ်းသာခွင့် ပေးလိုက်မယ်၊ ငါတို့ မနက်ဖြန်ကျမှ လာခဲ့ဦးမယ်"

ထိုအခါ အမျိုးသမီးက ခပ်ပြုံးပြုံးဖြင့် ...



"သတ္တိရှိရင် လာခဲ့ပေါ့ရှင်၊ ဒါပေမယ့် ဒီကျောင်းဝန်းအနီးပတ်ဝန်းကျင်ကို ရှင်တို့ မကပ်ရဘူးရှင့်၊ ကျွန်မအကြောင်း ကောင်းကောင်း ပြရတာပေါ့"

သို့သော် အပြင်ဘက်က ဘာမှ ပြန်လည်၍ မပြောတော့။

ဆိတ်ငြိမ်လျက် ...။

ထိုအခါ အမျိုးသမီးမှာ ရန်သူများ ဆုတ်ခွာသွားသည်ကို သိရှိနိုင်သည်။

ဆရာတော် အုဝါသည် ဝိုးတဝါး မီးရောင်အောက်တွင် သူမကို အကဲခတ်ကြည့်လိုက်၏။

သူမ၏ ဆံစများမှာ အတန်ငယ် ဖြူဖွေးနေသော်လည်း မျက်နှာထားမှာ နုနယ်နေသေးသည်။

ထိုအခါ သူမသည် တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်၏။

"ဆရာတော်ဘုရား တပည့်တော်မဟာ ခရီးသွားဧည့်သည်တစ်ယောက်ပါ၊ အခုလို ဖြစ်ရတာ ..."

သူမသည် ပြောရင်း စကားမဆုံးမီ ပါးစပ်ကို ဟလိုက်သည်။

သွေးများ ဝေါခနဲ အန်ချလိုက်၏။

အမျိုးသမီး မျက်နှာမှာ ဖြူဖတ်ဖြူလျော်ဖြင့် ဒယီးဒယိုင်လဲကျသွား၏။

ဆရာတော်က သူမ အနီးသို့သွားပြီး ဖေးမကူညီမည်ပြုစဉ် သူမက ဆောင်တားကို ကြမ်းပြင်တွင် ထောက်၍ အားပြုကာ ပြန်ထလာခဲ့၏။

ထို့နောက် သူမသည် ပုဆစ်ဒူးတုပ်ထိုင်ချပြီး ထွက်သက်ဝင်သက်ကို မှန်မှန်ဖြစ်အောင် ရှူရှိုက်ကာ ပုံမှန်ဖြစ်အောင် လေ့ကျင့်၏။

အတန်ကြာအောင် သူမသည် လေ့ကျင့်ပြီး သူမ၏ အိတ်ထဲတွင်ရှိ ပုလင်းထဲမှ ဆေးနီလုံး အချို့ကိုယူ၍ ပါးစပ်ထဲသို့ သွပ်သွင်းကာ မျိုချလိုက်သည်။

သည့်နောက် မကြာမီ သူမ၏ မျက်နှာမှာ ပန်းနုရောင် ယှက်သန်းလေ၏။

ခေတ္တ အနားယူပြီးနောက် ဆရာတော်အား ကန်တော့ကာ ...

"ဆရာတော်ဘုရား အခုလို တပည့်တော်မ လာရောက်နှောင့်ယှက်မိတာကို ခွင့်လွှတ်ပါဘုရား၊ အခုလို ဆရာတော်ရဲ့ ကျောင်းရိပ်မှာ ခေတ္တ ခိုနားခွင့်ရတာကို အထူးပဲ ကျေးဇူးတင်လှပါတယ် ဘုရား"

ဆရာတော် အုဝါမှာ သူမကို လေ့လာ အကဲခတ်ကြည့်၏။

"အင်း ... ဒီအမျိုးသမီးကို ကြည့်ရတာ အသက်ငယ်ပေမယ့် နုနယ်ဖျတ်လတ်ပုံရတယ်၊ ရန်သူတွေ လိုက်လံတိုက်ခိုက်ခြင်းကို ခံရတာပဲ ဖြစ်မယ် ...၊

"ဒါပေမယ့် ဒီအမျိုးသမီးက ဘယ်သူလဲ၊ သူ့ရဲ့ ရန်သူတွေက ဘယ်သူတွေလဲ"

ဆရာတော်က ဤသို့ တစ်ယောက်တည်း စိတ်ထဲတွင် ပြောမိသည်။



ထိုအခါ အမျိုးသမီးက ...

"ဆရာတော် ဘုရား ... တပည့်တော် အမှန်အတိုင်း လျှောက်တင်ပါ့မယ်၊ တပည့်တော်မရဲ့ နာမည်က လီစွမ်းမေပါ၊ ခွန်လွန်ကိုက်သား ဖြစ်ပါတယ်၊ တပည့်တော်မကို လိုက်နေတဲ့ ရန်သူတွေကတော့ မွန်ဂိုပြည်နယ်ထဲက တပည့်တော်မကို နောက်ယောင်ခံလိုက်နေခဲ့တာ ဖြစ်ပါတယ်၊ နောက်ဆုံး တပည့်တော်မဟာ ပြေးရင်း ဆရာတော်ရဲ့ ကျောင်းကို ရောက်ခဲ့ရပါတယ် ဘုရား၊ အသေးစိတ်ကတော့ တပည့်တော်မ မနက်ဖြန်မှ ရှင်းပြလျှောက်တင်ပါ့မယ်၊ ဆရာတော့်ဆီမှာ မြင်းနို့ အဆင်သင့်ရှိရင် တစ်ခွက်လောက် ပေးပါလား ဆရာတော်ဘုရား"

သည့်နောက် ဆရာတော် အုဝါက မြင်းနို့တစ်ခွက် ယူလာပြီး သူမကိုပေး၏။

လီစွမ်းမေမှာ ဆာလောင်မွတ်သိပ်ခြင်းဖြင့် မြင်းနို့ကိုယူ၍ သောက်လိုက်လေ၏။

* * *

## အခန်း(၃၅)

## မုဆိုးတို့ကို ကယ်တင်ခြင်း

လီစွမ်းမေ ...။

သူမသည် ထိပ်တန်းသိုင်းပညာသည်တစ်ဦး ဖြစ်၏။

လက်ရုံးရည်၊ နှလုံးရည်ပါ ပြည့်စုံ၏။

သူမသည် ခွန်လွန်ဂိုဏ်းဝင်တစ်ဦး ဖြစ်သည်။

လွန်ခဲ့သော တစ်နှစ်က သူမ၏ ဂိုဏ်းချုပ်ဆရာတော် ကျောင်းမင်း၏ အမိန့်အရ မွန်ဂိုလီးယားဒေသသို့ ကွင်းဆင်း လေ့လာရန် စေလွှတ်လိုက်၏။

သူမသည် ကန်းစုရေိုင်ကို ခွဲခွာပြီး အာလထိုင် တောင်ခြေရင်းသို့ ရောက်ခဲ့ပေသည်။ ၎င်းတောင်ကို ရွှေတောင်ဟု ခေါ်တွင်၏။

အဘယ့်ကြောင့်ဆိုသော် ထိုနေရာတောင်ခြေတွင် ရွှေကျင်ရာဒေသ ဖြစ်နေသောကြောင့်တည်း။

အာလထိုင် တောင်တန်းမှာ အခြား တောင်တန်းများလောက် မမြင့်သော်လည်း တောတောင်ထူထပ်၏။ လျှိုမြောင်စိမ့်စမ်းပေါ၏။



သားကောင် တိရစ္ဆာန်များ နိုအေင်းရာဒေသဖြစ်သည်။

သို့ဖြစ်၍ ဒေသခံ မွန်ဂိုလူမျိုးများသည် နွေရာသီ၌ ထိုနေရာသို့ လာရောက်ပြီး ရွှေကျင်၏။ အမဲလိုက်ကြ၏။

လီစွမ်းမေမှာ ထိုဒေသသို့ ရောက်စတွင် မွန်ဂိုလူမျိုးများ၏ မျက်နှာရှုံ့မဲ့ခြင်း၊ မကြည်ဖြူခြင်းကို တွေ့ကြုံရ၏။ မွန်ဂိုတို့သည် ဟန်လူမျိုးများကို မကြည်လင်ကြပေ။

သူ့အဖြစ်ကို လီစွမ်းမေက အံ့ဩမိ၏။

သူမသည် တစ်ညတာခိုနားရင်း တောလိုက်မုဆိုး၏ဘဝကို လေ့လာစုံစမ်း၏။

မုဆိုးများ၏ ပြောကြားချက်အရ ...

"အင်း ... အခုနှစ်မှာ ခါတိုင်းနှစ်နဲ့မတူတော့ပါဘူးဗျာ၊ ကျုပ်တို့ မုဆိုးတွေ အရင်က တောလိုက်ရင် ချုပ်ချယ်မှု မရှိပါဘူး၊ ဒါပေမယ့် အခုတော့ ဒီလို မဟုတ်တော့ပါဘူး"

"အို ... ဖြစ်ရလေခြင်းရှင်၊ ဘာလဲ သက်ဆိုင်ရာက အခွန်အကောက်တွေ စည်းကြပ်မလို့လား၊ ဒါမှမဟုတ် တောလိုက်ခွင့် မပေးလို့လားရှင်"

"မဟုတ်ပါဘူး ခင်ဗျာ၊ ကျုပ်တို့ကို ဘယ်သူမှ မကန့်ကွက်ကြပါဘူး၊ အခု ကျုပ်တို့ကို မတရား ချုပ်ချယ်ပြီး ခေါင်းပုံဖြတ်တဲ့ လူဆိုးတွေ ဓားပြတွေ ပေါ်နေလို့ပါ"

လီစွမ်းမေမှာ မဟုတ်မခံသူဖြစ်၍ သူမက ဆက်၍ မေးလိုက်သည်။

မုဆိုး ချားက အကြောင်းစုံ ရှင်းပြ၏။

မုဆိုးများသည် မျိုးရိုးစဉ်ဆက်အတိုင်း ရေကြည်ရာ မြက်နုရာ ဆိုသကဲ့သို့ မိသားစုတစ်ခုလုံး တစ်နေရာမှ တစ်နေရာသို့ တော လိုက်ရင်း ပြောင်းရွှေ့ နေထိုင်ကြလေသည်။ သူတို့နှင့်အတူ မွေးမြူ ထားသော နွား၊ ဆိတ်၊ တိရစ္ဆာန်များပါ ဆောင်ကြဉ်းသွားကြသည်။

ဤနှစ် နွေရာသီတွင် မုဆိုးများသည် အာလထိုင် တောင်ခြေရင်းသို့ ပြောင်းလာကြပြီး တာလပတ်တဲဖျင်ထိုး၍ နေထိုင်ကြသည်။

ဒုတိယနေ့ နံနက်သို့ ရောက်သောအခါ အနီးပတ်ဝန်းကျင်မှ မုဆိုး မိသားစုများ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားကြသည်။ ၎င်း တို့ မွေးမြူထားသော တိရစ္ဆာန်များပါ တစ်ကောင်မျှ မတွေ့ရတော့ ချေ။

ထိုအဖြစ်ကို ကြုံတွေ့ရသောအခါ မုဆိုးများအားလုံး ထိတ်လန့်ချောက်ချားခြင်း ဖြစ်ကုန်ကြ၏။

အာလထိုင် တောင်တန်းမှာ တောတောင်ထူထပ်သော်လည်း လူဆိုးဓားပြဟူ၍ မရှိဘူးပေ။

တောရိုင်းတိရစ္ဆာန်များမှာလည်း သမင်၊ ဂျီ၊ ဒိုင်၊ ဆတ်မှလွဲ၍ လူကိုရန်ပြုသော ကျား၊ ခြသေ့်လည်း မရှိခဲ့ချေ။

ထို့ကြောင့် မုဆိုးများ အံ့သြထိတ်လန့်ရင်း အချင်းချင်း တိုင်ပင်ညှိကြ၏။

နောက်ဆုံးတွင် တောင့်တင်းဖြတ်လတ်သော လူငယ် ဆယ်



ယောက်ကျော်ခန့်ကို ရွေးချယ်ပြီး တောထဲသို့ ဝင်စေကာ ပျောက်ဆုံးနေသော သူများကို ရှာဖွေစေသည်။

တောတွင်းသို့ နှစ်မိုင်ခန့်ဝင်မိလျှင် အားလုံး ထိတ်လန့်ခြင်း ဖြစ်ကြသည်။

အဘယ်ကြောင့်ဆိုသော် …

တောအုပ်တစ်နေရာတွင် သစ်ပင်ထက်တွင် လူငယ်, လူကြီး မိန်းမ ယောကျာ်း၊ ကလေးများတို့၏ ခေါင်းများကို ချိတ်ဆွဲထားသောကြောင့်တည်း။

သေချာလေ့လာကြည့်သောအခါ ယမန်နေ့က ပျောက်ဆုံးသွားကြသော မုဆိုးမိသားစုမှန်း သိရလေသည်။

ထို့အပြင် သစ်ပင်၏ ပင်စည်တွင် သွေးများဖြင့် ရေးသားထားသော မွန်ဂိုစာများကို တွေ့ရပြန်သည်။

စာတတ်သူ ဖတ်ရှုစေရာ အောက်ပါအတိုင်း သိရှိနားလည်ကြ၏။

မုတာလိုက်မုဆိုးများ သိစေရန် …

တောထဲဝင်ရောက် အမဲလိုက်သော မုဆိုးများကို ဆက်ကြေးမပေးသည့်အတွက် ယခုကဲ့သို့ ခေါင်းဖြတ်သတ်ကာ သတိပေးလိုက်သည်။

တွေ့ရှိသူများမှာ ထိတ်လန့်ခြင်းဖြစ်ကုန်ပြီး ပြန်၍လှည့်ပြေးမည်ပြုစဉ် သစ်ပင်ပေါ်မှ အော်သံကို ကြားလိုက်ရ၏။

မရှေးမနှောင်းမှာပင် သစ်ပင်ထက်မှ ရုပ်ရှည်ကြမ်းတမ်းပြီး အရုပ်ဆိုးအကျည်းတန်လှသော လူနှစ်ယောက် ခုန်ဆင်းလာလေ၏။

ထိုနှစ်ဦးမှာ အသက်ရွယ်ပျူဖြစ်၏။

ဆံပင်ရှုပ်ပွေပြီး ရှည်လျားလှ၏။

အသားအရေက ဝါကျင့်ကျင့်နှင့် မျက်လုံးအစုံက မှေး၏။

သူတို့နှစ်ဦး အသွင်က ကြောက်စရာ။

သူတို့ကိုယ်ပေါ်တွင် အဖြူရောင်ခြုံထည်ကို လွှမ်းခြုံထား၏။

အဖြူရောင်ခြုံထည်တွင် အနက်ရောင်ချည်မျှင်ဖြင့် လူရိုး ခေါင်းပုံ ထိုးချယ်ထားလေသည်။

ထို့အပြင် လည်ပင်းတွင် လူသေအရိုးများ ချိတ်ဆွဲထားပြန်သေးသည်။

တစ်ယောက်သောသူ၏ လက်ထဲတွင် မြွေခေါင်းနှစ်ခေါင်းပုံ သံရိုင်းဖြင့် ပြုလုပ်သည့် သံခေါင်းစွပ်ထားသော တုတ်ကောက် တစ်ချောင်းကို ကိုင်ဆောင်ထားသည်။

ကျန်တစ်ယောက်မှာ ရိုးရိုး တုတ်ကောက်ကို ကိုင်ဆောင်ထားသည်။

ထိုအခါ ထိုသူနှစ်ဦးတို့က မုဆိုးများအား ...

"ဟေ့ ... ခင်ဗျားတို့အားလုံး နားထောင်ကြစမ်း၊ ခင်ဗျားတို့ တောလိုက်လို့ရတဲ့ သားကောင်ထဲက တစ်ဝက်ကို ကျုပ်တို့ညီအစ်ကိုကို ဆက်သရမယ်၊ ကျုပ်တို့ညီအစ်ကို နှစ်ယောက် ဟောဒီ အာလထိုင် တောင်တန်းကို စိုးမိုးလိုက်ပြီ၊ အကယ်၍ ကျုပ်ပြောတဲ့အတိုင်း



မဆက်ရင် ဟောဒီ ချိတ်ဆွဲထားတဲ့ လူခေါင်းတွေကို နမူနာယူကြပေတော့ ..."

ညီဖြစ်သူ၏ စကားဆုံးသည်နှင့် မြွေခေါင်းတုတ်ကောက် ကိုင်ထားသူ အစ်ကို ဆက်၍ပြောပြန်သည်။

"မင်းတို့ ငါတို့ အာဏာကို ဖီဆန်ခဲ့တဲ့လူရှိရင် ပထမဦးဆုံး ကိုယ့်လည်ပင်း ကိုယ် လက်နဲ့ စမ်းကြည့်ထားကြ၊ ဟောဒီ တုတ်ကောက်ဟာ မင်းတို့လို လူဆယ်ယောက်ကို အသာလေး သေစေနိုင်တယ်၊ ကိုင်း အခုကစပြီး မင်းတို့ကို တောထဲဝင်ခွင့် တစ်လ နှင့်ပြုလိုက်မယ်၊ အဲ ... တစ်လကကျော်ရင်၊ အားလုံး ဆုတ်ခွာရလိမ့်မယ်၊ ဒီအချိန်ကျရင် မင်းတို့ ဖမ်းထားတဲ့ တိရစ္ဆာန်တွေကို စုပုံထား၊ ငါလာစစ်ဆေးမယ်"

ထိုသို့ပြောဆိုပြီး ထိုလူနှစ်ယောက်မှာ ကိုယ်ဖော့ပညာဖြင့် မှန်ပျံကျော်လွှားရင်း တောတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား၏။

တောလိုက်မုဆိုးများသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး ကြက်သေသေမိကြသည်။

အချင်းချင်း ပြောဆိုတိုင်ပင်ကြလေသည်။

မကျေနပ်သံများ ပေါ်လာ၏။

တောလိုက်၍ရသော သားကောင်ကို တစ်ဝက် မိုက်ကြေးသဘော ပေးရမည်ကို မကျေနပ်သည့်အပြင် လက်မခံနိုင်ကြချေ။ သို့ရာတွင် လက်မခံပါက ခေါင်းဖြတ်၍ အသတ်ခံရသော မုဆိုးများ၏ နမူနာ ရှိသေးသည် မဟုတ်ပါလား။

ထို့ကြောင့် မုဆိုးများ တောလိုက်နေရသော်လည်း တမှိုင်မှိုင် တထွေထွေနှင့် စိတ်ရွှင်လန်းပုံ မရကြပေ။

လီစွမ်းမေမှာ ၎င်းတို့ထံသို့ ရောက်လာကြသောအခါ လဝက်ခန့် ကျိုးနေလေပြီ။

သို့သော် မုဆိုးများမှာ သားကောင်အရနည်း၍ သောက စိတ်မော ရင်မောလျက် ရှိနေကြပြီး အတိတ်က အဖြစ်အပျက်က ပြန်ပြောင်း၍ သူမအား ပြောကြားမိကြသည်။

လီစွမ်းမေမှာ မုဆိုးများ၏ ဖြစ်အင် အခက်အခဲကို ကြားသိရသောအခါ မခံချင်သောစိတ်ဒေါသများ ထွက်ပေါ်လာသည်။

"စိတ်မပူကြပါနဲ့ရှင်၊ တစ်လပြည့်ရင် ကျွန်မ လာခဲ့ပါ့မယ်၊ ဒီလူရမ်းကား နှစ်ယောက်ကို ကျွန်မ အပြတ်ရှင်းပေးပါ့မယ်ရှင်၊ ဒါနဲ့ သူတို့ရဲ့ နာမည်ကကောရှင်"

သို့သော် မုဆိုးများကို တစ်ခါမျှသာ ကြုံတွေ့ရသောကြောင့် ကြောက်လန့်လွန်းသည့်အတွက် နာမည်ကိုပင် မမေးမိပေ။

"အေးလေ ... ရှိပါစေတော့၊ ရှင်တို့ ဘာမှ မကြောက်ကြပါနဲ့၊ ခါတိုင်းလိုပဲ တောလိုက်ကြပါ၊ တစ်လပြည့်တဲ့နေ့မှာ သူတို့ ဘယ်လိုမိုက်ကြေးခွဲမလဲဆိုတာ စောင့်ကြည့်ကြတာပေါ့ရှင်၊ ဒါပေမယ့် ကျွန်မ ဒီမှာရှိနေသမျှ ကာလပတ်လုံး သူတို့ လက်ဖျားနဲ့တောင် မတို့စေရပါဘူး၊ ကျွန်မ အားလုံး တာဝန်ယူပါတယ်"

တောလိုက် မုဆိုးများသည် လီစွမ်းမေအား ဤသို့ တစ်ယောက်တည်း ဆောင်ဓားကို လွယ်ကာ ခရီးထွက်ဝံ့သည်ကို လေ့လာ



သောအခါ သူမသည် အမှန်ပင် ထူးချွန်သော သိုင်းပညာရှင်တစ်ဦး ဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

•သို့ပါ၍ လီစွမ်းမေအား ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုရင်း တဲအတွင်းသို့ ဖိတ်ခေါ်၍ ဧည့်ခံကျွေးမွေး၏။

လီစွမ်းမေမှာ အားလပ်သည့်အခါ ၎င်းတို့နှင့်အတူ အမဲလိုက်ထွက်၏။ ငွေကျင်၏။

ဤသို့ဖြင့် အချိန်ကို ကုန်လွန်စေ၏။

* * *

အချိန်သည် ချားရဟတ်ပမာ လှည့်ပတ်၍ တစ်လဟူသောရက်သို့ ရောက်လာခဲ့လေ၏။

ရက်ချိန်းစေ့သော ရက်၊ မုဆိုးလေးငါးရာခန့်တို့သည် တစ်လတာအတွင်းမှာ ဖမ်းဆီးရမိခဲ့သော သားကောင်များကို ကွက်လပ်ကျွင်းပြင်တွင် စုပုံထားကြ၏။

သားကောင်အချို့ကို အရေခွံလွှာ၍ အချို့ကို အသေနှင့်အရှင် ရောထွေးကာ စုပုံထားရှိသည်။

နေဝင်ရီသရောအချိန် ...

တောအုပ်ထဲမှ စူးစူးဝါးဝါး အော်ဟစ်သံကို ကြားရတော့သည်။

အတန်ကြာသော် လူထူးဆန်းနှစ်ယောက်တို့သည် တုတ်ကောက် ကိုယ်စီကိုင်ရင်း မုဆိုးများရှေ့သို့ ဘွားခနဲ ပေါ်လာသည်။

သူတို့၏ ကိုယ်ဟန်လှုပ်ရှားမှုတို့သည် မြန်ဆန်သွက်လက်လွန်းလှသောကြောင့် မည်သည့်အချိန်က ရောက်လာမှန်းကိုပင် အကဲမခတ်နိုင်ပေ။

ထိုအခါ ဓားဝိဇ္ဇာ လိစွမ်းမေမှာ ဆိတ်ငြိမ်စွာဖြင့် တောလိုက်မုဆိုးများနှင့် ရောထွေးပြီး တစေ့တစောင်း အကဲခတ်နေ၏။

၎င်းအချိန်၌ လူထူးလူဆန်း နှစ်ယောက်တို့သည် ကွင်းပြင်ရှိရာသို့ တိုးလျှောက်လာပြီး သားကောင်များကို တစ်ချက် အကဲခတ်ကြည့်ရင်း အော်လိုက်သည်။

"ဟေ့ ... မင်းတို့ တစ်လလုံးလုံး ဖမ်းတာ ဒီလောက်ပဲ ပြသလားကွ၊ ပြီးတော့ မင်းတို့ ကျင်လို့ရတဲ့ ရွှေတွေကော တို့ကို ဆက်သဖို့ တစ်ဝက်မြန်မြန်ယူခဲ့စမ်း၊ နို့မဟုတ်ရင်တော့ လောကကြီးကို ကျောခိုင်းသွားရလိမ့်မယ်"

ထိုလူထူးလူဆန်း နှစ်ယောက်တို့သည် မတော်လောဘ၏ စေဆော်မှုက သူတို့ကို လွှမ်းမိုးထားတော့သည်။

သို့ပါ၍ တစ်ဆင့်တက်ပြီး ၎င်းတို့ ခဲယဉ်းစွာ ရှာဖွေစုဆောင်းထားသော ရွှေများကိုပါ မိုက်ကြေးခွဲလိုပြန်၏။

ထိုစကားကို ကြားရသောအခါ တောလိုက် မုဆိုးများ ပွက်ပွက်ညံသွားအောင် ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့၏။

ထိုအချိန်၌ပင် တုတ်ကောက်ကိုင်သူ လူထူးဆန်းက ခါးကို ရုတ်တရက် ကိုင်းလိုက်၏။



ထို့နောက် မြေပြင်ပေါ်မှ ကျောက်ငရုပ်ဆုံတစ်ခုကို ရုတ်တရက် ဖမ်းဆုပ်ပြီး လေထုထဲသို့ ပစ်တင်လိုက်၏။

တစ်ချိန်တည်းမှာပင် ပါးစပ်မှလည်း ကြုံးဝါး၍ အော်လိုက်လေသည်။

"ဟား ... ဟား ... ဟား ... မင်းတို့ ရွှေကို မအပ်ချင်ဘူးတော့။ ဒါဆိုရင် နမူနာ ကြည့်ထားကြ"

သူသည် ပြောပြောဆိုဆိုဖြင့် ကျောက်ငရုပ်ဆုံကို လူအုပ်ထဲသို့ ပစ်လွှတ်လိုက်၏။

တောလိုက်မုဆိုး နှစ်ယောက်ကို ထိမှန်၍ မြေပြင်ပေါ်သို့ လဲကျကာ ညည်းညူမြည်တမ်းလျက် ရှိတော့သည်။

တောလိုက်မိဆိုးများမှာ ရင်တမမဖြင့် အထိတ်တလန့် ဖြစ်ကာ နောက်သို့ နှစ်လှမ်း သုံးလှမ်းခန့် ဆုတ်ခွာသွားတော့၏။ ၎င်းအချိန်မှာပင် ကျန်လူထူးဆန်း တစ်ယောက်က တုတ်ကောက်ဖြင့် ကျောက်တုံးကြီးတစ်တုံးကို ကလော်၍ အပေါ်သို့ မြှောက်တင်လိုက်၏။

ထိုသို့ မြှောက်တင်လိုက်သော ကျောက်တုံးကြီးသည် သူ၏ အရှိန်ဖြင့် လေထုထဲသို့ လွင့်စဉ်သွားတော့၏။

ထိုသို့ ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို မြင်ရသောအခါ တောလိုက်မုဆိုးများ ကြောက်လန့် တုန်လှုပ်ကြပြီး အလုအယက် ပြေးကြကုန်သည်။

ထိုအခိုက် ဓားဝိဇ္ဇာ လီစွမ်းမေ၏ အသံလွင်လွင်ဖြင့် တစ်ချက်အော်ရင်း တစ်ရှိန်ထိုး ပြေးထွက်လာ၏။

ထိုနောက် အတွင်းအားကို ညှစ်ထုတ်ပြီး လေထုထဲသို့ ခုန်တက်၍ ဝဲဘက်ပခုံးဖြင့် ဝင်ဆောင့်လိုက်၏။

သူမ၏ ပြင်းထန်လှသော အတွင်းအားကြောင့် ကျောက်တုံးမှာ ကွဲအက်ထွက်သွားလေတော့သည်။

လူထူးဆန်း နှစ်ယောက်တို့သည် ၎င်းတို့ကို ယှဉ်နိုင်သောရန်ဘက်ကို ရုတ်တရက် တွေ့ရသောအခါ ထိတ်လန့်သွားကြသည်။

ထိုအခိုက် ဓားဝိဇ္ဇာ လီစွမ်းမေသည် ပျံလွှားငှက်တစ်ကောင်ပမာ ဆင်းသက်လာရင်း ဆောင်ဓားကိုဆွဲ၍ ကြိမ်းမောင်းလိုက်၏။

"ဟောကောင်တွေ ကိုယ့်မှာ အင်အားရှိတာနဲ့ နိုင်ထက်စီးနင်းဗိုလ်ကျချင်သလား၊ ဟောဒီအာလထိုင်တောင်တန်းဟာ အများပြည်သူပိုင်စိုးတာရှင့်၊ သူတို့ဘာသာ သူတို့လုပ်အားနဲ့ ရှာဖွေတဲ့ ပစ္စည်းနဲ့ တိရစ္ဆာန်သားကောင်တွေကို ရှင်တို့ကို ဘာကြောင့် တစ်ဝက်ခွဲပေးရမှာလဲ၊ ရှင်တို့ ဘယ်သူတွေလဲ၊ နာမည်မြန်မြန်ပြောစမ်း"

ထိုလူယုတ်မာ နှစ်ဦးတို့သည် ရက်စက်ကြမ်းကြုတ်သောအကြည့်ဖြင့် လီစွမ်းမေကို အကဲခတ်၍ တဟားဟား ရယ်မောရင်းဆိုပြန်၏။

"ဟား ... ဟား ... ဟား ... မင်းဟာ လူ့ပြည်မှာ ကြာကြာမနေချင်ဘူးထင်တယ်၊ မဆိုင်တဲ့ကိစ္စမှာ ဘာကြောင့် ဝင်ရှုပ်ရတာလဲ၊ တို့နာမည်ကတော့ ကျင်းတောင် ညီနောင်ပါပဲ၊ သူက ဟူးရန်ထိုလို့



ခေါ်တယ်၊ ငါကတော့ ဟူရန်ကျိန်းတဲ့၊ မင်းရဲ့နာမည်ကို မြန်မြန်ပြောစမ်း၊ ပြောပြီးတာနဲ့ ငါတို့ ညီနောင်တွေက မင်းကို မရဏာလမ်းကို ပို့လိုက်မယ်"

လီစွမ်းမေက ရယ်ရင်း သူမ၏ နာမည်ကို ပြောပြလိုက်၏။

ထို့နောက် ဆောင်ဓားကို ရုတ်ခြည်း ဝှေ့ရမ်းရင်း ရှို့ခနဲ ရှိုးခနဲ မြည်သံဖြင့် ကျင်းတောင် ညီနောင်နှစ်ဖော်ကို လျှပ်တစ်ပြက်တိုက်စစ်ဆင်နွှဲလေတော့သည်။

ဟူးရန်တိုက နောက်သို့ဆုတ်ရင်း သူ၏ညီလေးကို အော်၍အမိန့်ပေးလိုက်သည်။

"ကဲ ... ညီလေး မင်း သူနဲ့ အရင်တိုက်နှင့်ကွာ"

ထိုစကားကြားသည်နှင့် ဟူးရန်ကျိန်းက တုတ်ကောက်ကိုင်ရင်း ရှေ့သို့တိုးလာ၏။

ထိုအခါ ဓားဝိဇ္ဇာ လီစွမ်းမေက တစ်ဦးချင်း ယှဉ်ပြိုင်ရမည်ကိုသိ၍ လက်မနှေးတော့ဘဲ ဒလကြမ်း တိုက်ခိုက်လေတော့၏။ လျှပ်တစ်ပြက်အတွင်းမှာ လီစွမ်းမေက ဓားကို ဝှေ့ရမ်းပြီး သိုင်းကွက်နှစ်ဆယ့်ရှစ်ကွက်ကို ဆင့်ကာ ဆင့်ကာ မုန်တိုင်းအောင်သည့်ပမာတိုက်ခိုက်လိုက်သည်။

သူ၏ ပြင်းထန် ထက်မြက်လှသော သိုင်းကွက်ကြောင့် ဟူးရန်ကျိန်းမှာ ဖရိုဖရဲဖြင့် နောက်ဆုတ်သွားတော့၏။

သူသည် နောက်ဆုတ်ရင်းက တုတ်ကောက်ကို ကပျာကယာဝှေ့ရမ်း၍ ကိုယ့်ကိုယ်ကို ခုခံကာကွယ်လိုက်ရ၏။

လက်နက်ချင်း တွေ့ထိသံကြောင့် တချွင်ချွင် မြည်သွားတော့သည်။

ဟူးရန်ကျိန်းသည် အရှုးအမှုး ခုခံရာ နှစ်ဆယ့်ခုနစ်ကွက်မြောက်တွင် နောက်ဆုံးသိုင်းကွက်ကို မရှောင်နိုင်တော့ပေ။

သူ သတိလစ်သွားသည်နှင့် လီစွမ်းမေမှာ အခွင့်ကောင်းကို အရယူ၍ ဓားဖြင့် သူ၏ဦးခေါင်းဆီသို့ ဝှေ့ရမ်းလိုက်၏။

“ဝိုး ...”

ဟူးရန်ကျိန်းသည် ဒိတ်ခနဲဖြစ်ရင်း ကပျာကယာ ရှောင်လိုက်သောအခါ သူ၏ ရှုပ်ပွေတွန့်လိမ်သော ဆံပင်တို့သည် အဆုပ်လိုက် ပါသွားတော့သည်။

ဟူးရန်ကျိန်းသည် အလန့်တကြားဖြစ်ကာ ခုန်ဆုတ်သွားတော့သည်။

ထိုအခါ လီစွမ်းမေက သူ၏ ဆောင်ဓားကို ပြန်ထည့်လိုက်၏။

“ဟား ... ဟား ... ဟား ... မဖြစ်စလောက် ပညာနဲ့ တောမှာ မင်းမူချင်လို့လား၊ ရှင် ဆရာအသစ်ရှာပြီး ပညာထပ်ဆည်းပူးပါဦး ရှင်”

သူမ၏ စကားမဆုံးမီမှာပင် လီစွမ်းမေသည် လေဝှေ့သံ တစ်ချက်ကို ရုတ်ခြည်းကြားလိုက်ရ၏။

ဝဲဘက်မှ တောက်ပြောင်သော တုတ်ကောက်တစ်ချောင်းသည်



သူမ၏ မျိုင်းကြားသို့ လျှပ်တစ်ပြက်အတွင်းမှာ ရောက်ရှိလာတော့သည်။

ဟူးရန်ထိုမှာ သူ၏ညီ အရေးနိမ့်ခဲ့သည်ကို မြင်ရသောကြောင့် လီစွမ်းမေ၏အလစ်တွင် ရှောင်တခင် ဝင်တိုက်လိုက်ခြင်းဖြစ်၏။

ထိုအခါ လီစွမ်းမေက လက်ပြန်တစ်ချက်ပေး၍ ခုခံလိုက်၏။

ပြီးနောက် ရန်သူ၏တိုက်ကွက်ကို ရှောင်ရှားခုခံရင်း ဆောင်ဓားကို ဒလကြမ်း ဝှေ့ရမ်းကာ ဟူးရန်ထို၏ အောက်ပိုင်း ပေါင်ဆီသို့ ဦးတည်၍ တိုက်ခိုက်သည်။

ဟူးရန်ထိုသည် တုတ်ကောက်ကို ဘယ်ညာ ဝှေ့ကာ ပတ်ကာ လှည့်ပတ်ပြီး အပြင်းအထန် ခုခံလေသည်။

သိုင်းကွက် သုံးဆယ်ခန့် တိုက်ခိုက်ပြီးသောအခါ ဟူးရန်ထို၏ ပညာအဆင့်သည် သူ့ညီထက်သာလွန်မှန်း လီစွမ်းမေ အကဲခတ်မိတော့သည်။

၎င်းအပြင် ကြိမ်ဖြင့် ပြုလုပ်ထားသော တုတ်ကောက်မှာ အထဲတွင် စိမ်ထားဖြင့် တုတ်ခိုင်စေရန် စတီးကြိုးဖြင့် မွှမ်းမံပြုလုပ်ထားရှိသည်။

သို့ဖြစ်၍ သူမ၏ဓားမှာ မည်မျှပင် ထက်မြက်စေကာမူ ၎င်းကြိမ်တုတ်ကောက်ကို ပိုင်းဖြတ်နိုင်စွမ်း မရှိပေ။

ကြောက်မက်ဖွယ်ရာ ကောင်းသည်ကား ထိုကြိမ်တုတ်ကောက်ထိပ်မှ မြွေခေါင်းနှစ်ခုပင် ဖြစ်၏။

ထိုမြွေခေါင်းနှစ်လုံးကို စပလိန်ဖြင့် ယှက်နွယ်ထား၍ တိုးချည်

ဆန့်ချည် ပြုလုပ်နိုင်ပြီး ရန်သူလစ်သည်နဲ့ အခွင့်အကောင်းယူ
သွေးကြောကို လှမ်းပိတ်နိုင်၏။

ပညာချင်း မတိမ်းမယိမ်း ဖြစ်သည်မို့ လီစွမ်းမေ မပေါ့ဆ
ထို့ကြောင့် သူမ၏ လက်စွဲဖြစ်သော ခွန်လွန်ကြယ်တံခွ
သိုင်းကွက်ဖြင့် အစွမ်းကုန် တိုက်ခိုက်လေတော့သည်။

ထိုအခါ လီစွမ်းမေ၏ ဆောင်ဓားသည် ငွေလိုင်းရောင်ဖြ
တန်းပမာ အထက်အောက် ပလူပျံရင်း သိုင်းကွက်တစ်ရာကျော်
ယှဉ်ပြိုင်တိုက်ခိုက်ပြီးလေပြီ။

ထိုသို့ အချိန်ကြာမြင့်စွာ တိုက်ခိုက်ကြသော်လည်း အရှုံးအနိုင်
မပေါ်သေးပေ။

ထိုအခါ ညီဖြစ်သူ ဟူးရန်ကျိန်းက သိုင်းစည်းမျဉ်းကို ဂ
မပြုနိုင်တော့ဘဲ ရှေ့သို့ တိုးလာရင်း ဆိုလိုက်သည်။

"အစ်ကို ဒီအမျိုးသမီးကို အစ်ကို တိုက်ခိုက်ဖို့မလိုပါဘူ
ကျွန်တော့်တာဝန် ထားပါ"

ထိုသို့ ပြောကြားနေရသော်လည်း အမှန်တကယ် လီစွမ်းမေ
ကို နှစ်ယောက်နှင့် တစ်ယောက် ညှပ်တိုက်လို၏။

ထိုအခိုက် ဓားဝိဇ္ဇာ လီစွမ်းမေက ရုတ်တရက် တစ်ချက်အေ
လိုက်၏။ သူက လျှပ်တစ်ပြက် တိုက်စစ်ဆင်ခြင်းဖြစ်သည်။

ဟူးရန်ထိုမှာ ညာဘက်လက်ဖြင့် တုတ်ကောက်ကို တွဲလော
ကြီး ဆွဲထားရသည်။

ဝဲဘက်လက်မှာ သူ၏ ချိုင်းကြားကိုဖိထားလေ၏။



ထိုစဉ် သွေးလက်ချောင်းကြားမှ တစိမ့်စိမ့် ယိုစီးကျဆင်းလာ
လေတော့သည်။

ဟူးရန်ထိုက မျက်နှာညိုမဲရင်း သူ၏ညီကို လှမ်းအော်လိုက်
၏။

"ညီလေး လစ်ကြစို့၊ တို့ မဟန်တော့ဘူးကွ"

ဟူးရန်ကျိန်းသည် သူ၏အစ်ကို ဒဏ်ရာရသည်ကို မြင်လိုက်
ရသည်နှင့် ဒေါသထွက်ကာ တုတ်ကောက်ကို ဝှေ့ရမ်းပြီး သူသေ
ကိုယ်သေ သတ်ဖြတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ၏အစ်ကို ဟူးရန်ထိုက အချိန်မီ ဟန့်တားလိုက်
၏။

"ဒီမယ် ညီလေး၊ ကလဲ့စားချေတယ်ဆိုတာ သုံးနှစ်ကြာလည်း
အချိန်မနှောင်းပါဘူးကွာ၊ ဒီမယ် လီစွမ်းမေ မင်းကို တစ်နှစ်ကြာ
ရင် ထပ်တွေ့ကြသေးတာပေါ့ကွာ"

"ဟွန့် ... ဒီမှာ လူရမ်းကားတွေ၊ မင်းတို့ သေချာမှတ်ထား၊
တစ်နှစ်မဟုတ်ဘူး၊ ငါးနှစ် ဆယ်နှစ်ကြာတဲ့အတိုင်း မင်းတို့ မကျေ
နပ်ရင် ငါ့ဆီလာပြီး ယှဉ်ပြိုင်နိုင်တယ်၊ ငါ့ရဲ့ ထုံးစံကတော့ ပထမ
တစ်ခါ ညှာညှာတာတာပါပဲ၊ နောက်တစ်ခါတွေ့ရင်တော့ နင်တို့ကို
မညှာနိုင်တော့ဘူး"

သူမ၏ စကားကို ကြားရသောအခါ တောလိုက်မှဆိုးများ
သည် ဝမ်းသာအားရဖြင့် ကောင်းချီးသြဘာပေးကြကုန်သည်။

ထိုလူပုတ်မာ နှစ်ယောက်တို့မှာ လီစွမ်းမေကို အခဲမကြေသော အကြည့်ဖြင့် တစ်ချက်ကြည့်ပြီး လှည့်ပြေးထွက်သွားကြသည်။

စားဝိဇ္ဇာ လီစွမ်းမေမှာ ရန်သူကို အနိုင်ရလိုက်ပြီဖြစ်၍ ထိုနေရာမှ ခွဲခွာရန် နှုတ်ဆက်လိုက်သည်။

တောလိုက် မုဆိုးများအား နဂိုမူလကဲ့သို့ လုပ်ကိုင်စားသောက်ရန် ပြောကြားပြီး ခရီးဆက်နှင်ခဲ့လေ၏။

* * *



## အခန်း(၃၆)

## ရန်ငြိုး

မနှင်းချိန်ခါ ...။

သူမသည် ခုလွန်မြို့မှ ဝယ်ခဲ့သော တောင့်တင်းသန်မာသည့် မြင်းညိုတစ်ကောင်ကို စီး၍ အုးလီရာစူးထိုင် မြို့သို့ ဦးတည်ကာ ခရီးဆက်ထွက်ခဲ့သည်။

ထိုခရီးတွင် လီစွမ်းမေမှာ မြင်းတစ်စီး လူတစ်ယောက်တည်း ဖြစ်၏။

တောင်တန်း အထပ်ထပ်ကို ဖြတ်ကျော်လာသောအခါ တောတောင်ကြား တစ်နေရာသို့ ရောက်သောအခါတွင် မှောင်စပျိုးနေလေပြီ။

ပထဝီအနေအထားက ကြောက်စရာကောင်းသဖြင့် လီစွမ်းမေမှာ အထူးသတိဝီရိယထားပြီး မြင်းကို ဖြေးညင်းစွာ နှင်လာ၏။

ထိုအခိုက် မြားတစ်စင်း အဟုန်ပြင်းစွာ ရောက်လာတော့သည်။

လီစွမ်းမေသည် သွက်လက်ဖျတ်လတ်သူ ပီပီ မြင်းပေါ်၌ပင် ခါးကို ခပ်ယွန်းယွန်းလှည့်၍ ထိုမြားကို ရှောင်တိမ်းလိုက်လေ၏။

သူမသည် ပတ်ဝန်းကျင်ကို အကဲခတ် လေ့လာရင်း ကြည့် လိုက်၏။

ထိုအခိုက် တောင်ကုန်းပေါ်မှ လူတစ်ယောက်၏ အော်သံကို ကြားလိုက်ရသည်။

"ဟား ... ဟား ... ဟား ... လီစွမ်းမေ၊ တစ်နှစ်ဆိုတဲ့ အချိန် အချက်ကို မေ့သွားပြီလား၊ သတ္တိရှိရင် တောင်ပေါ်ကို တက်ခဲ့ပါ"

လီစွမ်းမေက အသံရှင်သည် ကျင်းတောင် ညီနောင်နှစ်ယော မှန်း ချက်ချင်း အကဲခတ်မိတော့သည်။

ထို့ကြောင့် ဒေါသနော၍ ချက်ချင်းဖြေလိုက်၏။

"ဩော် ... ရှင်တို့ကိုး"

သူမသည် ပြောဆိုရင်းက မြင်းဇက်ကြိုးကို ဆွဲလှည့်လိုက် သည်နှင့် မြင်းညိုမှာ တောင်ကြားလမ်းအတိုင်း တောင်ကုန်းပေါ်သို့ တဟုန်ထိုး ပြေးတက်သွားလေတော့သည်။

ကျောက်ဂူကိုမြင်တွေ့ရသောအခါ လီစွမ်းမေ အလွန်အံ့ဩ၏။

ထိုအခါ ပျောက်ကွယ်စ နေမင်းသည် အနောက်တောင်တန်း တွင် မေးတင်စပြုနေလေပြီ။

ဝိုးတဝါးအလင်းရောင်တွင် လေးထောင့်ပုံစံရှိသော အုတ်ဂူ သည် ထူးခြားဆန်းကြယ်သော ပုံသဏ္ဌာန်ဖြင့် အသွင်ဆောင်နေတော့ ၏။



ဂူ၏ရှေ့တွင် ကြီးမားသော ကျောက်ပြားကြီးတစ်ချပ် ရှိလေ သည်။

ထို့ကြောင့် အုတ်ဂူရှေ့တွင် လူတစ်ရပ်ခန့်မြင့်သော ဝင်ပေါက် တစ်ပေါက်ကို တွေ့ရှိရသည်။

လီစွမ်းမေသည် မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ ထို အချိန် လှိုဏ်ဂူအတွင်းမှ ခပ်အေးအေး ပြောလိုက်သောအသံကို ကြားလိုက်ရ၏။

"ဟား ... ဟား ... ဟား ... တို့ကတော့ ဓားဝိဇ္ဇာဖြစ်တဲ့ မင်း ကို [illegible]ပါတယ်၊ သတ္တိရှိရင် အထဲကို ဝင်ခဲ့လေ၊ ကြောက်တတ် ရင်တော့ မဝင်နဲ့ပေါ့ကွာ"

လီစွမ်းမေသည် အသံခပ်ပြတ်ပြတ်ဖြင့် ပြန်အော်လိုက်၏။

"ရှင်တို့ ဂူထဲမှာ ပုန်းအောင်းတယ်ဆိုပြီး မဝင်ဝံ့ဘူးထင်လို့ လား"

သူမသည် စကားဆုံးသည်နှင့် ကိုယ်ကို တစ်ချက်တိမ်းလိုက် ပြီး ဂူထဲသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။

ဂူထဲမှာ ရှေးမွန်ဂို မင်းမျိုးမင်းနွယ်တို့စခန်းချခဲ့ဟန်တူသည်။

ဂူ၏ အလယ်ဗဟိုတည့်တည့်တွင် ကျောက်ပြားဖြင့် မွမ်းမံ ခင်းကျင်းထားသော လမ်းတစ်လမ်းကို တွေ့ရ၏။ ထိုလမ်းအဆုံး တွင် လိပ်နံတံခါးတစ်ပေါက်ရှိ၏။

ထိုတံခါးပေါက်၏ မျက်နှာချင်းဆိုင်တွင် ခန်းမကျယ်ကြီး

တစ်ဆောင်ရှိသည်။ အခန်းကျယ်၏ နံဘေးတစ်ဖက်တစ်ချက်တွင် ကြာပန်းခွက်ဖြင့် ဆီမီးဆယ့်နှစ်ခုစီ ထွန်းညှိထား၏။

ထိုးမှုပ်ရမ်းနေသည့် ပိုးတဝါးမီးရောင်ကြောင့် ဂူထဲတွင် ကြောက်မက်ဖွယ် ပိုကောင်းနေသည်။

အခန်း၏ ဗဟိုတည့်တည့်တွင် ထုထယ်ကြီးမားလှသော ကျောက်အခေါင်းတစ်ခု ချထား၏။

အခေါင်းကို ကျယ်ဝန်းလှသော အုတ်ခုံတစ်ခုပေါ်တွင် တင်ထားသည်။ ထိုကျင်းတောင် ညီနောင်မှာ ရက္ခစိုးကဲ့သို့ ဝဲယာ တစ်ဖက်တစ်ချက်စီတွင် ထိုင်နေကြသည်။

၎င်းတို့နှစ်ယောက်မှာ မူလကပင် အကျည်းတန်ပြီး ရုပ်ရည်ကြမ်းတမ်းသူများ ဖြစ်ကြ၏။ ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာပတ် ဝန်းကျင်တွင် မြင်ရသောအခါ သာမန်အချိန်ထက် သာ၍ ကြောက် ခမန်းလိလိ ဖြစ်နေတော့သည်။

သို့သော် လီစွမ်းမေက မထီမဲ့ဟန်ဖြင့် တစ်ချက်ရယ်ပြီး ပြောလိုက်၏။

"အို ... လက်စသတ်တော့ ရှင်တို့ လူမြင်မခံဝံ့လို့ ဂူထဲမှာ ပုန်းအောင်းပြီး အလောင်းကောင်နဲ့ အဖော်လုပ်နေတာကိုး၊ ဟား ... ဟား ... ဟား တစ်နှစ်အတွင်းမှာ ရှင်တို့ရဲ့ သိုင်းပညာ အတော် တိုးတက်မှာပေါ့ရှင်၊ ဟူးရန်ထိုရဲ့ ဒဏ်ရာကော ပျောက်ပြီးလားရှင်"

ခနဲ့သော အသံကို ကြားရသောအခါ ဟူးရင်ကျိန်း ဒေါသကို မချုပ်တည်းနိုင်ဘဲ ဝုန်းခနဲ ထရပ်လိုက်၏။



"ဒေါသမကြီးနဲ့ ညီလေး"

အစ်ကိုဖြစ်သူ ဟူးရန်ထိုက ဟန့်တားရင်း တစ်ဖက်သို့လှည့်၍ တည်ငြိမ်စွာဖြင့် ဆက်ဆိုလိုက်၏။

"မင်း၊ တို့ကို ခနဲ့စရာမလိုပါဘူး၊ တို့ညီနောင်တွေဟာ ပြောတဲ့ အတိုင်း ကတိတည်တဲ့လူတွေပါ၊ အဲဒီတော့ ပထမတစ်ခါတုန်းက အကြွေးကို အခုတစ်ကြိမ်မှာ အတိုးရော အရင်းပါ တစ်ပါတည်း ဆပ်ပေးမယ်၊ ဟောဒီမှာ မင်းအတွက် အခေါင်း အဆင်သင့်ရှိတယ်၊ အဲဒီတော့ တစ်ပွဲတစ်လမ်းလောက် စမ်းကြည့်ကြရအောင်"

"အပိုတွေ ပြောမနေနဲ့၊ ကိုယ့်အတွက် ကိုယ်သုံးပေါ့ရှင့်၊ ကိုယ့်ကို ပြောနေတာကြားတယ်၊ သတိထားပေတော့"

လီစွမ်းမေသည် ဖြေကြားရင်းက ဆောင်ဓားကို အသံမြည်အောင် ဆွဲထုတ်လိုက်သည်။

ဟူးရန်ထိုသည် ခါးအတန်ကိုင်းရင်း အုတ်ခုံအောက်မှ တုတ်ကောက်တစ်ချောင်း ဆွဲထုတ်လိုက်သည်။ သူ၏တုတ်ကောက်ထိပ်ဖူးတွင် ငွေသံရည်ထုလုပ်ထားသော လူခေါင်းတစ်လုံး အပိုပါရှိလာ၏။

သူ၏ တုတ်ကောက်ကို ဆကိုင်ရင်း ကွက်လပ်ဆီသို့ လျှောက်လာသည်။

"ဟား ... ဟား ... ဟား တို့တစ်တွေဟာ အရင်တစ်ခါ ရှုံးနိမ့်ခဲ့ပေမယ့် ဒီတစ်ခါတော့ မင်းကို မှတ်လောက်အောင် ဆုံးမရမှာပေါ့ကွာ၊ ကဲ ... ဘုရား သိကြားသာ ဆုတောင်းပေတော့ ..."

စကားဆုံးသည်နှင့် သူသည် တုတ်ကောက်ကို ဝှေ့ရမ်းလိုက်ရာ တဝှီဝှီမြည်ဟီးသွားလေတော့သည်။

လက်ထဲမှ တုတ်ကောက်သည် မြွေဟောက်ပါးပြင်းထောင်လာသည့်ပမာ လီစွမ်းမေ၏ မျက်နှာဆီသို့ ရောက်သွားသည်။

လီစွမ်းမေမှာ လက်ပြန်တစ်ချက်ပေးလိုက်သောအခါ တုတ်ကောက်ထိပ်မှ လူခေါင်းကို ထိမှန်ပြီး အသံကျယ်လောင်စွာ ပွဲတင်ထပ်သွားလေတော့သည်။

ထိုအခါ လီစွမ်းမေသည် အလန့်တကြား ဖြစ်သွားသည်။

လီစွမ်းမေမှာ တုန်လှုပ်ခြင်း ဖြစ်သွား၏။

အတွင်းအားချင်း ညီမျှလျက် ရှိနေသည်။

ထို့ကြောင့် သူမသည် ညာဘက်လက်တွင် ကိုင်ထားသောဓားကို ရုတ်ခြည်းရှောင်ဖယ်ပြီး တစ်ချိန်ထဲမှာ ဝဲဘက်လက်ကို ချက်ချင်းပြန်ရုပ်၍ ဟူးရန်ထို၏ ကျောရှိရာသို့ လှမ်းရိုက်လိုက်၏။

ထိုသို့ သူမက လှုပ်ရှားမှုပြုလိုက်သည်နှင့် ဟူးရန်ထို၏ တုတ်ကောက်မှာ ရုတ်တရက် လွဲ၍ လီစွမ်းမေ၏ ငယ်ထိပ်ကို တအားရိုက်ချလိုက်တော့သည်။

ထိုရိုက်ချက်ကို မြင်သောအခါ လီစွမ်းမေက ဓားကိုကိုင်ပြီး အပေါ်သို့ တစ်ချက်ပင့်တင်၍ ကန့်လန့်ဖြတ် ကာလိုက်၏။

ရန်သူ၏ တုတ်ကောက်ကို လွှမ်းမိုးခြင်းကို ခုခံနိုင်ရန် အလို့ငှာ အစွမ်းကုန် ကြိုးစားသည်။



ထိုအခိုက် လီစွမ်းမေသည် လေးငါးပတ်ခန့် ဒလကြမ်· လှည့်ပတ်လိုက်၏။

ပြီးနောက် လျှပ်တစ်ပြက်အတွင်းမှာ ဝဲဘက်လက်ကို အားကုန် ဝှေ့ရမ်းလိုက်သည်။

တဂျိုးဂျိုးမြည်ရင်း သူမ၏လက်မောင်းမှ မားသွားကဲ့သို့ သံချွန်လက်နက်ပုန်းများ လေထုတဲမှ ဟူးရန်ထိုဆီသို့ ပျံသန်းသွားလေတော့သည်။

ထိုလက်နက်ပုန်းမှာ သူမ အထူးရွေးချယ် လေ့ကျင့်ထားသော လက်နက်ပုန်းပင်ဖြစ်၏။

ထိုရှောင်တစ်ခင် တိုက်စစ်ကို ဟူးရန်ထို ရှောင်ရှားနိုင်စွမ်း မရှိပေ။

အကျည်းတန်သော ဟူးရန်ထို၏ ပခုံးတစ်ဖက်တစ်ချက်စီတွင် လက်နက်ပုန်း တစ်ချက်စီ ထိသွားလေသည်။

ထိုအခါ ဟူးရန်ထိုမှာ ဒဏ်ရာပြင်းထန်စွာ ရသွားပြီး တစ်ပတ်လှည့်လိုက်၍ ဆယ်ကိုက်အကွာသို့ ချက်ချင်း ရှောင်ရှားသွားတော့သည်။

နာကျင်လွန်းသောကြောင့် ဟူးရန်ထိုမှာ သူ၏ညီဘက်သို့ လှည့်ပြီး...

"ဒီမှာ ညီလေး သိုင်းစည်းကမ်း ချိုးဖောက်တဲ့ မိန်းမကိုလည်း ကျုပ်က စည်းကမ်းစောင့်ထိန်းဖို့ မလိုတော့ဘူး၊ အဲဒီတော့ တို့လည်း နှစ်ယောက်ဝိုင်းတိုက်ကြတာပေါ့"

ထိုစကားကို ကြားရသောအခါ ဟူးရန်ကျိန်း အကြိုက်တွေ့သွားပြီး တုတ်ကောက်မှ မွေ့ယမ်း၍ တိုက်ပွဲသို့ ချက်ချင်း ဝင်လာတော့၏။

၎င်းတို့၏ လက်နက်နှစ်ခုမှာ တဝိုဝိုမြည်ရင်း လီစွမ်းမေကို လွှမ်းမိုးထားသည်။

လီစွမ်းမေမှာ အုတ်ခုံကို ပတ်ပြေးပြီး ခုခံရှောင်ရှားရ၏။ သို့ဖြစ်၍ သုံးယောက်သား ချားရဟတ်ပမာ လည်ပတ်ပြီး ပြေးရင်း တိုက်ခိုက်နေကြ၏။

လီစွမ်းမေ၏ သိုင်းပညာအဆင့်မှာ တစ်ဦးချင်း ယှဉ်ပြိုင်ပါက ၎င်းတို့ကို ကောင်းစွာ ယှဉ်ပြိုင်နိုင်သည်။

သို့သော် ယခုကဲ့သို့ နှစ်ယောက်နှင့်တစ်ယောက် ဝိုင်းဝန်းတိုက်ခိုက်သောအခါ အချိန်ကြာလာသည်နှင့်အမျှ မိန်းကလေးဖြစ်သော လီစွမ်းမေမှာ မောပမ်းလာပြီး ရှုံးနိမ့်ရလေတော့သည်။

သို့သော် လီစွမ်းမေမှာ ဝါရင့်သိုင်းသမားပီပီ အခြေအနေမဟန်မှန်း ရိပ်စားမိသည်နှင့် သူမ၏ကျောပြင်ကို အုတ်နံရံသို့ ကျောကပ်လိုက်လေ၏။

သို့မှသာ အနောက်ဘက်မှ တိုက်ခိုက်သော ရန်သူကို စိုးရိမ်စရာမလိုတော့ပေ။

၎င်းပြင် သိုင်းကွက်ကို ချက်ချင်း ပြောင်းလဲပြီး ခွန်လွန်ဂိုဏ်းမှ နာမည်ရ ပန်းကြော သိုင်းကွက်ကို အသုံးပြုရင်ဆိုင် တိုက်ခိုက်သည်။



ထိုသိုင်းကွက်မျိုးသည် ခံစစ်ကို အဓိကထား၍ ခုန်ပျံတိုက်ခိုက်သည့်နည်း ပါသည့်ပြင် ရန်သူကို ခုခံကာကွယ်ရင်း အလစ်တွင် ရန်သူကို ပြန်လည်ထိုးနှက် တိုက်ခိုက်နိုင်သော သိုင်းကွက်မျိုးပင်။

အကွက် နှစ်ရာကျော်ခန့် ယှဉ်ပြိုင်တိုက်ခိုက်ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ရေရှည်တိုက်ပွဲ ဆင်နွှဲနေရ၏။

အချိန်ကြာညောင်းအောင် တိုက်ခိုက်သော်လည်း အနိုင်မရနိုင်သောကြောင့် ရန်သူညီနောင်နှစ်ဦးတို့မှာ ရှက်ရမ်းရမ်းလာလေတော့၏။

သို့သော် အခြေအနေမှာ ရှေ့မတိုးဝံ့ နောက်မဆုတ်သာ ဖြစ်နေသည်။

ကျောင်းတောင်ညီနောင် နှစ်ဖော်တို့သည် လွန်ခဲ့သည့်နှစ်က ရှုံးနိမ့်၍ မခံရပ်နိုင်လွန်းသည့်အတွက် နှစ်ယောက်သား တစ်နှစ်တိတိ ကြိုတင်၍ လေ့ကျင့်ခဲ့သည်။

မိန်းကလေးတစ်ယောက်ကို အလွယ်တကူ နိုင်လိမ့်မည်ဟု ကျောင်းတောင်ညီနောင်က တွက်ဆထားသည်။

၎င်းပြင် ထိုရှေးဟောင်းအုတ်ဂူကို ရှာဖွေပုန်းအောင်းရသည်မှာ ရှုပ်ရှုပ်ယှက်ယှက်ရှိ၏။ အုတ်ဂူတဲတွင် မြေအောက်တိုက်ခန်းရှိသည့်အပြင် စက်လှေတ်များ တပ်ဆင်ထား၏။

ပထမ လီစွမ်းမေကို သိုင်းပညာဖြင့် အနိုင်ယူယှဉ်ပြိုင်ရန်ပင်။ သို့သော် လက်တွေ့မှာ မလွယ်ကူမှန်း သိသာပေါ်လွင်နေသည်။

အတန်ကြာ ဆက်လက် တိုက်နိုက်ကြပြီး ၎င်းတို့ချင်း သိုင်းလှို့ဖွက်စကားဖြင့် တိုင်ပင်ကြတော့သည်။

ထိုနောက် ကိုယ်ကို ရုတ်ခြည်း လှဲချပြီး ဒလိမ့်ကောက်ကွေး လိမ့်ရင်း လီစွမ်းမေကို ခြေထောက်ဖြင့် ကန်လေ၏။

၎င်းတို့ သိုင်းကွက်ကို ရုတ်တရက် ပြောင်းလဲတိုက်နိုက်ကြသော်လည်း လီစွမ်းမေက ပန်းစကြာသိုင်းကွက်ဖြင့်သာ ခုခံမြဲ ခုခံနေ၏။

ခြေကန်ပြီးနောက် ကျင်းတောင်ညီနောင် နှစ်ဖော်မှာ ဂူဝသို့ လှုပ်တစ်ပြက် လိမ့်ထွက်သွားလေတော့သည်။

ထိုနောက် ရုတ်ခြည်း မတ်တတ်ရပ်၍ ထပြေးလေ၏။

"အင်း ... ထောင်ချောက်ပဲ"

ထိုအဖြစ်အပျက်ကိုမြင်သည်နှင့် လီစွမ်းမေက ကိုယ်ဖော့ပညာဖြင့် ချက်ချင်း လိုက်သွားသည်။

သို့သော် ကျင်းတောင်ညီနောင် နှစ်ဖော်တို့၍ တဟားဟား ရယ်မောရင်း ကျောက်တုံးကြီးတစ်တုံးဖြင့် ဂူဝကို ဝုန်းခနဲ မြည်အောင် ပိတ်ဆို့လိုက်တော့သည်။

ထိုကျောက်တုံးကြီးဖြင့် လီစွမ်းမေကို ကျောက်ဂူထဲတွင် လှောင်ပိတ်ထားလေတော့သည်။

ထိုအခါ လီစွမ်းမေက အလောတကြီးဖြင့် အတွင်းအား သုံး၍ ကျောက်တုံးကြီးကို အားကုန်ဆောင့်တွန်းလိုက်သည်။

သို့သော် ကျောက်တုံးကြီးက တုန်ရုံသာတုန်လှုပ်ပြီး ပြန်ပိတ်



မြဲ၏။ တစ်ချိန်တည်းမှာ ကျင်းတောင် ညီနောင်နှစ်ဖော်တို့က ကျောက်ပြားနှင့် အုတ်ခဲတို့ကို ထပ်ရွှေ့ပြီး အထပ်ထပ် ပိတ်ဆို့ထားလိုက် ပြန်တော့သည်။

တစ်ဖန် သူတို့၏ ဟက်ဟက်ပက်ပက် ရယ်မောသံကို ကြားရပြန်သည်။

"ဟား ... ဟား ... ဟား ... ဒီတစ်ခါတော့ မင်း ဘယ်မှပြေးနိုင်တော့မှာ မဟုတ်တော့ပါဘူး၊ ဂူထဲမှာသာ စံမြန်းပေတော့"

ထိုစကားကို ကြားသောအခါ လီစွမ်းမေမှာ ဒေါသထွက်လွန်းသောကြောင့် အသားများပင် တဆတ်ဆတ်တုန်မိ၏။

သို့သော် သူမ၏ ဦးနှောက်ထဲသို့ အတွေးတစ်ခု ရုတ်ခြည်း ဝင်လာသည်။

အင်း ... ဟောဒီအုတ်ဂူဟာ အလွန်အမင်း ကျယ်ဝန်းတာပဲ၊ ငြိမ်းတော့ သူတို့ညီနောင်ဟာ ဒီထဲမှာ အချိန်ကြာမြင့်စွာ ပုန်းအောင်းနေခဲ့ကြတယ်ဆိုတော့ လေဝင်ပေါက်ရှိပေလိမ့်မယ်။

ထိုသို့ စဉ်းစားမိသည်နှင့် လီစွမ်းမေ၏ ပူပင်သောက ရောက်နေသော စိတ်ဓာတ်သည် ပြန်လည်ငြိမ်သက်စ ပြုလာပြန်သည်။

ထိုအချိန်တွင် သူမက ထွန်းညှိထားသော ဖယောင်းတိုင်တစ်နှစ်တိုင်ကို မြင်၍ ရေရှည် နေထိုင်ရန် အလို့ငှာ ဖယောင်းတိုင်တစ်ချောင်းသာ ချန်ထားပြီး ကျန်ဖယောင်းတိုင်ကို ချက်ချင်း မီးငြိမ်းသတ်လိုက်တော့သည်။

ထိုနောက် နေရာအနှံ့သို့ လိုက်လံကြည့်ရှုပြီး ဓားဖြင့် ထောက်ကြည့် ခေါက်ကြည့်သည်။ ထူးခြားချက် မတွေ့သောကြောင့် ထွက်ပေါက်ရှာဖွေနိုင်ခြင်း မရှိသဖြင့် စိတ်ပျက်လက်ပျက်ဖြင့် လက်မှိုင်ချရပြန်သည်။

လီစွမ်းမေသည် ဖယောင်းတိုင်ကိုင်ကာ ဂူထဲတွင် ဆယ်ပတ်ခန့် ပတ်မိသောအခါ လက်ထဲမှ ဖယောင်းတိုင်မှာ သုံးလက်မခန့် ကျန်တော့၏။

ထူးခြားအမှတ်အသား မတွေ့ရသောကြောင့် အုတ်ခုံပေါ်တွင် ထိုင်ချလိုက်သည်။

ထိုအခါ ကျောက်အခေါင်းကို ရုတ်တရက် စဉ်းစား သတိရပြီး ရေရွတ်လိုက်မိလေ၏။

"ကျောက်အခေါင်းရဲ့အောက်မှာ ထွက်ပေါက်ဖြစ်စေ၊ မြေအောက် လိုဏ်ခေါင်းဖြစ်စေ ရှိနိုင်တယ်"

သူမသည် ကျောက်ခေါင်းရှိရာသို့ ပြေးသွားလေ၏။

ထိုအခါ သူမသည် ယတိဖြတ် ဆုံးဖြတ်ချက်ချပြီး အခေါင်းပေါ်ဖိထားသော ကျောက်ပြားကြီးကို အားကုန်ပင့် တင်လိုက်၏။

ထိုအခါ ကျောက်ပြားလန်သွားပြီး လီစွမ်းမေမှာ နံဘေးသို့ ခုန်ရှောင်လိုက်သည်။

ခေါင်းထဲတွင် ဘာမျှမရှိပေ။ သို့သော် ကျောက်ခေါင်း၏ အောက်ဘက်တွင် လိုဏ်ခေါင်းသွားရာ ဝင်ပေါက်တစ်ခုသာ ရှိသည်။

၎င်းထူးခြားချက်ကို မြင်သည်နှင့် လီစွမ်းမေမှာ ဝမ်းသာအား



ရှိန် စုစည်းထားသော ဖယောင်းများကို အိတ်ထဲသို့ထည့်ပြီး ဝင်ပေါက်အတိုင်း လိုဏ်ခေါင်းထဲသို့ လျှောက်သွားလေတော့၏။

အလွန် ရှည်လျားသော လိုဏ်ခေါင်းဖြစ်၍ လီစွမ်းမေ လျှောက်ရ ဒေါးစိမ့်စိမ့် ဖြစ်လာသည်။

သို့ဖြစ်၍ ဆောင်ဓားကို လက်တစ်ဖက်ဖြင့် တင်းကြပ်စွာ ဆုပ်ကိုင်ရင်း ကျန်လက်တစ်ဖက် ဖယောင်းတိုင်ကို ကိုင်ကာ ရှေ့သို့ ကိုက်ကျော်ခန့် ဆက်လျှောက်သွားသည်။

ထိုစဉ် အရှေ့ဘက် ခပ်လှမ်းလှမ်းမှ ရွှေရောင် ဝင်းခနဲကို မြင်လိုက်ရသည်။ လီစွမ်းမေ လန့်သွားမိသည်။

သို့သော် အနားသို့ တိုးကပ်ကြည့်သောအခါ ရွှေရောင် သံချပ် ကြိုထဲတွင် အရိုးစုကို တွေ့ရသည်။

ထိုအခါ လီစွမ်းမေက ဓားဖြင့် ထိုးလိုက်၏။ ချလပ် ချလပ် ပြိုကျသွားလေသည်။

အရိုးစုသည် နှစ်ရှည်လများ ကြာညောင်းခဲ့သောကြောင့် ဆွေးမြေ့နေပြီး ဓားဖြင့် ထိရုံမျှနှင့် လဲကျသွားခြင်းဖြစ်၏။

ထိုအခါ လီစွမ်းမေက အရိုးစုကို နံဘေးသို့ ကန်ထုတ်ပြီး ရှေ့သို့ ဆက်လျှောက်သွား၏။ ဆယ်လှမ်းခန့် ဆက်လျှောက်မိသော အခါ ရွှေရောင်သံချပ်ကာနှင့် အရိုးစုတစ်ခုကို တွေ့ရပြန်၏။ ထိုသို့ ဆက်လျှောက်ရင်းက အရိုးစုတွေ့တိုင်း ဓားဖြင့်ထိုးလှဲခဲ့သည်။

လိုဏ်ခေါင်းအဆုံးတွင် လိပ်ခုံး တံခါး တပ်ဆင်ထားသော အခန်းတစ်ခုကို တွေ့ရပြန်၏။

အထဲသို့ လှမ်းကြည့်လိုက်သောအခါ ရွှေဝါရောင်ဖြင့် တဖိတ် ဖိတ် တောက်ပသော ခေါင်းကို တွေ့ပြန်လေသည်။ အပေါ်ထပ် တွေ့ခဲ့ရသော ခေါင်းနှင့် တစ်ပုံစံတည်းပင်။

“သြော် ... လက်စသတ်တော့ အပေါ်အခန်းမှာရှိတဲ့ ခေါင်း ဟာ အတုကိုး၊ အောက်ထပ်မှာရှိတဲ့ ခေါင်းဟာ မင်းမျိုးမင်းနွယ် ခေါင်းအစစ်ပဲ”

ခေါင်း၏ နံဘေးတွင် ရွှေရောင်အရိုးစုနှစ်ခုကို ထပ်မံ၍ တွေ့ မြင်ရပြန်သည်။ ရာဇဝင်မှတ်တမ်းတွင် ပါရှိသော အချက်များ သတိရပြန်သည်။ ထွက်ပေါက်မရှိမှုန်း ချက်ချင်း ရိပ်စားမိပေတော့၏

သို့ဖြစ်၍ အခြေအနေကို ဝေဖန်သုံးသပ်မိသည်။

ရွှေရောင် ခေါင်းထဲတွင် မင်းမျိုးမင်းနွယ် တစ်ဦး၏ အလောင်း ဖြစ်ရမည်။ သံချပ်ကာအင်္ကျီ ဝတ်ဆင်ထားသော လူဆယ်ယော တို့မှာ အဖော်အဖြစ် ဂူသွင်းသင်္ဂြိုဟ်ခြင်းခံရသော တပ်သားများ ဖြစ်ရမည်။

ဟိုရှေးခေတ် ဘုရင်မျိုးနွယ် နတ်ရွာစံသောအခါတွင် ထို သော သက်သေသာဓက ရှိဖူး၏။

လီစွမ်းမေမှာ အရှင်လတ်လတ် လှောင်ပိတ်ခြင်း ခံရမ ဘဝကို တွေးမိရင်း ထိတ်လန့်တုန်လှုပ်မိလေ၏။

သည့်နောက် သူမသည် တုန့်ဆိုင်းမနေတော့ဘဲ အပေါ် သို့ ပြေးတက်သွားလေ၏။ ထို့နောက် ဂူဝတွင် ပိတ်ဆို့ထားသေ ကျောက်တုံးကို ကြိုးစားဖွင့်ပြန်သည်။



[illegible]ပြင် ကျောက်ပြားကို ကြမ်းပြင်ပေါ်သို့ ပစ်ချထားခဲ့ပြီး [illegible]အစွန်များဖြင့် အပြင်ဘက်မှ ကျောက်တုံးကြီးကို ကြိုး [illegible]ခဲ့ပြန်၏။

[illegible]သော် ကျောက်တုံးကြီးမှာ ပွန်းပဲ့ရုံမှတစ်ပါး လုံးဝ မလှုပ်ချေ။ [illegible]သည် ပင်ပန်းနွမ်းလျှစွာဖြင့် ကြမ်းပြင်ပေါ်သို့ ထိုင်လျက် [illegible] ကျသွားတော့၏။

ထိုစဉ် ဂူဝအပြင်ဘက်မှ အော်သံကြားရသည်။

“[illegible] ... ဟား ... ဟား ... ဒီမယ် လီစွမ်းမေ မင်း ကြိုးစား [illegible] မပိုပါပဲ၊ မောရုံသာ အဖတ်တင်မယ်”

ထိုစကား ကြားရသော သူမက ဒေါသဖြစ်မိ၏။

[illegible]သော် စိတ်ကိုထိန်းချုပ်ပြီး ...

“[illegible] ... လူယုတ်မာတွေ ပညာချင်း မယှဉ်ဝံ့လို့ အခုလို [illegible]ကျကျ ကြံစည်တာလား၊ မင်းတို့ကို ငါ တစ်သက်လုံး [illegible]ဘူးဟေ့”

သူမ၏ စကားကို ကျင်းတောင်ညီနောင်က ကြားသော်လည်း [illegible] ပြန်လည်ရယ်နေကြသည်။

ဟွာရန်ထိုက ကျောက်ကြားသို့ ကပ်၍ စကားပြောသည်။

“ဟေ့ ... လီစွမ်းမေ၊ မင်းသာ အသက်ရှင်ချင်ရင် တို့ပြောတဲ့ [illegible]ကို လက်ခံရမယ်၊ ဘယ်လိုလဲ”

လီစွမ်းမေသည် ဒေါသထွက်သော်လည်း စကားမပြောပေ။

ဆိတ်ဆိတ်ငြ ဝန်ခံရောကျသဖြင့် ကျင်းတောင်ညီနောင်က ဆက်ပြော သည်။

"မင်းတို့ ခွန်လွန်ဂိုဏ်း ပန်းစကြာဓားသိုင်းကျင့်စဉ်ကို တို့ကို ပြောပြရမယ်၊ ပြောပြရင် မင်းရဲ့ အပြစ်တွေကို ခဝါချလိုက်မယ်"

လီစွမ်းမေ အော်လိုက်တော့သည်။

"တိတ်စမ်း … သူတစ်ပါးကို ခေါင်းပုံဖြတ်ချင်တဲ့လူတွေ … "

သူမသည် ဒေါသဖြင့် အော်လိုက်သံကို ကြားရသောအခါ ကျင်းတောင်ညီနောင်မှာ အားရပါးရ ရယ်မောပြန်၏။

အတန်ကြာသော် ဟူးရန်ကျိန်းက ကျောက်ကြားသို့ ကပ်၍ ပြောလိုက်လေ၏။

"မင်း ခေါင်းမာမနေပါနဲ့၊ နောက် လေးငါးနာရီကြာရင် မင်းဟာ အစာရေစာပြတ်ပြီး သေဆုံးမှာပါ၊ အဲဒီအချိန်ကျရင် မင်းဟာ ကယ်တော်မူပါလို့ အော်မှာပါ … "

ထိုစကား ကြားသောအခါ လီစွမ်းမေက ရင်ထိတ်သွား၏။ ထို့နောက် သူမသည် ခရီးဆောင်အိတ်ကို လက်ဖြင့်စမ်းရင်း ရန်သူ၏ စကားမှန်ကန်ကြောင်း တွက်ဆမိ၏။

သူမ၏ ခရီးဆောင်အိတ်တွင် သုံးရက်စာ မုန့်ခြောက်များသာ ပါလာလေသည်။ သို့သော် ဗူထဲတွင် အသက်ရှုရန် လေရှိသော်လည်း အစာရေစာ လုံးဝမရှိပေ။ သူ၏ မုန့်ခြောက်များ ကုန်သွားပါက သေမှာမုချပင်။

သို့သော် လီစွမ်းမေက ရန်သူကို ဦးမညွတ်ပေ။ ဖြစ်သမျှ



အကြောင်းတွေကို ကံတရားကို ပုံအပ်၍ စိတ်ထိန်းလိုက်၏။ သုံးရက် အတွင်း ပွက်ပေါက်တွေ့အောင် ရှာမည်ဟု ဆုံးဖြတ်ချက် ချထား သည်။

ထိုသို့ ယတိပြတ် ဆုံးဖြတ်ပြီး တင်ပျဉ်ခွေထိုင်၍ ထွက်သက် ဝင်သက် ပုံမှန်ဖြစ်အောင် လေ့ကျင့်လေတော့၏။

အတွင်းအား ပြန်လည်ဖြည့်တင်းပြီးသောအခါ လန်းလန်းဆန်း ဆန်းဖြစ်လာကာ မုန့်ခြောက်အချို့ကို ယူ၍စားသောက်၏။ ထို့နောက် မြေပြင်ပေါ်မှ ကျောက်တုံးကို ကောက်၍ ပိတ်ဆို့ထားသော ကျောက် တုံးကြီးကို တအားထုပြန်၏။

ကျောက်တုံး၏ မျက်နှာပြင်မှာ ပွန်းပဲ့ရုံမျှသာဖြစ်၍ ကျင်း တောင်ညီနောင်၏ ရယ်မောသံကို မကြာခဏကြားလိုက်ရသည်။

* * *

## အခန်း(၃၇)

## ပြန်ရှင်သန်ရန် ကြိုးစားခြင်း

လေးရက် ပြည့်ခဲ့လေပြီ ...။

လီစွမ်းမေထံ၌ စားစရာ လုံးဝမရှိတော့ပါ။

သူမသည် အတွင်းအား လေ့ကျင့်နည်း တတ်မြောက်သူဖြစ်သည်။

အကယ်၍သာ ထွက်သက် ဝင်သက်ကို အတွင်းအား အသုံးပြုပြီး ပုံမှန်လည်ပတ်နေပါက အစာရေစာ မစားဘဲ ဆယ်ရက်ကျော် ခံနိုင်စွမ်းရှိသည်ကို သူမ ကောင်းစွာ နားလည်သဘောပေါက်သည်။

သို့သော် ဆယ်ရက်ထက် ကျော်လွန်ပါက သေမည်။

သူမသည် တွေးရင်းက စိတ်ကုန်လာသည်။ ထို့ကြောင့် ဆောင်ဓားကို ရုတ်ခြည်းဆွဲထုတ်လိုက်၏။

ကိုယ့်ကိုယ်ကို အဆုံးစီရင်ရန်သာ ရှိတော့သည်။

သို့သော် ဆောင်ဓားကို ဆွဲထုတ်လိုက်သည်နှင့် သူမ၏ ဦးနှောက်အတွင်းသို့ အတွေးတစ်ခု ဝင်လာ၏။



"အင်း ... လူသေတဲ့အခါ နာမည်ကောင်း ကျန်ရစ်ခဲ့တဲ့ ဓလေ့ရှိရတယ်၊ အဲဒီမကော့ ငါဒီအတိုင်း သေသွားခဲ့ရင် အကျိုးရှိမှာမဟုတ်ဘူး"

ထိုသို့ တွေးတောမိသည်နှင့် သိုင်းပညာအဆင့် မမီလို့ ဤဂူထဲတွင် သေဆုံးရခြင်းမဟုတ်ဘဲ လူယုတ်မာ၏ ကြံစည်မှုကြောင့် ဂူထဲတွင် ပိတ်ဆို့ခံရသည်ကို ရှင်ပြလိုစိတ် တဖွားဖွား ပေါ်ပေါက်လာလေတော့သည်။

ထို့ကြောင့် ဓားဖြင့် အုတ်နံရံတွင် စာထွင်းရန် ဆုံးဖြတ်ချက်ချလိုက်လေသည်။

သည့်နောက် စီလွမ်းမေသည် အိတ်ထဲမှ ဖယောင်းတိုင်ကို ထုတ်ယူပြီး ထွန်းညှိလိုက်၏။

ဖယောင်းတိုင်ကို ကိုင်ကာ အုတ်နံရံဆီသို့ လျှောက်သွား၏။

သို့သော် ဓားဖြင့် အုတ်နံရံကို အသာထိလိုက်သည်နှင့် ဓားသွားမှာ ထိုးဖောက်ဝင်သွားတော့သည်။

အုတ်နံရံသည် မာကျောကျစ်လျစ်ခြင်းမရှိဘဲ အောက်သို့ ကျလာသည်နှင့် အမှုန့်ကဲ့သို့ ကျေမွသွားကုန်၏။

ထိုအခါ လီစွမ်းမေမှာ အံ့သြရင်း ထိုအုတ်အမှုန့်များကို ယူ၍ ကြည့်မိ၏။ အံ့သြခြင်း ဖြစ်မိသည်။

အတွင်းဘက်တွင် ဂျုံမှုန့်များဖြင့် လုံးထားသော ဂျုံမှုန့်ချပ်ကြီးတွေကို မီးဖြင့်ထိုးကြည့်သောအခါ အုတ်နံရံတစ်ခုလုံးတွင် ဂျုံမှုန့်ဖြင့် စီမံပြုလုပ်ထားသည်ကို တွေ့ရသည်။

"အင်း … ဒါဟာ ဘုရားမတာပဲ၊ တပည့်တော်မှာ သေနေ့ မစေ့သေးလို့ အခုလို ကယ်တင်လိုက်တာ ဖြစ်ရမယ်"

လီစွမ်းမေက တွေးရင်း နောက်ဆုံးတွင် နားလည်သဘော ပေါက်မိလေတော့၏။

သူမသည် အုတ်ခဲခန့်ထုထည်ရှိသော ဂျုံမှုန့်ချပ် နှစ်ချပ်ကို ကလော်ပြီး ရေနှင့်ဖျော်စားကာ မှတ်ချက်ချမိ၏။

"ဟောဒီ ဂျုံမှုန့်ချပ်ကြီးတွေဟာ အုတ်ဂူဆောက်လုပ်တုန်းက ပန်းရံဆရာတွေ တမင်တကာ လုပ်ထားတာ ဖြစ်ရမယ်၊ သူတို့တတွေ ဟာ မင်းမျိုးမင်းနွယ်လို အရှင်လတ်လတ် ဂူသွင်းမှာစိုးရိမ်လို့ အခု လို အုတ်အစစ်နဲ့ရောပြီး ဂျုံမှုန့်ချပ်ကြီးတွေ သိုလှောင်ထားတာ ဖြစ်ရမယ်"

သို့မှသာ ဂူထဲတွင် လှောင်ပိတ်ခံရသည့်အခါ စားသောက် ရင်းနှင့် ဆက်လက်၍ အသက်ရှင်နိုင်ပေမည်။

သို့သော် အုတ်ဂူဆောက်လုပ်ပြီးသည်နှင့် ၎င်းတို့ကို သုတ်သင်ရှင်းလင်းခဲ့သလော၊ သို့မဟုတ် သူတို့ကို ဂူသွင်းခြင်းမပြုလုပ် ခဲ့သလော၊ ထိုအချက်ကိုတော့ မည်သူမျှ တပ်အပ်မပြောနိုင်ပေ။

ထိုထူးခြားချက်ကို တွေ့ရှိသည်နှင့် လီစွမ်းမေမှာ ဝမ်းသာ အားရဖြစ်သွားတော့၏။ ကိုယ့်ကိုယ်ကို သေကြောင်းကြံစည်ဖို့ စိတ် မကူးတော့ပေ။

အကြောင်းမှာ လိုလားတောင့်တသော ဝမ်းစာ ရလေပြီ။ ဆက်လက်ရှင်သန်ဖို့ ရေသာလိုသည်။



သို့ဖြစ်၍ ရေရှာပုံတော် ထွက်လေတော့သည်။ အတန်ကြာ ရှာဖွေမိသောအခါ နောက်ဆုံးတွင် ခေါင်း၏ယာဘက်ထောင့်မှ စိမ့် စမ်းကလေးတစ်ခုကို တွေ့ရ၏။

ရေစီးကြောင်းမှာ လူတစ်ယောက် သောက်သုံးဖို့ တစ်နေ့စာ ကောင်းစွာ လုံလောက်ပေသည်။

ထိုအခါ ဆက်လက်နေထိုင်ရန် တအားတက်သွားပြီး ဂူနှင့် သိုင်းပညာအတွင်းအား လေ့ကျင့်ရင်း ကျောက်ချပ်ဖြင့် ပိတ်ဆို့ထား သော ဂူတံခါးကို ဖြိုခွင်းရန် ဆုံးဖြတ်လိုက်လေတော့သည်။

* * *

ဤသို့ဖြင့် တစ်နှစ်ပြည့်ခဲ့လေပြီ။

တစ်နှစ်တာအချိန်ကာလတွင် လီစွမ်းမေသည် ကျောက်တုံး ကြီးကို တစ်ပေခန့်သာ ဖြိုလှဲနိုင်၍ စားသုံးရန် ဂျုံမှုန့်ချပ်များသည် တစ်ဝက်ခန့် ကုန်သွားလေပြီ။

သို့ဖြစ်၍ လီစွမ်းမေမှာ ပူပင်သောကရောက်ရင်း အခြေအနေ ကို ဝေဖန်သုံးသပ်မိသည်။

"အင်း … အခုတိုင်းဆိုရင် အုတ်ဂူတံခါး မပွင့်မီမှာ အစာတွေ ကုန်သွားမှာပဲ၊ ကျောက်တုံးက လေးပေလောက် ထုတော့ နောက် သုံးနှစ်လောက် အချိန်လိုဦးမယ်"

ထိုအခါ စိတ်ရှုပ်လာသည်နှင့် ဓားကိုထုတ်၍ ဦးတည်ချက် မရှိဘဲ ဟိုသည် လျှောက်၍ ခုတ်ထစ်မိလေ၏။

အခန်းတစ်ခုလုံးတွင် ဓားနှင့် ကျောက်တုံး၏ ထိတွေ့သံကြောင့် တချွင်ချွင် မြည်ဟီးလေတော့သည်။

ထိုစဉ် အုတ်ဂူအပြင်ဘက်မှ စကားပြောသံက ရုတ်တရက်ပျံ့လွင့်လာလေ၏။

"ဟော့ ... ညီလေး လာပါဦးကွ၊ အဲဒီ အမျိုးသမီး ဂူထဲမှာ တစ်နှစ်လှောင်ထားတာတောင် ငတ်ပြီး မသေသေးဘူးကွ၊ မင်းများထောင်ကြည့်စမ်း၊ သူ အခု ဓားနဲ့ ကျောက်တုံးကို ခုတ်နေတယ်"

စကားသံမှာ ကျင်းတောင်ညီနောင်နှစ်ဖော် ဖြစ်သည်။ ၎င်းတို့နှစ်ယောက်က သူမကို ပရိယာယ်ဖြင့် လှောင်ပိတ်ခဲ့ရာ သေပြီဟုထင်မှတ်နေခဲ့ကြသည်။

သို့သော် တစ်နှစ်ကြာသောအချိန်တွင် အုတ်ဂူနေရာသို့ ပြန်လည် ရောက်လာကြသောအခါ ဓားခုတ်သံ ကြားရသောကြောင့် အလွန်အံ့ဩမိကြသည်။

ထိုစကားကြားရသောအခါ လီစွမ်းမေက မထီမဲ့မြင်ဟန်ဖြင့် ရယ်မော၍ ဖြေလိုက်သည်။

"ဟား ... ဟား ... ဟား ... မကောင်းဆိုးဝါးကောင်တွေ၊ မင်းတို့က ငါ့ကို ဒီမှာ လှောင်ပိတ်ခဲ့တယ်ဆိုပြီး သေပြီများမှတ်နေလို့လား၊ မင်းတို့ကို ရှင်းရှင်းပဲ ပြောပြမယ်၊ ငါဟာ ဆရာတော်ရဲ့ သမထနည်းကို လေ့ကျင့်ထားလို့ အစာရေစာငတ်မှာ မကြောက်ဘူး၊ ဒီကျောက်တုံးကြီးကို ဖယ်ရှားပြီးရင် မင်းတို့ရဲ့ သေနေ့စေ့ပြီဆိုတာ မှတ်ပါ"



လီစွမ်းမေ၏ စကားကို ကြားရသောအခါ ကျင်းတောင်ညီ နောင်တို့သည် အလွန်ထိတ်လန့်တုန်လှုပ်သွားကြလေတော့၏။

ထိုအခါ ကျင်းတောင်ညီနောင်တို့သည် တီးတိုးတိုင်ပင်ကြ၏။

ထို့နောက် ...

"ရန်ငြိုးဆိုတာ ရန်ဖြင့် တုံ့ပြန်ဖို့မကောင်းပါဘူး၊ အဲဒီတော့ မင်းသာ ခွန်လွန်ဂိုဏ်းက အတွင်းအားလေ့ကျင့်နည်းနဲ့ ပန်းစကြာသိုင်းကွက်ကို ပြောပြရင် ကျုပ်တို့ ကျောက်တုံးကြီးကို ဖယ်ပေးပြီး မင်းကို ချမ်းသာခွင့်ပေးမယ်"

လီစွမ်းမေသည် သေချာစွာ ဆန်းစစ်တွေးတောမိသဖြင့် အကြံရလာတော့၏။

"အင်း ... သူတို့တတွေဟာ ပရိယာယ်နဲ့ ငါ့ကို ဟောဒီ အုတ် ဂူထဲမှာ လှောင်ပိတ်ထားခဲ့တယ်၊ အဲဒီတော့ ထင်

ထိုသို့ အကြံရသည်နှင့် သူမက အသံကျယ် ဲ့နံ့အော် လိုက်သည်။ ဂျာခန့်

"ရှင်တို့ပြောတာ ဟုတ်ပါရဲ့ရှင်၊ ရှင်တို့ သည်း ရန်ကိုရန်ချင်း မတုံ့ပြန်လိုပါဘူး၊ ရှင်တို့ တော့ လေပြီ။ ဘ်ကို ရရင် ကျွန်မကို တကယ် ပြန်လွှတ်ပေးမှာလားဖြင့် ဆက်မေးလိုက်မှာ ဖြစ်ပါတယ်လေ" သိုင်းကွက်ကို ဆက်ပါဦး"

"တကယ်ပါဗျာ၊ ကျုပ်တို့ နေပြီရှင့်၊ နက်ဖြန်ခါကျမှ ထပ် ပေးနိုင်ပါတယ်"

"ဟွန်း ... ရှင်တို့က နက်ဖြန်ခါကျမှ ဆက်မယ်"

ယုံရမှာလားရှင့်၊ အကယ်၍ ကျွန်မ သိုင်းကျမ်းစာတွေကို ပြောပြပြီးရင် ရှင်တို့က ဒီအတိုင်း ပြန်သွားရင် ဘယ့်နှယ်လုပ်မလဲ၊ အင်း မထူးပါဘူးလေ၊ ဂေဟာဒီ ကျောက်တုံးကြီးကို ကျွန်မ ဘာသာ တွန်းဖယ်ပြီးမှ ကြည့်ရှင်းမယ်"

သူမက၏ တင်းမာသော လေသံ ကြားရသောအခါ ကျင်းတောင်ညီနောင်တို့သည် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကြလေတော့သည်။

"ဒီမှာ နေပါဦးဗျ၊ ကျုပ်တို့ ပြောစရာတွေ ရှိပါသေးတယ်"

အတန်ကြာ တိတ်ဆိတ်သွား၏။ ညီအစ်ကိုနှစ်ယောက် တိုင်ပင်ပြီး ဆက်ပြော၏။

"ကဲ ... မင်း တို့ကို မယုံရင် တို့ညီအစ်ကိုက မင်းရှေ့မှာ ကျမ်းကျိန်ကြက်ကျွ၊ အဲဒါဆို မင်း ယုံဖို့ကောင်းပါပြီ"

သူညီမိခြယာက်သည် ပြောပြောဆိုဆိုဖြင့် ကျမ်းကျိန်ပြ၏။ လီစွမ်းမေစကားဥ၏ အကြံ ထမြောက်အောင်မြင်တော့မည်ဖြစ်၍ ဝမ်းသာ ဖြေလိုက်သည်၏။

"ဟား ... ဟားဒီဆိုပြတိုင်း ကျွန်မ မယုံနိုင်ဘူး၊ ကျွန်မ ယုံနိုင်တာ ငါ့ကို ဒီမှာ လှော်ဖို့ ကလောင်နဲ့ စက္ကူ မြန်မြန်ယူခဲ့စမ်း ပါ၊ ဟား၊ မင်းတို့ကို ရှင်းရှင်းပါမယ်"

သမထနည်းကို လေ့ကျင့်ထားလို့ ဖြေလိုက်၏။

ဒီကျောက်တုံးကြီးကို ဖယ်ရှားပြီးရင် စောင့်ပါ၊ ကျုပ် ကလောင်နဲ့ မှတ်ပါ"



သူသည် ပြောဆိုပြီးသည်နှင့် တောင်အောက်သို့ ဆင်းပြီး စာရေးကိရိယာများ ချက်ချင်း သွားရောက်ရှာဖွေခဲ့လေ၏။

လီစွမ်းမေ တစ်ယောက်တည်း ကြိတ်တွေးမိ၏။

"ဒီမကောင်းဆိုးဝါးကောင်တွေကိုတော့ ပညာအစစ်အမှန် ပြောပြလို့ မဖြစ်ဘူး၊ နို့မဟုတ်ရင် ပြည်သူလူထုတွေကို ဆက်လက် ဒုက္ခပေးနေဦးမယ်၊ အဲဒီတော့ အစစ်အမှန်ထဲက အတုအယောင်ရောပြီး ပြောပြမှဖြစ်မယ်"

အတန်ကြာ ဟူးရန်ထို ပြန်လာပြီး သူမကို ပြောဆိုနိုင်းလေတော့သည်။ လီစွမ်းမေက ဆုံးဖြတ်ထားသည့်အတိုင်း အစစ် အတု ရောနှော၍ ပြောပြလိုက်လေ၏။

သူမသည် အစစ် သုံးခွန်းထဲတွင် အတုတစ်ခွန်းရော၍ ပြောဆိုသောအခါ ဟူးရန်ထိုက တကယ် ကျမ်းစာအစစ် ထင်မှတ်၏။ တစ်ခွန်းစီ ရေးသားမှတ်ထားလေ၏။

အစအဆုံး ပြီးသောအခါ စာရွက်သုံးဆယ်ကျော်ခန့် ရေးကူးပြီးလေပြီ။

အချိန်မှာ နေဝင်ရီတရော အချိန်ဖြစ်နေလေပြီ။

သို့သော် ဟူးရန်ထိုက လောဘဇောဖြင့် ဆက်မေးလိုက်၏။

"ဟော ... ဒါဖြင့် ပန်းစကြာ သိုင်းကွက်ကို ဆက်ပါဦး"

"အို ... ကျွန်မ အာခြောက်နေပြီရှင့်၊ နက်ဖြန်ခါကျမှ ထပ်ဆက်ကြတာပေါ့"

"ကောင်းပြီ၊ ဒါဖြင့် နက်ဖြန်ခါကျမှ ဆက်မယ်"

ကျင်းညီနောင် နှစ်ဖော်တို့သည် ပြောဆိုပြီးသည်နှင့် နေရာမှ ချက်ချင်းထွက်ခွာသွားလေ၏။

ထိုအခါ လီစွမ်းမေတစ်ယောက်တည်း ကြိတ်၍ ရယ်မောမိလေတော့၏။

* * *

မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိပေ။

အထုပ်တစ်ထုပ် ကျလာသောအခါမှ သူမမှာ လန့်နိုးလာလေတော့သည်။

ထိုအခါ ကျင်းတောင်ညီနောင်နှစ်ဖော်တို့၏ အသံကို ကြားရပြန်၏။

"ဒီမှာ အမျိုးသမီး ကျုပ်တို့ မင်းအတွက် အမဲခြောက်တွေလာပို့ပါတယ်၊ အဲဒါ စားပြီးရင် ပန်းစကြာ သိုင်းကို ဆက်ပြောပြပါ"

လီစွမ်းမေ အထုပ်ကိုဖြည်ကြည့်သည်။ အသားခြောက်များကို တွေ့ရသောအခါ မစားရတာကြာပြီဖြစ်၍ အားရပါးရ စားလေတော့သည်။

စားသောက်ပြီးသောအခါတွင် ကျင်းတောင်ညီနောင်သည် လောဆော်လေတော့၏။

ထိုအခါ အတွင်းအား လေ့ကျင့်နည်း၏ အဆက်ကို ဆက်လက် ပြောကြားလိုက်ရသည်။



ထိုသို့ပြောဆိုပြီးသည်နှင့် ဟူးရန်ထိုက ဝမ်းသာအားရ ပြောပြန်သည်။

"ကိုင် … အတွင်းအား လေ့ကျင့်နည်းတော့ ပြီးပြီဗျာ၊ ပန်းစကြာသိုင်းကို ဆက်ပါဦး"

ထိုစကား ကြားရသောအခါ လီစွမ်းမေက အကြံရလာ၍ တစ်မျိုးလှည့်ပြောလိုက်၏။

"ဟေ့ … ခွန်လွန် ဓားသိုင်းဆိုတာ အလွန် နက်ရှိုင်းတဲ့ သိုင်းပညာတစ်ရပ်ပါ၊ ရှင်တို့ ပန်းစကြာ သိုင်းကွက်ကို တက်ချင်ရင် စာသားသက်သက် သင်ကြားလို့မရဘူး၊ အဲဒီတော့ သိုင်းကွက်ကို တတ်ကျွမ်းချင်ရင် ကျွန်မကို မြန်မြန်လွှတ်ပါ၊ ကျွန်မ လက်တွေ့ လေ့ကျင့်ပြသမှ ရှင်တို့ တတ်ကျွမ်းမှာပေါ့"

သူမ၏ စကားကို ကြားရသောအခါ ညီအစ်ကိုနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း တွေဝေငေးမှိုင်သွားလေတော့၏။

အကြောင်းမှာကား လီစွမ်းမေ၏ သိုင်းပညာ ထက်မြက်လွန်းသောကြောင့် သူမကို လွယ်လင့်တကူ ပြန်မလွှတ်နိုင်ပေ။

အကယ်၍ အသာတကြည် လွှတ်ပေးပါက သူမက သိုင်းပညာကို ဆက်လက်၍ သင်ကြားမပေးပါက အခက်ကြုံလိမ့်မည်။

ဟူးရန်ထိုသည် ဆုံးဖြတ်ချက်ကို ချက်ချင်း ချလိုက်၏။

"ကိုင်း … ညီလေး တို့ ကျောက်တုံးကြီးကို ရွှေ့ပေးလိုက်မယ်၊ သူအပြင်ရောက်လာတဲ့အခါ ငါ သူ့ကို နိုင်တဲ့နည်း ရှိပါတယ်ကွာ"

အစ်ကို၏ စကားကိုကြားသောအခါ ဟူးရန်ကျိန်းက ထိတ်ထိတ်ပျာပျာဖြင့် စောဒကတက်လိုက်၏။

"အို ... မဖြစ်ဘူးထင်တယ် အစ်ကို၊ သူ့ကို လွှတ်ပေးတာဟာ ကျားကို တောင်ပေါ် ပြန်လွှတ်တာနဲ့တူပါတယ်၊ သူသာ အပြင်ကို ရောက်လာရင် ကျွန်တော်တို့ သူ့ကို ပြန်ဖမ်းဖို့ မလွယ်ဘူး"

"ငါညီက တယ်အပါလားကွာ၊ လူတစ်ယောက်ဟာ အမှောင်ခန်းထဲမှာ တစ်နှစ်တိတိ ဖမ်းချုပ်ထားတဲ့အခါ နေရောင်နဲ့ ပြန်နှစ်ထိတွေ့ရင် သူ့ရဲ့ မျက်လုံး ဘယ့်နှယ်နေမလဲကွ၊ အဲဒါ မင်းတွေးမိဖို့ ကောင်းတယ်ကွာ"

ထိုစကားကိုကြားသည်နှင့် ဟူးရန်ကျိန်း ချက်ချင်း နားလည်သဘောပေါက်မလေတော့၏။

မှန်ပေသည်။ တစ်ယောက်သောသူကို အမှောင်ခန်းထဲတွင် နှစ်ရှည်လများ ဖမ်းချုပ်ထားသောအခါ သူ၏မျက်လုံးအစုံသည် အလင်းရောင်တွင် ကျင့်သားမရနိုင်ပေ။ သို့ဖြစ်၍ အပြင်လောက အလင်းရောင်နှင့် ရုတ်တရက် တွေ့ထိုသောအခါ မျက်လုံးများ ဝေပြီး ဘာမှ မတွေ့ရတော့ချေ။

"ဒီမှာ ငါ့ညီ၊ တို့ သူ့ကိုပြန်လွှတ်လိုက်တာနဲ့ လျှပ်တစ်ပြက်အတွင်းမှာ သူ့ကို ဖမ်းချုပ်ကြိုး သွေးကြောတွေ ပြတ်သွားအောင် ဖြတ်တောက်လိုက်မယ်၊ ဒါဆိုရင် သူဟာ တို့ကို သိုင်းကွက်ပဲ ပြနိုင်တော့မယ်၊ သူ့ရဲ့သိုင်းပညာတွေကတော့ လုံးဝပျက်စီးသွားမယ်"

"အင်း ... ကောင်းတယ်၊ အစ်ကို့ အကြံမဆိုးဘူးဗျ"



သူတို့နှစ်ယောက် တိုင်ပင်ကြပြီး ပြန်လွှတ်ပေးရန် သဘောတူကြ၏။

သို့ဖြစ်၍ အစ်ကိုဖြစ်သူ ဟူးရန်ထိုက ကျောက်ကြားသို့ ကပ်၍ အော်ပြောလိုက်သည်။

"ဒီမယ် အမျိုးသမီး၊ တို့ မင်းကို ပြန်လွှတ်ပေးဖို့ သဘောတူပြီ၊ ဒါပေမယ့် မင်း အပြင်ဘက် ပြန်ရောက်ရင် ကတိတည်ရမယ်"

လီစွမ်းမေသည် ပါးစပ်ကသာ အင်း ပြောလိုက်လေ၏။ သို့သော် စိတ်ထဲတွင်တော့ ခံပြင်းသွားသည်။

ထိုကာတွင် ကျင်းတောင်ညီနောင် နှစ်ဖော်တို့သည် ကျောက်တုံးကြီးကို ရွှေ့၍ ဖယ်ပေးနေသည်။

ကြိုတင်စီမံထားသည့်အတွက် ပြန်လည်ဖွင့်ပေးသောအခါ လွယ်လင့်တကူ ဖွင့်ပေးနိုင်သည်။ ၎င်းတို့နှစ်ယောက်သည် ကျားကန်ထားသော ထင်းတုံးကို မ၍ အတန်ကြာ အားထုတ်တွန်းဖယ်လိုက်သည်နှင့် ကျောက်တုံးကြီးမှာ တဖြည်းဖြည်း ရွေ့လျား၍ သွားသည်။

ထိုအခါ လီစွမ်းမေမှာ ဝမ်းသာအားရစွာဖြင့် မော်ကြည့်လိုက်၏။ သို့သော် သူမ၏ မျက်လုံးအစုံသည် အလင်းရောင်နှင့် တွေ့ထိသည်နှင့် ပြာဝေသွားလေ၏။

သူမ၏ မျက်လုံးအစုံသည် ပြာနေပြီး ဖြူဖွေးသော မြင်ကွင်းကိုသာ မြင်ရသည်။ အရာဝတ္ထုများကို သဲသဲကွဲကွဲ မမြင်ရပေ။

သည့်နောက် လီစွမ်းမေ အလောတကြီးဖြင့် ကိုယ်ကိုလှုပ်လိုက်ပြီး ပျံလွှားငှက် တစ်ကောင်၏ အသွင်ဖြင့် ဂူအပြင်သို့ ရောက်ရှိသွားသည်။

သူမအပြင်သို့ ရောက်သည်နှင့် ပြင်းထန်သော လေလှိုင်းတစ်ခုက သူမ၏ ကျောပြင်ဘက်မှ ရုတ်တရက် တိုက်ခိုက်လာသည်ကို ရိပ်စားမိ၏။

အဘယ့်ကြောင့်ဆိုသော် ...

ဟူးရန်ထိုက လက်ဦးအောင် သူမကို သိန်းလက်ဝါးသိုင်းဖြင့် ရှောင်တခင် တိုက်ခိုက်သည်။

လီစွမ်းမေသည် ဆောင်းမားကို လက်တွင် အသင့်ကိုင်ဆောင်ထား၏။ ထို့ကြောင့် ချာခနဲလှည့်၍ ဆောင်းမားကို ပင့်ပြီး ပိုင်းချလိုက်လေတော့သည်။

ထိုအခါ ဟူးရန်ထို ပျာပျာသလဲ ရှောင်ရင်းက သူမကို ခြေစုံကန်လိုက်၏။

လီစွမ်းမေမှာ ကောင်းစွာမမြင်ရသော်လည်း ကိုယ်ဖော့ပညာသုံးပြီး လေထုထဲသို့ ခုန်ပျံ၍ ချက်ချင်း ရှောင်လိုက်၏။

ထိုနောက် တဟုန်ထိုး ပြေးရင်း ဆယ်ကိုက်အကွာသို့ ရောက်သွားလေတော့သည်။

ကျင်းတောင်ညီနောင်တို့က လီစွမ်းမေ ထွက်ပြေးလွတ်မြောက်မည်ကို စိုးရိမ်သောကြောင့် တုတ်ကောက်ကိုယ်စီ ဝှေ့ယမ်းပြီး သူမ၏နောက်သို့ လိုက်၍ ဒလကြမ်း တိုက်ခိုက်လေတော့၏။



သဲကွဲစွာ မြင်နိုင်စွမ်းမရှိသော လီစွမ်းမေသည် ထွက်ပြေးမှသာ အသက်ချမ်းသာခွင့်ရမည်ကို တပ်အပ်သိသည်။

သို့ဖြစ်၍ လေထုထဲသို့ တစ်ရှိန်ထိုး ခုန်ပျံရှောင်တိမ်းရင်း တောင်အောက်သို့ ထွက်ပြေးလေတော့သည်။

"မင်း ... ဘယ်ပြေးမလဲ"

ကျင်းတောင်ညီနောင်နှစ်ဖော်တို့သည် သူမ၏နောက်မှ ထက်ချပ်မခွာ လိုက်လံတိုက်ခိုက်လေသည်။ သို့သော် သေရေးရှင်ရေးမို့ လီစွမ်းမေက တောတောင်ကို ဖြတ်ကျော်ရင်းပြေးသည်။

ထိုအခိုက် သူမသည် မြေပြင်ကို မနင်းမိဘဲ အောက်ခြေလွတ်သွားလေတော့သည်။

"အမလေး ... "

သူမသည် ရှုးရှုးဝါးဝါး အော်ရင်း ခန္ဓာကိုယ်တစ်ခုလုံးသည် ဘောလုံးလိမ့်သကဲ့သို့ နက်ရှိုင်းလှသော ချောက်ကမ်းပါးအောက်သို့ လိမ့်ဆင်းကျသွားလေတော့သည်။

လျှပ်တစ်ပြက်အတွင်းမှာပင် အစအန လုံးဝမမြင်ရတော့ပေ။

ကျင်းတောင်ညီနောင်တို့ လိုက်လာသော်လည်း မမီလိုက်တော့ပေ။

တောင်တန်းကြီးသည် အမြင့်ပေ နှစ်ထောင်ကျော်ရှိသည့်ပြင် နံဘေးတွင် နက်ရှိုင်းလှသည့် ချောက်ကမ်းပါးတစ်ခု ရှိသည်။

အခုအချိန်တွင် လီစွမ်းမေမှာ အသူရာတမျှ နက်ရှိုင်းလှသော ချောက်ကမ်းပါးအောက်သို့ ရောက်ရှိသွားလေပြီ။

သို့သော် သူမမှာ ချုံနွယ်သစ်ကိုင်းများ ပြည့်နှက်နေသော အပင်တစ်ပင်ပေါ်သို့ ကျရောက်သွားတော့သည်။

* * *

အချိန်မည်မျှ ကြာသွားသည်ကို မသိရပေ။

လီစွမ်းမေ သတိရသောအခါတွင် အလင်းရောင်ကို ကျင့်သား ရ၍ ပတ်ဝန်းကျင်ကို မှုန်မှုန်ဝါးဝါး မြင်နေရပေပြီ။

သူမ ဦးဆုံးမြင်ရသော မြင်ကွင်းကား တဲအိမ်တစ်အိမ်၏ ခုတင်ပေါ်သို့ ရောက်ရှိနေပြီး နံဘေးတွင် လှုပ်ရှားနေသော လူနှစ် ယောက်ကို တွေ့ရ၏။

"အမလေး ..."

လီစွမ်းမေ လှုပ်ရှားလိုက်သောအခါတွင် တစ်ကိုယ်လုံး နာကျင် လွန်းသောကြောင့် အသာပြန်လှဲချလိုက်၏။

ငှင်းအချိန်တွင် အဘိုးအိုတစ်ဦး၏ အသံကိုကြားလိုက်ရ၏။

"ဒီမယ် မိန်းကလေး ... အရမ်းမလှုပ်ရှားပါနဲ့၊ မင်းရဲ့ဒဏ်ရာ က သိပ်ပြင်းထန်တယ်ကွယ် ..."

တကယ်တမ်းဆိုရင် လီစွမ်းမေ၏ အသက်မှာ လေးဆယ် ကျော်လေပြီ။ သို့သော် အရွယ်တင်သောကြောင့် အဘိုးအိုက သူ့ ကို ကလေးမကလေးဟု ထင်မှတ်နေလေ၏။

တစ်ဆက်တည်းမှာပင် မိန်းကလေးတစ်ဦး၏ အသံကို ကြား ရသည်။



"ဖေဖေ ... ဟောဒီ မမဟာ ကံထူးရှင်တစ်ဦး ဖြစ်လိမ့်မယ်၊ ကမ်းပါးယံပေါ်က ချောက်ထဲကျပြီး အသက်ရှင်နိုင်သေးပုံထောက် တော့ သိုင်းပညာမခေဘူးထင်တယ် ဖေဖေရဲ့"

"ဟဲ့ ... သမီး၊ ပေါက်ကရတွေ လျှောက်မပြောနဲ့"

အဘိုးအိုသည် သူ့သမီးကို မာန်မဲပြီး သူမ၏ ခုတင်နံဘေးသို့ လျှောက်လာရင်း သိမ်မွေ့စွာဖြင့် ပြောလိုက်လေ၏။

"မိန်းကလေး ... သိပ်လည်း စိတ်မလောပါနဲ့ကွယ်၊ ကံသီပေ လို့ အသက်ရှင်နိုင်တာပါ၊ ဒါပေမယ့် ဒဏ်ရာက အတွင်းကျေ ဖြစ်လေတော့ လေးငါးရက်လောက် အိပ်ပြီး အနားယူ ဆေးကုမှ ပျောက်မယ်ကွယ့်"

ထိုစကား ကြားရသောအခါ လီစွမ်းမေမှာ မျက်လုံးအစုံကို ဖွင့်၍ မော့ကြည့်လိုက်၏။

အသံရှင် အဘိုးအိုသည် ဥပဓိရုပ်ကောင်းသော အဘိုးအိုဖြစ် သည့်အပြင် တည်ကြည်လေးနက်ပြီး သာမန်ပုဂ္ဂိုလ်မဟုတ်မှန်း သိ သာပေါ်လွင်နေ၏။

ကျေးဇူးတင်စကားကို ကြိုးစား၍ ပြောကြားလိုသော်လည်း တစ်ကိုယ်လုံးမှာ နာကျင်လွန်း၍ အင်အား ချိနဲ့ပြီး စကားပင် ပြော၍ မရပေ။

ထို့ကြောင့် အသာမှိန်း၍ ခေါင်းညိတ်ပြလိုက်သည်။

* * *

သုံ့ရက်တာမျှ ကုန်ဆုံးသွားခဲ့လေပြီ။

ထိုသုံးရက် အတောအတွင်းတွင် အဘိုးအိုတို့ သားအဖက သူမကို ဂရုတစိုက် ပြုစုသည်။ သူမ၏ ဒဏ်ရာကို ဆေးမြစ် ဝါးမြစ်ဖြင့် ကုသပေးသည်။

သတိပြန်လည် ရရှိလာသောအခါတွင် လီစွမ်းမေက အဖိုးအိုကို လှောလာအကဲခတ်လိုက်၏။

အဘိုးအိုသည် ဆံပင်ဖြူဖွေး၍ အသားအရေမှာ ပန်းနုရောင်သန်းပြီး နီပြေနေဆဲပင်။ အဘိုးအို၏ အမူအရာကား တောသူတောင်သားနှင့် လုံးဝမတူပေ။

မိန်းကလေးမှာ အသက် ၁၅ နှစ်ခန့်သာရှိသော အပျိုဖျန်းကလေးတစ်ဦးပင်။ တောသူကဲ့သို့ ရိုးရိုးဝင်ဆင်ထားသော်လည်း ယဉ်ယဉ်ကလေးနှင့် ချောမောပြေပြစ်လေ၏။

လီစွမ်းမေသည် ပုံမှန်အနေအထားသို့ ပြန်လည် ကျန်းမာလာပြီဖြစ်၍ အဘိုးအို၏ အကြောင်းကို စုံစမ်းမိသည်။

အဘိုးအို၏ ပြောကြားချက်အရ သူ၏အမည်ကား ရှန်ယွမ်းရှန့်ဟု ခေါ်သည်။ မိန်းကလေးမှာ သူ၏တစ်ဦးတည်းသော သမီးလေး ရှန်စုရှမ်းပင် ဖြစ်သည်။

သူတို့တစ်တွေသည် လွန်ခဲ့သော သုံးနှစ်က ဤတောင်တန်းဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်း ဖြစ်၏။ တောလိုက်ခြင်းဖြင့် အသက်မွေးဝမ်းကြောင်းနေရသူပင်။



အဘိုးအိုသည် သူ၏အကြောင်းကိုပင် အတိုချုံး ပြောပြပြီး လီစွမ်းမေ၏ အကြောင်းကို ပြန်လည်မေးမြန်းလေတော့သည်။

ထိုအခါ လီစွမ်းမေသည် ဖြစ်ကြောင်းကုန်စင် ပြန်လည်၍ ပြောကြားသည်။

သူ၏ စကား၌ မည်သည့်လျှို့ဝှက်ချက်မျှ မပါရှိပေ။

နံဘေးတွင် ရှိသော မိန်းကလေး ရှန်စုရှမ်းသည် လီစွမ်းမေ၏ ပြောကြားချက်ကို ကြားရသောအခါ အံ့သြရင်း သူမ၏ ဖခင်ကို တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ရှန်ယွမ်းရှန့်က သူ၏သမီးကို အချက်ပြ ဟန့်တားပြီး လီစွမ်းမေဘက်လှည့်၍ ဖြေကြားလိုက်သည်။

"ဒီမယ် မိန်းကလေး … ကျုပ်တို့တစ်တွေဟာ ရိုးရိုးလုပ်ကိုင်စားသောက်တဲ့ တောသူတောင်သားတွေပါ၊ သိုင်းလောကမှ အရှုပ်အရှင်းတွေနဲ့ ပတ်သက်ပြီး ကျုပ်တို့ နားမလည်ပါဘူး၊ ဒါပေမယ့် မိန်းကလေးရဲ့ ဒဏ်ရာက အလွန်ပြင်းထန်လေတော့ နှစ်ဝက်ခန့် အနားယူမှ ပျောက်မယ်၊ ဒီအတောအတွင်းမှာ သိုင်းပညာလည်း လေ့ကျင့်လို့ မဖြစ်ဘူး၊ အဲဒါမှ ဒဏ်ရာ မြန်မြန်ပျောက်မှာ"

"ဟုတ်ကဲ့ရှင့် … ဦးတို့ အခုလို ကူညီတာ ကျေးဇူးတင်ပါတယ်ရှင့်၊ ကျွန်မဆီမှာ လက်ဝတ်လက်စား အတန်ငယ် ရှိသေးတယ်၊ အဲဒါ ထုခွဲပြီး စားသောက်ကြပါရှင်"

လီစွမ်းမေ၏ စကားကို ကြားရသည်နှင့် အဘိုးအိုက ချက်ချင်းလက်ကာပြလိုက်သည်။

"အို ... မဟုတ်တာ မိန်းကလေးရယ်၊ ဦးဟာ ဆင်းရဲပေမယ့် ဝမ်းဝအောင် ဖြည့်နိုင်ပါတယ်ကွယ်၊ ရွှေထည်တော့ မယူပါရစေနဲ့၊ ဒါပေမယ့် ကျင်းတောင် ညီနောင်ဟာ နာမည်ကြီး လူဆိုးတွေကွယ့်၊ အဲဒီတော့ မိန်းကလေး ဒီမှာ အနားယူမှန်းသိရင် အနှောင့်အယှက်ပေး မှာစိုးရိမ်ရတယ်၊ ဒီတော့ မိန်းကလေး ဒီမှာ အနားယူလိုရင် အချက် နှစ်ချက်ကို လိုက်နာရမယ်၊ တစ်အချက် မိန်းကလေး ဒီမှာပဲ အနား ယူပြီး အိမ်ကနေ တစ်ဖဝါးမှ မခွာပါနဲ့၊ မိန်းကလေးရဲ့ မျက်နှာကို နေ့စဉ် ဘယဆေးနဲ့ ဆေးကြောပြီး ရုပ်ဖျက်ရလိမ့်မယ်၊ အဲဒါ ..."

"ဟုတ်ကဲ့ရှင် ... ကျွန်မရဲ့ အသက်ကို ဦး ကယ်တင်ခဲ့တယ် မဟုတ်လား၊ အဲဒီတော့ ဦး ကောင်းသလို စီစဉ်ပါရှင်"

ထိုနေ့မှစ၍ လီစွမ်းမေသည် အဘိုးအို၏ အိမ်မှာပင် အနား ယူလေတော့၏။ ၎င်းပြင် ဘယဆေးဖြင့် နေ့စဉ် မျက်နှာသစ်သော ကြောင့် သူမ၏ မျက်နှာသည် ညိုမဲ၍ ရုပ်ပြောင်း ရုပ်လွှဲ အသွင် သစ်နှင့် ဖြစ်နေလေတော့သည်။

သို့သော် သူ၏ ဒဏ်ရာ ပျောက်ကင်းနေသော်လည်း အင်အား ချိနဲ့နေသောကြောင့် လှုပ်ရှား၍ မဖြစ်သေးပေ။ သို့ဖြစ်၍ သူမ တတ်ကျွမ်းထားသော ပညာသည် ပုံမှန် ပြန်မဖြစ်နိုင်သေးပေ။ ထို့ကြောင့် သူမ ပုံမှန်အခြေအနေသို့ ရောက်ရှိရန် အမြဲကြိုးစားနေ တော့သည်။

* * *



## အခန်း(၃၈)

## ရန်ငြိုးသံသရာ

နှစ်ဝက်ဟူသော အချိန်ကာလသည် ခဏအတွင်းမှာပင် ကုန် လွန်ခဲ့၏။

တစ်နေ့သောအခါ အဘိုးအို ရှန်ယွမ်းရှုန့်သည် မျက်နှာ ႏသာ မယာဖြင့် တောလိုက်ရာက ပြန်လာသည်။

သာမန်အချိန်ဆိုရင် တောကောင် အနည်းအကျဉ်းတော့ ပါစမြဲ ပင်။

သို့သော် အခု အခေါက်တော့ ဘာမျှမပါဘဲ ပြန်လာ၏။ သူ၏ သမီးလေးက အံ့ဩရင်း မေးမည့်ဟန် ပြင်သည့်အခါ အဘိုး အိုက အရင်ပြောလိုက်သည်။

မိန်းကလေး ရှန်စုရှမ်းက နားလည်သဘောပေါက်၍ အိမ် အပြင်ဘက်သို့ သွားတော့သည်။

ထိုအခါ လီစွမ်းမေက အကင်းပါးသူပီပီ ပြတင်းပေါက်နံဘေး သို့ ကပ်၍ကြည့်လိုက်၏။

သူတို့ သားအဖနှစ်ယောက်စလုံး သူ့ကိုကျောခိုင်း၍ ကုက္ကိုပင် တစ်ပင်အောက်တွင်ရပ်၍ တီးတိုးပြောဆိုနေသည်ကို တွေ့ရ၏။

"သမီးလေး ... အဖေ ဒီနေ့ တောလိုက်တဲ့အခါ အမွေးရှန်ဘက်ကို ရှောင်တခင် တွေ့ခဲ့တယ်ကွယ့်"

"အလို ... ဖေဖေ မိုးပျံကျားသစ်ကို ဆိုလိုတာလား၊ ဖေဖေ့ကို သူ မြင်ရဲ့လားဟင်၊ ဒီလိုဆိုရင် သမီးတို့ မလွတ်တော့ဘူးပေါ့"

"အင်း ... အဖေ ရှောင်တာမြန်လို့ မြင်မသွားပါဘူးကွယ်၊ ဒါပေမယ့် ဒီတောအုပ် နယ်ပယ်လောက်တော့ သူ တို့ကို အလွယ်တကူ တွေ့အောင်ရှာနိုင်ပါတယ်၊ တို့တော့ ဒုက္ခရောက်တော့မှာပဲကွယ်"

အတန်ကြာ ရှန်စုရှမ်းက မျက်နှာဖြူရော်ရင်း တုန်တုန်ရင်ရင် မေးလိုက်သည်။

"အို ... ဖေဖေရယ်၊ ဒီကိစ္စမှာ တခြားနည်းလမ်း မရှိတော့ဘူးလားရှင်၊ အိမ်ထဲမှာ မမ ရှိပါသေးတယ်"

"ဟဲ့ ... တိုးတိုး၊ သူ့ရဲ့သိုင်းပညာဟာ နောက်တစ်နှစ်ကျမှ ပုံမှန်ဖြစ်မှာကွယ့်၊ အဲဒီတော့ သူ့ကို အသိပေးလို့ မဖြစ်ဘူးကွယ်"

သူတို့ စကားကို လီစွမ်းမေ ကြားသိရသောအခါ စိတ်အလွန် အမင်း လှုပ်ရှားလာသည်။

သူတို့ သားအဖတို့သည် သူ့အပေါ် စေတနာအပြည့်အဝ ရှိသောသူများပင် ဖြစ်ကြသည်။

၎င်းအပြင် သားအဖနှစ်ဦးမှာ ရန်ငြိုးကို ရှောင်ရှားရင်း ဤ



တောကြိုတောင်ကြားသို့ ဓာတ်မြှုပ်နေထိုင် ခြင်းဖြစ်ကြောင်း သူမ သိလိုက်သည်။

သို့သော် အခုအချိန်မှာတော့ ရန်သူက နောက်ယောင်ခံ လိုက်လာပြီဖြစ်၍ ရှောင်ကွင်းလို့ မရတော့ပေ။

ထိုအခါ လီစွမ်းမေသည် ဉာဏ်ကြွယ်ဝသူပီပီ အကြံတစ်ခု ရသော်လည်း ဘာသိဘာသာ နေလိုက်လေ၏။

ထိုညတွင် သူတို့ ညစာစားပြီး စောစောအိပ်ရာထဲ ဝင်ကြသည်။

သို့သော် သန်းခေါင်ယံ နှစ်ချက်တီးအချိန်တွင် ဒရဲဟူသော အသံတစ်ချက်ကို ရုတ်တရက် ကြားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် အူးအူးအူး မြည်ဟီရင်း မြားသုံးစင်း အဟုန်ပြင်းစွာဖြင့် အိမ်ခေါင်မိုးပေါ်မှ ကျော်ဖြတ်သွားသည်။

ထိုသင်္ကေတသည် သိုင်းလောကမှကလဲ့စားချေခြင်း၏အတိတ် နိမိတ်ပင် ဖြစ်၏။

လီစွမ်းမေသည် ခုတင်ပေါ်မှ ချက်ချင်း ဆင်းလိုက်၏။ သားအဖ၏ အိပ်ခန်းတွင် မည်သူ့မျှ မတွေ့ရတော့ချေ။

သားအဖနှစ်ဦးမှာ ပြတင်းပေါက်မှ အပြင်သို့ ခုန်ပျံသွားလေပြီ။ ထိုအချိန်တွင် အဘိုးအို၏ အသံက ပြင်ပမှ ပျံ့လွင့်လာလေတော့၏။

"ဒီမှာ မိုးပျံကျားသစ်၊ မင်း တစ်နေ့နေ့မှာ ငါ့ကို ရန်ရှာမယ်ဆိုတာ ငါသိပါတယ်၊ တို့ချင်း တစ်ပွဲတစ်လမ်းတော့ စမ်းရမှာပေါ့

ကွာ၊ ဒါပေမယ့် အိမ်ထဲမှာ အမျိုးသမီးတစ်ယောက် ရှိတယ်၊ သူဟာ မင်းနဲ့ ဘာမှရန်ငြိုးမရှိတော့ မင်း သူ့ကို ထိပါးလို့ မရဘူးကွ”

“ဟား ... ဟား ... ဟား ... တယ်ဆိုတဲ့ စာပါလား၊ ကိုင်း ကျုပ်အနေနဲ့ ခင်ဗျားအသက်ကို သေစားရရင် တော်ပါပြီ”

အဘိုးအို၏ စကားဆုံးသည်နှင့် လူရွယ်တစ်ယောက်က ဟက် ဟက်ပက်ပက် ရယ်မောပြောဆိုသံ ပေါ်လာ၏။

ထို့နောက် တချွင်ချွင်မြည်သော ဓားချင်းထိတွေ့သံ ပေါ်လာ လေတော့သည်။

လီစွမ်းမေသည် တံခါးနံဘေးသို့ ချဉ်းကပ်သွားသည်။ အပြင် သို့ ချောင်းကြည့်မိလိုက်သည်။

ရှန်ယွမ်းရှန့်နှင့် ဝတ်ရုံနက် ဝတ်ဆင်ထားသော လူရွယ်တစ်ဦး တို့ သဲသဲမဲမဲ တိုက်ခိုက်နေသည်ကို တွေ့လိုက်ရ၏။

မိုးပျံကျားသစ်ဟူသော လူရွယ်သည် ကျားခေါင်းသံချိပ် လက် နံက် နှစ်ချောင်းကို ကိုင်ဆောင်ထားရင်း ပြင်းထန်လှသော သိုင်း ကွက်ဖြင့် ဒလကြမ်း တိုက်ခိုက်နေ၏။ ရှန်ယွမ်းရှန့်မှာ ကျားနိုင် ဓားသိုင်းဖြင့် ပြန်လည်ခုခံနေသည်။

တဝှီဝှီမြည်ရင်း တချွင်ချွင် အသံကိုလည်း အဆက်မပြတ် ကြားနေရ၏။

သူတို့၏ နံဘေးတွင် အတွေ့အကြုံမရှိသော မိန်းကလေး ရှန်စုရှမ်းက စိတ်လှုပ်ရှားစွာဖြင့် ဓားနှစ်လက်ကို ကိုင်၍ ရပ်ကြည့် နေသည်။



လူရွယ်၏ နောက်ဘက်မှာ သူ၏နောက်လိုက်များဖြစ်သော ဝတ်ရုံနက်နှင့် လူနှစ်ယောက်မှာ မျက်တောင်မခတ် စိုက်ကြည့်နေ သည်။

တစ်ယောက်သောသူက နံချပ်ကျ လက်နက်ကို ကိုင်ထားပြီး ကျန်တစ်ယောက်က သံတုတ်တစ်ချောင်း ကိုင်ထားသည်။

ငင်းအချိန်တွင် တိမ်မဲညိုက လမင်းစန္ဒာကို ဖုံးလွှမ်းသွားလေ ပြီ ဖြစ်၍ ဝိုးတဝါးသာ မြင်ရတော့၏။

နှစ်ယောက်သည် အတန်ကြာတိုက်ခိုက်ကြသောအခါ တဖြည်း ဖြည်းနှင့် ဓားရိပ်သာမြင်ရပြီး လူရိပ်ကို မမြင်တွေ့ရတော့ပေ။

သိုင်းကွက် အကွက် ငါးဆယ်ကျော်ခန့် တိုက်ခိုက်ပြီးသည် နှင့် မိုးပျံကျားသစ်က ရုတ်ခြည်း ခါးကိုင်းရင်း ခြေစုံခတ်လိုက်၏။

အဘိုးအို ရှောင်တိမ်းလိုက်သောအခါ သူ၏ ဆောင်ဓားကို ရန်သူ၏ ကျားခေါင်းသံချိပ်က ဖိညှပ်ထားသည်။

အဘိုးအိုက ခုန်ရှောင်လိုက်သည်။ သို့သော် ရန်သူ၏ ခြေစုံ ခတ်ခြင်းက ဟန်ပြသာဖြစ်၏။ ငင်းအချိန်မှာပင် ကျားခေါင်းသံချိပ် ဖြင့် သူ၏ဆောင်ဓားကို ခတ်ထုတ်လိုက်တော့သည်။

ဝဲဘက်သံချိပ်ဖြင့် အဘိုးအို၏ ချိုင်းကြားကို ထိုးမိ၍ သွေးများ ပန်းထွက်လာပြီး အနောက်ဘက်သို့ လွင့်စင်သွားတော့၏။

အဘိုးအို ဒဏ်ရာရသောအချိန်မှာပင် မိန်းကလေး ရှန်စုရှမ်း က လက်ထဲတွင် ကိုင်ထားသော လက်နက်ပုန်းများကို ပစ်လွှတ် လိုက်သည်။ သို့သော် အချိန်နှောင်းသွားလေပြီ။

မိန်းကလေးက လက်နက်ပုန်းများကို ပစ်လွှတ်လိုက်သည်နှင့် မိုးပျံကျားသစ်၏ အဖော်များက တစ်ရှိန်ထိုးပြေး၍ လက်နက်များဖြင့် နံဘေးသို့ ခေတ်ထုတ်လိုက်တော့သည်။

မိန်းကလေးက သူမ၏ ဖခင်ဆီသို့ ပြေးသွားမည်ဟု ဟန်ပြင်လိုက်သောအခါ လူဆိုးများက သူမကို ကြားဖြတ်ကာဆီးလိုက်သည်။

မိုးပျံကျားသစ်သည် ရှမ်ယွမ်းရှန့်၏ ရင်ဝကို ဖိနင်းရင်း အောင်နိုင်သူပမာ ရယ်မောလေတော့သည်။

"ဟား ... ဟား ... ဟား ... အဘိုးကြီး ဒီနေ့တော့ ခင်ဗျား အသေပဲ"

ထိုစဉ်မှာပင် ငွိခနဲမြည်ရင်း သံလုံးတစ်လုံး ရောက်လာပြီး သူ၏ယာဘက်လက် သွေးကြောကို ရိုက်မိသည်။

မိုးပျံကျားသစ်၏လက်သည် ကျင်ခနဲဖြစ်သွားပြီး ဓားကို မြဲအောင် မကိုင်နိုင်တော့ဘဲ အောက်သို့ လွှတ်ကျသွားလေတော့၏။

ထိုလက်နက်ပုန်း သံလုံးကို လီစွမ်းမေက ပစ်လွှတ်လိုက်ခြင်းပင် ဖြစ်၏။

သူမသည် သိုင်းပညာကို ပြန်လည် အသုံးချနိုင်စွမ်း မရှိသော်လည်း လက်နက်ပုန်းဖြင့် အဘိုးအိုကို သေမင်းထံမှ ကယ်တင်လိုက်သည်။

ထိုအခါ မိုးပျံကျားသစ်က ချက်ချင်းသံကုန်အော်လိုက်လေသည်။



"ဟော ... ငါ့လူတွေ အိမ်ထဲမှာ သူလျှိုရှိနေတယ်ကွ၊ အားလုံး တက်ကြစမ်း"

ထိုစကားကို ကြားသည်နှင့် ကျန်လူနှစ်ယောက်မှာ လူခွဲပြီး အိမ်ထဲသို့ ခုန်ဝင်လိုက်ကြသည်။

ထိုအခိုက် အဘိုးအိုသည် နံဘေးသို့ လိမ့်ဆင်းရင်း သက်စွန့်ဆံဖျား တိုက်ခိုက်ရန် အိတ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်လိုက်သည်။

ထို့နောက် မိုးပျံကျားသစ်ဆီသို့ အားကုန် လွှဲပစ်လိုက်တော့သည်။

မိုးပျံကျားသစ် ရှောင်ရှားရန် မမီတော့ချေ။ သူ၏ ညာဘက်လက်ဝါးကို ထိုးဖောက်သွားသောအခါ မိုးပျံကျားသစ်က တစ်ချက်ကြုံးဝါးရင်း ဝဲဘက်သံချိတ်ဖြင့် အဘိုးအို၏ လည်ပင်းကို ပိုင်းချလိုက်တော့သည်။

ထိုအခါ အဘိုးအိုမှာ ခေါင်းတခြား၊ ကိုယ်တစ်ခြား ဖြစ်သွားတော့သည်။

မိန်းကလေး ရှန်စုရှမ်း သူမ၏ဖခင် ရက်စက်စွာ သတ်ဖြတ်ခံရခြင်းကို မြင်ရသောအခါ အော်ပြီး မူးမေ့သွားလေတော့သည်။

ထိုအခါ မိုးပျံကျားသစ်ကို စောင့်ရှောက်နေသည့် သံတုတ်နှင့် လူသည် မိန်းကလေးထံ ခုန်ဝင်သွားလေတော့၏။

ထိုအခါ ခေါင်းဆောင်ဖြစ်သူ မိုးပျံကျားသစ်က အချိန်မီ ဟန့်တားလိုက်၏။

"ဟော့ … ညီလေး မိန်းကလေးကို အန္တရာယ်မပေးပါနဲ့၊ အိမ်ထဲက လူကို အရင်ရှင်းဖို့က ပိုအရေးကြီးတယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

သံတုတ်ရှင်သည် ပြောပြောဆိုဆိုဖြင့် အိမ်ထဲသို့ တစ်ရှိန်ထိုး ပြေးထွက်သွားတော့သည်။

သို့သော် အိမ်တံခါးဝသို့ ရောက်သည်နှင့် ထိုသူမှာ အလန့်တကြား အော်သံကို ကြားလိုက်ရ၏။

နံချပ်ကူ ကိုင်ဆောင်သူ၏ ယာဘက်မျက်လုံးသည် လက်နက်ပုန်း ထိမှန်သွားလေပြီ။ သူ၏ ကြောက်ခမန်းလိလိ အော်ရင်း မြေ ပြင်ပေါ်သို့ လဲကျသွားသည်။

လီစွမ်းမေ၏ လက်ချက်ပင်ဖြစ်၏။ ထိုလူဆိုး အိမ်ခန်းထဲဝင်သည်နှင့် လီစွမ်းမေက မီးခွက်ကို ချက်ချင်းမှုတ်လိုက်၏။

ထိုနောက် အဆင်သင့်ပြင်ထားသော သံလုံးဖြင့် ပစ်လိုက်သည်။

အမှောင်ထုတွင် ကျင့်သားရပြီးဖြစ်သော လီစွမ်းမေက နောက်မှရောက်လာသော လူဆိုးကို သံလုံး သုံးလုံးဖြင့် ဆက်ကာ ပစ်လိုက်ပြန်သည်။

ထိုပြင်းထန်သော 'လက်နက်ပုန်းကြောင့် လူဆိုး၏ နဖူးကို ထိမှန်သွားသောအခါ သံတုတ်ရှင် လူဆိုးက ငယ်သံပါအောင် အော်ဟစ်မိသည်။

"အစ်ကိုကြီး မြန်မြန်လာပါ"



ထိုစဉ် အိမ်ခန်းတစ်ခုလုံး အမှောင်ထု လွှမ်းမိုးထားလေပြီ။ ထို့ကြောင့် မိုးပျံကျားသစ်က အထဲသို့ မဝင်တော့ဘဲ အော်ပြောလိုက်၏။

"အိမ်ထဲမှာ ပုန်းနေတာ ဘယ်သူတွေလဲကွ၊ သတ္တိရှိရင် အပြင်ထွက်လာပြီး ယှဉ်ပြိုင်ရအောင်"

အတန်ကြာသည့်တိုင် အိမ်ထဲမှ ပြေကြားချက်ကို မကြားရသောကြောင့် မိုးပျံကျားသစ်က ဒေါသနှော၍ အော်ပြောလိုက်ပြန်သည်။

"ညီလေး … ဒီလူ အပြင်ကို မထွက်ရဲဘူးကွ၊ တို့ အိမ်ကို မီးရှို့ရအောင်"

ရန်သူက မီးတုတ်ဖြင့် အိမ်ကိုမီးရှို့သောအခါ လီစွမ်းမေမှာ နောက်ဘက်တံခါးပေါက်ကလေးမှ အပြင်သို့ လျှို့ထွက်သွားလေတော့သည်။

အိမ်အနောက်ဘက်တွင် ချုံနွယ်မြက်ရိုင်းများဖြင့် ထူထပ်ပြည့်နှက်နေသောကြောင့် လီစွမ်းမေက ချုံကြားသို့ ချက်ချင်း ဝင်ရောက်ပုန်းကွယ်လိုက်လေ၏။

ရန်သူသည် မီးတုတ်ကို အိမ်ထဲပစ်သွင်းပြီး အိမ်ထဲသို့ တစ်ဟုန်ထိုး ပြေးသွားလေတော့၏။

သို့သော် မည်သူ့ကိုမျှ မမြင်ရဘဲ အိမ်ထဲတွင် ဗလာဖြစ်နေသည်ကိုသာ တွေ့ရသည်။

သံတုတ်ကိုင် လူဆိုးသည် နောက်ဘေးတံခါး ပွင့်နေသည်ကို မြင်သည်နှင့် ချက်ချင်း အော်လိုက်သည်။

"အစ်ကိုကြီး အိမ်ထဲကလူ နောက်ဘေးထွက်ပြေးပြီဗျို့"

သို့ဖြစ်၍ မိုးပျံကျားသစ်က တံ့ဆိုင်းမနေတော့ဘဲ တံခါးကို ဝိတ်ကန်၍ တစ်ဟုန်ထိုး ပြေးထွက်သွားတော့သည်။

သို့သော် သူတို့နှစ်ယောက် တံခါးကို ကျော်ဖြတ်လိုက်သည်နှင့် မျက်နှာချင်းဆိုင်မှ လက်နက်ပုန်း သံလုံးငါးလုံး ပျံသန်းလာတော့သည်။

၎င်းတို့နှစ်ယောက်မှာ တိမ်းရှောင်ရန် အချိန်မရတော့ဘဲ သံလုံးထိမှန်သွား၍ လဲကျသွားတော့၏။

သူတို့တစ်တွေ အငိုက်မိသွားလေပြီ။ လီစွမ်းမေသည် သက်စွန့်ဆံဖျား ကြိုးစားရသောကြောင့် ချွေးများ ပြန်နေသည်။

ထို့နောက် လီစွမ်းမေသည် မိန်းကလေး ရှန်စုရှမ်းဆီသို့ တစ်ဟုန်ထိုး ပြေးသွားသည်။

မြင်ကွင်းမှာ မမြင်ရက်စရာ ကြောက်စမန်းလိလိဖြစ်နေသည်။ လူဆိုးတစ်ယောက်က အိမ်ထဲတွင် လဲကျနေသည်။ မိန်းကလေးတို့သားအဖမှာ တစ်ယောက်သေပြီး ကျန်တစ်ယောက်မှာ မူးမေ့နေသည်။

လီစွမ်းမေက မိန်းကလေးကို ကပျာကယာ ဖေးထူမပြီး နှိပ်နယ်ပေး၏။ အတန်ကြာသော် မိန်းကလေးမှာ သတိပြန်လည်၍ ရလာသည်။

မိန်းကလေးမှာ ဖခင်တစ်ယောက် ရက်စက်စွာ အသတ်ခံရ



သည်ကို မြင်ရသောအခါ မျက်ရည်ဖြိုင်ဖြိုင်ကျပြီး ငိုယိုမြည်တမ်းလေတော့သည်။

လီစွမ်းမေက ဖျောင်းဖျပြောဆို၏။

"ငိုမနေပါနဲ့ ညီမရယ်၊ ညီမရဲ့ရန်သူတွေ မသေသေးဘူးကွယ်"

ထိုစကား ကြားသောအခါ မိန်းကလေး ရှန်စုရှမ်းက ချက်ချင်း ထခုန်ပြီး မူးမေ့နေသော ရန်သူများကို သတ်ဖြတ်ရှင်းလင်းလိုက်တော့၏။

ထို့နောက် ဆောင်ဓားကို နံဘေးသို့ချပြီး ချုံးပွဲချငိုကြွေးပြန်တော့၏။

"တိတ်ပါတော့ ညီမရယ်၊ အခုအချိန်မှာ ရန်သူတွေလည်း သေခဲ့ပြီပဲ၊ အဲဒီတော့ ဦးလေးကို မြေမြှုပ်ရဦးမယ်ကွယ်၊ ပြီးတော့ ဦးလေးနဲ့ ဘယ်လိုရန်စရှိတယ်ဆိုတာ မမကိုလည်း ပြောပြပါဦး"

ထိုအခါကျမှ ရှန်စုရှမ်း အငိုတိတ်၍ သတိရလာ၏။ လူဆိုးတွေ၏ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်ပေးသည်။

ထို့နောက် နှစ်ယောက်သား ကျင်းတူး၍ သူမ ဖခင်၏ အလောင်းကိုလည်း ဂူတွင်းမြှုပ်နှံလိုက်တော့သည်။

ကိစ္စအားလုံး ပြီးပြတ်သောအခါ ရှန်စုရှမ်းမှာ သူတို့အကြောင်းကို ပြန်လည်၍ ပြောပြလေ၏။

ရှမ်ယွမ်းရှန့်မှာ ယခင်က သိုင်းဆရာတစ်ဦး ဖြစ်ခဲ့၏။ ကျန်းကျားနိုမြို့တွင် ရှိသော သယ်ပို့လုပ်ငန်း ဌာနချုပ်တွင် ဂိုဏ်းဆရာကြီး ရှိလီ၏ လက်ထောက်ဖြစ်ခဲ့သည်။

သူသည် အသက်သုံးဆယ်မှာပင် လက်စွဲတော် ကြယ်ခုနစ်ပွင့် ဓားဖြင့် နာမည်ကျော်ကြားခဲ့၏။ သူတို့ အာမခံစောင့်ကြပ်သော ကုန်ပစ္စည်းများမှာ တစ်ခါမျှ တိမ်းစောင်းချွတ်ချော်ခြင်း မရှိခဲ့ပေ။

သို့သော် ရှမ်ယွမ်းရှန့် အသက်ငါးဆယ်ကျော် ၁၃င် အသက်အရွယ် ထောက်လာပြီမို့ ၎င်းလုပ်ငန်းမှ အနားယူရန် ဆုံးဖြတ်လိုက်၏။

သူသည် အနားယူပြီး သုံးနှစ်အချိန်မှာပင် ၄င်းဆရာကြီး ရှိလီမှာ လူကြီးရောဂါဖြင့် ကွယ်လွန်ခဲ့လေ၏။

ထို့ကြောင့် ဖခင်လုပ်ငန်းကို သားဖြစ်သူ ရှိကျိုအူက ဆက်ခံ၍ သယ်ပို့လုပ်ငန်းကို ဆက်လက် လုပ်ဆောင်ခဲ့လေသည်။

သို့သော် သုံးလမပြည့်မီပင် ၎င်းတို့ တာဝန်ခံ လိုက်လံပို့ဆောင်သော ပစ္စည်းများကို လမ်းခုလတ်တွင် ပြဿနာပေါ်သည်။

တန့်ကြေး ငါးသောင်းတန် ပစ္စည်းများကို ဓားပြခေါင်းဆောင်ဖြစ်သူ မိုးပျံကျားသစ်က လမ်းမှဖြတ်တိုက်လိုက်၏။

ထိုသတင်းကိုကြားသိသောအခါ ခေါင်းဆောင်ဖြစ်သူ ရှိကျိုအူ ခေါင်းကြီးသွား၏။ သို့သော် လက်ထောက်သိုင်းဆရာများမှာ ဒဏ်ရာအသီးသီး ရရှိသည့်အပြင် မိုးပျံကျားသစ်၏ သိုင်းပညာများမှာလည်း အလွန်ထက်မြက်လှသည်။

ထိုသို့ ကြံရာမရဖြစ်သောအခါ ရှမ်ယွမ်းရှန့်ကို သတိရမိ၏။

သို့ဖြစ်၍ ဆရာကြီး ရှမ်ယွမ်းရှန့်ထံသို့ တောင်းပန်ပြောကြားရင်း အတိုက်ခံရသည့် ပစ္စည်းများကိုလည်း ပြန်လည်ရရှိရန်နှင့် ရန်သူများအား ရှင်းလင်းပေးရန် ပြောဆိုလေသည်။

ဆရာကြီး ရှမ်ယွမ်းရှန့်မှာ မလွှဲသာ မရှောင်သာမို့ လက်ခံလိုက်ရသည်။ ထို့ကြောင့် အခင်းဖြစ်ရာသို့ ရှိကျိုအူနှင့် ချက်ချင်းလိုက်သွားသည်။

လဝက်ခန့် အပူတပြင်း ရှာဖွေသောအခါ မိုးပျံကျားသစ်၏ စခန်းကို ရှာဖွေတွေ့ရှိတော့သည်။

ထိုအခါ သိုင်းလောကမှ ဓလေ့ထုံးစံအတိုင်း တွေ့ခွင့်ပန်ကြား၍ ကုန်ပစ္စည်းများကို ပြန်အပ်ရန် တောင်းဆို၏။

သို့သော် ဓားပြခေါင်းဆောင် မိုးပျံကျားသစ်က ကုန်ပစ္စည်းများကို ပြန်မပေးချေ။

ရှမ်ယွမ်းရှန့်မှာ မခံမရပ်နိုင်ဖြစ်ပြီး မိုးပျံကျားသစ်နှင့် မကျေပွဲ နွှဲရလေသည်။

မိုးပျံကျားသစ်၏ ကျားခေါင်းသံချိတ်က ပြင်းထန်လှသော်လည်း ရှမ်ယွမ်းရှန့်၏ ကြယ်ခုနစ်ပွင့်ဓားကို မမီပေ။

သို့ဖြစ်၍ သိုင်းကွက် တစ်ရာကျော်ခန့် ယှဉ်ပြိုင်သတ်ပုတ်သောအခါ မိုးပျံများသစ်၏ အငိုက်တွင် ဆရာကြီး ရှမ်းယွမ်းရှန့်က ဓားကို လက်ပြန်တစ်ချက်ဆွဲ၍ ရန်သူ၏ နားရွက် တစ်ဖက်ကို တိခနဲ ဖြတ်ခဲ့လေသည်။

လူဆိုးများ ရုတ်ရုတ်သဲသဲ ဖြစ်သောအခါတွင်မှ မိုးပျံကျားသစ်က ခေါင်းဆောင်ပီပီ ဟန့်တားလိုက်၏။

ထို့ပြင် ကုန်ပစ္စည်းများကို ပြန်လည်အပ်နှံလိုက်သည်။

ဓားပြခေါင်းဆောင် မိုးပျံကျားသစ်က ကုန်ပစ္စည်းများ ပြန်ပေးရင်း ...

"ဆရာကြီးရဲ့ ဓားသိုင်းဟာ ချီးကျူးထိုက်ပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ မကျေနပ်ဘူးဗျ၊ ခင်ဗျား မသေမချင်း မှတ်ထားပါ၊ နောက်သုံးနှစ်ကြာရင် ခင်ဗျားဆီမှာ ရန်ကြွေးလာတောင်းရလိမ့်မယ်"

ဆရာကြီး ရှမ်ယွမ်းရှန့် အောင်ပွဲခံပြီး ပြန်လာသောအချိန်မှစ၍ ရန်ကြွေးကြောင့် စိတ်မချမ်းမသာ ဖြစ်မိသည်။

ထို့ကြောင့် အိမ်မှပစ္စည်းဥစ္စာများကို ထုခွဲပြီး ရန်ကို ရှောင်ရန် ဆုံးဖြတ်လေတော့သည်။

ထိုအချိန်တွင် မိန်းကလေး ရှန်စုရှမ်းမှာ အသက် ဆယ့်နှစ်နှစ်အရွယ်ရှိသေး၏။ သူမက ကလေးပီပီ ကြားဝင်ဆိုလိုက်၏။

"အို ... ဖေဖေကလဲ လူဆိုးတွေဟာ ကြီးကျယ်တဲ့ စကား ပြောတာပါ၊ ဖေဖေ သူတို့ကို ကြောက်စရာမလိုပါဘူး"

"အင်း ... ခက်တာပဲ သမီးရယ်၊ ဖေဖေဟာ အသက်ကြီးလာပြီကွယ်၊ ပြီးတော့ လူဆိုးတွေဟာ ပြောတဲ့အတိုင်း တကယ်လုပ်မှာ၊ ဓားပြခေါင်းဆောင် မိုးပျံကျားသစ်ဟာ အခုမှ အသက် သုံးဆယ်ကျော် ရှိသေးတယ်၊ အဲဒီတော့ ဖေဖေ ရန်ရှောင်တာ ကောင်းပါတယ်"

မိန်းကလေး၏ ဖခင် ရှမ်ယွမ်းရှန့်သည် ထိုသို့ပြောကြားပြီး



သည့်နောက် တောင်တန်းဒေသ ဤနေရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့လေသည်။

သို့သော် လူဆိုးများ၏ ရန်ကို သုံးနှစ်တိတိ ရှောင်ခဲ့သော်လည်း ဓာတ်သိမ်းမကောင်းခဲ့ချေ။

အကြောင်းစုံ သိရှိသောအခါ လီစွမ်းမေ သက်ပြင်းချလိုက်သည်။

"ညီမ ဝမ်းနည်းမနေပါနဲ့တော့ကွယ်၊ မမဟာ ဓားဝိဇ္ဇာ လီစွမ်းမေပါ၊ တို့ချင်းဟာ ရေစက်ဆုံလေတော့ ညီမကိုပဲ မမ တပည့်အဖြစ် လက်ခံပါမယ်"

ထိုအခါ ရှန်စုရှမ်းသည် ဝမ်းနည်းဝမ်းသာ ဖြစ်ရင်း ကြမ်းပြင်ပေါ်တွင် ဒူးထောက်လျက် ဆရာသမားဖြစ်သော လီစွမ်းမေကို ကန်တော့လိုက်သည်။

"ကဲ ... အခုအချိန်မှာတော့ မမ သိုင်းပညာ သင်ကြားလို့ မဖြစ်သေးဘူးကွယ်၊ သိုင်းပညာ ပုံမှန်ပြန်ဖြစ်အောင် နှစ်ဝက်လောက် စောင့်ရလိမ့်မယ်၊ အဲဒီတော့ လောလောဆယ်မှာ ညီမကို အတွင်းအား လေ့ကျင့်နည်း သင်ပေးမယ်"

ထိုနေ့မှစပြီး လီစွမ်းမေသည် သူ၏တပည့်မကို ခွန်လွန်ဂိုဏ်းမှ အတွင်းအား လေ့ကျင့်နည်းကိုလည်း သင်ကြားပေးသည့်အပြင် လက်တွေ့ လေ့ကျင့်နည်းကိုပါ သင်ကြားပေးလိုက်၏။

* * *

အချိန်သည် ချားရဟတ်ပမာ လည်ပတ်ရင်း နှစ်ဝက်အချိန်ကာလ ကုန်လွန်ခဲ့လေပြီ။

ထိုအချိန်တွင် လီစွမ်းမေ ပြန်လည်လန်းဆန်းလာပြီး သိုင်းပညာမှာ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်သွားလေတော့သည်။

သို့ဖြစ်၍ ဆရာသမားကို လွမ်းဆွတ်တမ်းတသောကြောင့် ပြန်လိုစိတ် ပေါ်ပေါက်လာသည်။

"ညီမ ... မနက်ဖြန် မမပြန်တော့မယ်ကွယ်၊ ညီမလည်း ဆရာဘိုးဘိုးနဲ့တွေ့ရအောင် တစ်ပါတည်း လိုက်ခဲ့ပါ"

ထိုစကားကြားသောအခါ ရှန်စုရှမ်းက အားရဝမ်းသာစွာဖြင့် ခရီးထွက်ရန် သဘောတူလိုက်၏။

လီစွမ်းမေက သူ၏တပည့်မကို ခေါ်ဆောင်၍ တောင်တန်းတဲအိမ်မှ ခွဲခွာပြီး အနောက်ဘက်အရပ်သို့ ခရီးနှင်သည်။

နှစ်ရက်ခန့် တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ပြီးသောအခါ ပိုခလောင် တောင်ခြေရင်းသို့ ရောက်ရှိလာကြ၏။

ထိုအချိန်တွင် နေဝင်ရီသရောအချိန်ဖြစ်နေလေပြီ ...။

ပတ်ဝန်းကျင် တစ်ခုလုံးတွင် ချုံနွယ်မြက်ရိုင်းများဖြင့် ပြည့်နက်နေသည်ကိုသာ တွေ့ရ၏။

ကျယ်ဝန်းလှသည့် တောင်ကလပ်ပေါ်တွင် တိတ်ဆိတ်ခြောက်ကပ်၍ လူနေအိမ်ခြေ လုံးဝမမြင်ရပေ။



သည့်နောက် သစ်ပင်ပေါ်၌ တစ်ညတာ နိုးနားရန် ဆုံးဖြတ်လိုက်၏။

ထို့နောက် သူမ၏ တပည့်မကို အထုပ်ဖြေစေ၍ သစ်ပင်ခွကြားသို့ တက်ကာ အထုပ်ကို ခေါင်းအုံးရင်း အပန်းဖြေလေသည်။

သန်းခေါင်ယံ သုံးချက်တီးအချိန်တွင် လီစွမ်းမေသည် လန့်နိုးလာသည်။

သိုင်းပညာအဆင့်မြင့်သူတို့သည် မျက်စိလျှင်၍ နားပါးသူများပင် ဖြစ်ကြ၏။ သို့ဖြစ်၍ အနီးပတ်ဝန်းကျင်မှ တချွတ်ချွတ် မြည်သော အသံကို ကြားသည်နှင့် ချက်ချင်း သတိအနေထားဖြင့် နေလေတော့သည်။

ထိုအခါ အသံဗလံများက ဆယ်ကိုက်ကျော်အကွာ တောအုပ်မှ ပျံ့လွင့်လာသည်ကို အကဲခတ်မိသည့်ပြင် အသက်ပြင်းပြင်း ရှူရှိုက်သံနှင့် အရိုးတွေတကျွတ်ကျွတ်ဝါးမြည်သံများ ရောပြွမ်းနေသည်ကိုပါ ကြားရ၏။

"အလို ... တောရိုင်းတိရစ္ဆာန်တွေ ရောက်နေပြီ ထင်တယ်"

လီစွမ်းမေသည် အိပ်မောကျနေသော တပည့်မကို တစ်ချက်ကြည့်ပြီး ကိုယ်ဖော့ပညာဖြင့် သစ်ပင်၏ ကိုင်းဖျားသို့ ခုန်တက်လိုက်၏။

ထို့နောက် အသံလာရာဆီသို့ ကိုယ်ဖော့ပညာဖြင့် သစ်ပင်များကို ခုန်ကူး၍သွားသည်။

ထိုအချိန်တွင် လရောင်ထိန်ထိန်သာနေသည်။ လီစွမ်းမေ

သစ်ပင်ငါးပင် ကျော်လွှားခုန်ကူးမိသည်နှင့် တောအုပ်ထဲတွင် သန်းမာထွားကြိုင်းသော လူဝံနှစ်ကောင်ကို တွေ့ရတော့သည်။

ထိုလူဝံနှစ်ကောင်မှာ အရပ်ဆယ်ပေးခန့်မြင့်ပြီး တစ်ကိုယ်လုံး အမွေးတွေနဲ့ ထူထပ်ပြည့်နှက်နေ၏။ သူတို့၏ မျက်နှာမှာ လူနှင့် အလားသဏ္ဍာန်တူ၍ ခေါင်းဆံပင်များ ဖွားလျားကျနေသည်။

၎င်းတို့နှစ်ကောင်မှာ ကွက်လပ်တွင် ထိုင်၍ လူသေအလောင်း တစ်လောင်းကို အစိမ်းလိုက် ဝါးစားနေ၏။

ထိုမြင်ကွင်းကို မြင်သောအခါ လီစွမ်းမေ အသည်းတထိတ်ထိတ် ဖြစ်ပြီး ဝေဖန်စဉ်းစားမိလေ၏။

"အင်း ... ဒီမကောင်းဆိုးဝါးကောင်တွေကို လျစ်လျူရှုထားလို့ မဖြစ်ဘူး၊ ဒါပေမယ့် ဆောင်ဓားနဲ့ဝင်ပိုင်းရင် ကိုယ့်ကိုယ် အန္တရာယ်ပြုနိုင်တယ် ...၊

"အဲဒီတော့ လက်နက်ပုန်းနဲ့ ဒီကောင်တွေရဲ့ မျက်လုံးကို ကန်းအောင် အရင်လုပ်ရမယ်၊ နောက်ပိုင်းကျမှ ဒီကောင်တွေကို သုတ်သင်ရှင်းလင်းမယ်"

ထိုသို့ ဆုံးဖြတ်ပြီး လီစွမ်းမေသည် အနီမှဘက်တွင်ရှိသော သစ်ခွပင်ကြားတစ်ခုဆီသို့ ခုန်ဆင်းလိုက်၏။

ထိုနောက် ကျောပိုးအိတ်မှ သံလုံးလက်နက်ပုန်းလေးလုံးကို ထုတ်ယူပြီး လွှဲပစ်လိုက်၏။ တဝိုးဝိုးမြည်သံနှင့်အတူ ရောင်ခြည်တန်း လေးတန်း ဖြာဆင်းသွားသည်။ လူဝံတို့၏ မျက်လုံးဆီသို့ တစ်ဟုန်ထိုး ပြေးရိုက်သွားတော့၏။



သို့သော် တောရိုင်း တိရစ္ဆာန်မှာ အလွန် အကင်းပါးသော သတ္တဝါများပင် ဖြစ်၏။ လီစွမ်းမေ၏ လွှပ်ရှားသံကို ကြားသည်နှင့် ဝဲဘက်တွင်ရှိသော လူဝံက လည်ပင်းစောင်း၍ ချက်ချင်းရှောင်လိုက်၏။

ထိုအခါ မျက်လုံးကို မထိမှန်ဘဲ သူ၏ပခုံးဆီသို့ သံလုံးမှာ မြုပ်ဝင်သွားတော့သည်။

ညာဘက်တွင်ရှိသော လူဝံက ရှောင်လိုက်သော်လည်း နောက်ကျသွားလေ၏။ သံလုံးတစ်လုံးမှာ နဖူးပြင်ကို ရှပ်မှန်ပြီး ကျန်တစ်လုံးက မျက်လုံးသို့ တည့်တည့်ထိမှန်သွားတော့သည်။

သို့ဖြစ်၍ ဒဏ်ရာရသော လူဝံသည် အသည်းခိုက်အောင် နာကျင်သောကြောင့် ကြောက်ခမန်းလိလိ ဟိန်းဟောက်လိုက်သည်။

လီစွမ်းမေသည် သစ်ပင်ပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။

ထိုအခါ လူဝံနှစ်ကောင်သည် ချက်ချင်း ထလာပြီး ရန်မူလေတော့၏။

လူဝံနှစ်ကောင်သည် ယပ်တောင်ခန့်ကြီးမားသော လက်ဝါးကို ဝှေ့ရမ်း၍ လီစွမ်းမေ၏ မျက်နှာကို ဖမ်းဆုပ်ကုတ်ခြစ်လိုက်၏။ လီစွမ်းမေသည် ကိုယ်ကို အတန်ငယ် စောင်း၍ ဓားဖြင့် လက်ပြန်တစ်ချက် ခွက်လိုက်သည်နှင့် လူဝံတစ်ကောင်၏ လက်လေးချောင်းစလုံးကို တီခနဲ ပြတ်သွားသည်။

နာကျင်လွန်းသောကြောင့် လူဝံတို့သည် သစ်ပင်ကို ပြေးဖက်ပြီး သစ်ပင်တစ်ပင်လုံး တုန်ခါလှုပ်ရမ်းလိုက်သည်။

ဎင်းအချိန်မှာပင် လီစွမ်းမေက သူ၏ ချက်ကောင်းနေရာသို့ ပိုင်းချရန် ဓားကိုဝင့်လိုက်၏။

သို့သော် လူဝံက ကျောက်တုံးကြီးတစ်တုံးကို မပြီး သူမဆီသို့ အဟုန်ပြင်းစွာဖြင့် ပစ်လွှတ်လိုက်သည်။

လီစွမ်းမေ ခုန်ရှောင်လိုက်သည်။

သည့်နောက် လီစွမ်းမေသည် ကိုယ်ဖော့ပညာဖြင့် လေထုထဲသို့ ပျံလွှားငှက်တစ်ကောင်ပမာ ခုန်တက်လိုက်ပြီး ဓားကို ဝင့်လိုက်၏။

ထိုအခိုက် သူမ၏ ကျောဘက်မှ လေအေးအေးဖြင့် ပြောလိုက်သော အသံကို ရုတ်တရက် ကြားလိုက်ရ၏။

"တို့ချင်း ကံမကုန်လို့ ထပ်တွေ့ရပြန်ပြီ"

ထိုအသံကို ကြားသည်နှင့် လီစွမ်းမေမှာ အသံရှင်ကို ကောင်းစွာ ကျက်မှတ်မိ၏။ ထိုသူတို့မှာ ကျင်းတောင်ညီနောင် နှစ်ဖော်၏ အသံပင် ဖြစ်ပေတော့သည်။

ထိုခဏတွင် လီစွမ်းမေက လူဝံကို ဆက်လက်မတိုက်တော့ဘဲ သစ်ပင်ပေါ်သို့ ခုန်တက်လိုက်၏။

သစ်ကိုင်းပေါ်သို့ ရောက်သည်နှင့် ကျင်းတောင်ညီနောင်နှစ်ဖော် ကွင်းပြင်သို့ ဝင်လာသည်ကို တွေ့လိုက်ရသည်။ အံ့ဩဖို့ကောင်းသည်မှာ ထိုလူဝံနှစ်ကောင်သည် သူတို့နှစ်ယောက်ကို တွေ့သောအခါ လက်ဟန်ခြေဟန်ဖြင့် ပြောဆိုလေတော့သည်။

လူဝံတွေ၏ ပြောကြားချက်ကို ကြားသိရသောအခါ ကျင်းတောင်ညီနောင် နှစ်ဖော်တို့က မျက်လုံးပင့်၍...



"ဒီမယ်အမျိုးသမီး ဟောဒီ နှစ်ကောင်ကို မင်း ဘာကြောင့် ရန်ရှာရတာလဲ၊ အခုအချိန်မှာ မင်း လက်နက်ချပြီး အညံ့ခံရင် ကောင်းမယ်၊ နို့မဟုတ်ရင် ဟောဒီ နင်းတောင်က လူနှစ်ကောင်ကို ရန်ကြွေးဆပ်နိုင်းရလိမ့်မယ်"

နင်းတောင်ပေါ်က နင်းတောင်လူနှစ်ယောက်ကို သူတို့ သိမ်းသွင်းထားခြင်းပင် ဖြစ်ကြောင်း လီစွမ်းမေမှာ ဝေဖန်သုံးသပ်မိသည်။

ထိုအခါ လီစွမ်းမေက တစ်ချက်အော်လိုက်၏။ သစ်ပင်အောက် ခုန်ချမည့်ဟန်မျိုး ပြင်လိုက်၏။ သို့သော် တကယ်မဆင်းဘဲ သူမသည် လက်ထဲတွင် ဆုပ်ထားသော သံလုံးဖြင့် လက်နက်ပုန်းကို ပစ်လွှတ်လိုက်လေသည်။

ယှူးရန့်ထိုက တုတ်ကောက်ကို ဝှေ့ရမ်းပြီး သံလုံးကို ပစ်ထုတ်လိုက်၏။ သည့်နောက် လီစွမ်းမေမှာ လှည့်၍ တောင်အောက်သို့ တစ်ဟုန်ထိုး ပြေးဆင်းသွားလေတော့သတည်း။

"ဟော့ ... ညီလေး သူ့ကို ထွက်မပြေးစေနဲ့"

လီစွမ်းမေ၏ နောက်သို့ ကျင်းတောင်ညီနောင် နှစ်ဖော်နှင့် လူဝံနှစ်ကောင်တို့သည် ထပ်ချပ်မကွာ ဒလကြမ်း လိုက်သွားလေတော့သည်။

ပြေးသူနှင့် လိုက်သူတို့သည် တောတောင်အထပ်ထပ်ကို ကျော်လွှားပြီး ခရီးရှည်ပြေးပွဲ ဆင်နွှဲလေတော့သည်။

လီစွမ်းမေသည် သူ၏တပည့်မ ရှန်စုရှမ်းကို အန္တရာယ်ဖြစ်မည် စိုးသောကြောင့် မှုလနေရာ၌ ထားခဲ့သည်။

ထိုအခါ လီစွမ်းမေသည် ပြေးရင်း ချိုထိုင်မြို့ကို ကျော်ဖြတ်၍ ကျုန်းတောင်သို့ အရောက်သွားပြီး တစ်လခန့် ပုန်းနေခဲ့သည်။

သို့သော် ကျင်းတောင်ညီနောင် နှစ်ဖော်တို့ နှင်းတောင်မှ လူအားကိုးဖြင့် နောက်ယောင်ခံလိုက်ခဲ့ကြသည်။

နှင်းတောင်မှ လူဝံတို့သည် ခြေရာခံသည့်နေရာတွင် အထူးကျွမ်းကျင်၏။ သို့သော် လမ်းခုလတ်တွင် တရကြမ်း ခရီးနှင်ရသောကြောင့် မျက်ကန်း လူဝံတစ်ကောင် ချောက်ကမ်းပါးသို့ကျ၍ သေဆုံးသွား၏။

ထို့ကြောင့် လီစွမ်းမေကို နှင်းတောင်ပေါ်တွင် မိလာ၏။

လီစွမ်းမေမှာ အလွန်ပင်ပမ်းမောဟိုက်နေပြီး ရှေ့သို့ ဆက်၍မပြေးနိုင်တော့ဘဲ ကျင်းတောင် နှစ်ဖော်တို့နှင့် ပြင်းထန်သော တိုက်ပွဲ ဖြစ်ပွားရတော့၏။

ထိုတိုက်ပွဲတွင် လီစွမ်းမေက လူဝံတစ်ကောင်ကို သုတ်သင်ရှင်းလင်းနိုင်ခဲ့သော်လည်း ဟူးရန်ထို၏ ပြင်းထန်သော လက်သီးတစ်ချက် မိခဲ့လေသည်။

သို့ဖြစ်၍ လီစွမ်းမေမှာ ဆာပူလာ ကျောင်းဆောင်သို့ ဝင်ရောက်၍ ဆရာတော် အုဇ္ဇာထံတွင် ခိုလှုံခွင့်တောင်းခဲ့ရ၏။

ဤကား လီစွမ်းမေ၏ ဘဝတစ်စိတ်တစ်ပိုင်းပင် ဖြစ်လေတော့၏။

* * *



## အခန်း(၃၉)

## ပရိယာယ်

မိုးစင်စင်လင်းလေပြီ။

တစ်ညတာ အေးဆေးစွာ ကုန်လွန်သွား၏။

ကြည်လင်ဝင်းပသော နေရောင်ခြည်မှာ ကျောင်းဆောင်သို့ ဖြာဆင်းလာ၏။

ဆရာတော်အုဇ္ဇာမှာ ကျောင်းဆောင် ခန်းမကြီးသို့ ဝင်လိုက်သည်။

လီစွမ်းမှော ဖျာပေါ်တွင်ထိုင်ကာ ဒဏ်ရာသက်သာဟန် ပေါ်လွင်နေသည်ကို တွေ့ရသည်။

ဆရာတော်အုဇ္ဇာ ကြွရောက်လာသည်ကို မြင်သောအခါ လီစွမ်းမေက လက်စုံမိုး၍ ကန်တော့လိုက်၏။

ဆရာတော် အုဇ္ဇာမှာ ကရုဏာသက်စွာဖြင့် မေးမြန်းလိုက်လေသည်။

"တကာမ နေသာထိုင်သာ ရှိရဲ့လား"

"တင်ပါ့ ဘုရား၊ တပည့်တော်မရဲ့ဒဏ်ရာ သက်သာလာပါပြီ၊ မြင်းနို့ရှိရင် တပည့်တော်မကို တစ်ခွက်လောက် ကူညီပါဘုရား"

ဆရာတော်အုဇ္ဇာသည် တကာမကို သံသယဖြစ်မိသော်လည်း ကူညီရမည့် ဝတ္တရား ရှိသည့်အတိုင်း မြင်းနို့ပူပူတစ်ခွက် ယူပေးလိုက်သည်။

သို့သော် အိပ်ခန်းသို့ ပြန်ဝင်လာသောအခါ လီစွမ်းမေ၏ အရိပ်အယောင်မျှပင် မမြင်ရတော့ပေ။

သို့ဖြစ်၍ ဆရာတော်အုဇ္ဇာက အသံကျယ်ဖြင့် လှမ်းခေါ်လိုက်လေသည်။

ပတ်ဝန်းကျင်ကို လိုက်ကြည့်ရှုနေစဉ် ဆရာတော်၏ ကျောဘက်မှ ပိန်လှီဝါကျင့်နေသော လက်တစ်ဖက် ရုတ်ခြည်း ထွက်ပေါ်လာသည်။

ဆရာတော်အုဇ္ဇာမှာ အလန့်တကြားဖြင့် အော်မိသည်။ ဆရာတော် အုဇ္ဇာ လှည့်ကြည့်လိုက်သောအခါ သာ၍ ထိတ်လန့်တုန်လှုပ်မိ၍သည်။

အဘယ့်ကြောင့်ဆိုသော် ...

ကျင်းတောင်ညီနောင် နှစ်ဖော်တို့၏ ကြောက်မက်ဖွယ်ကောင်းသော မျက်နှာကို မြင်လိုက်ရခြင်းပေတည်း။

သူတို့၏ ဆံရှည်တွေက ရှုပ်ပွ၍ ဖွားလျားကျနေ၏။

မျက်နှာမှာ ဝါဖန့်ဖန့်ဖြစ်ပြီး လူရုပ်နှင့် မတူအောင် အကျည်းတန်လှသည်။



ထိုအခါ အစ်ကိုဖြစ်သူ ဟူးရန်ထိုက ...

"ဆရာတော် ... မနေ့ညက ထွက်ပြေးလာတဲ့ အမျိုးသမီးကော ..."

"သူ ... ဘယ်ကိုထွက်ပြေးသလဲ"

"အဲ ... အဲဒါ ဆရာတော်လည်း မသိဘူး၊ သူ မနက်ကတည်းက ထွက်သွားတာပဲ"

"ဆရာတော် မနေ့က ရောက်လာတဲ့ အမျိုးသမီး ဘယ်ရောက်သွားသလဲ၊ မှန်မှန်ဖြေစမ်းပါ"

ဟူးရန်ထို၏ ရိုင်းစိုင်းမိုက်ကန်းသော မေးခွန်းကို စိုးရွံ့သောကြောင့် ဆရာတော်အုဇ္ဇာ ပြန်ဖြေလိုက်သည်။

"အင်း ... တကာမဟာ မနေ့ညကတော့ ဒီမှာ အနားယူပါတယ်၊ ဒါပေမယ့် အခုမနက် အစောကြီးက ပြန်သွားပါတယ်"

"အို ... မယုံနိုင်ဘူး"

ဟူးရန်ကျိန်းသည် မကျေမနပ်ဖြင့် ကျောင်းဆောင်တစ်ခုကို နေရာအနှံ့ လိုက်လံရှာဖွေလေတော့သည်။

မိန်းကလေး၏ အရိပ်အယောင်မျှပင်မမြင်ရသောအခါ အစ်ကိုဖြစ်သူ ဟူးရန်ထိုက စိတ်ပျက်စွာဖြင့် ဆိုလိုက်သည်။

"ကိုင်း ... ညီလေး ... သူမရှိတော့ဘူး၊ တို့ပြန်ကြစို့ကွာ"

"အို ... မဟုတ်တာ အစ်ကိုရာ၊ ကျွန်တော့်မှာ နည်းတစ်နည်း ရှိပါတယ်၊ အဲဒီနည်းနဲ့ဆိုရင် သူပြန်လာမှာပါ"

"ကဲ ... ဆိုစမ်းပါဦး၊ မင်းနည်းက ..."

ဟူးရန်ကျိန်းက သူ၏အစ်ကိုရဲ့နားကို ကပ်၍ တီးတိုးပြောလိုက်သောအခါ အစ်ကိုဖြစ်သူက ခေါင်းညိတ်၍ ဖြေလိုက်သည်။

"အင်း ... မင်းနည်းက ဆိုးတော့ မဆိုးပါဘူးကွာ၊ ဒါပေမယ့် နောက်တစ်နေ့မှာ သတင်းပေါက်ကြားသွားရင် တို့ညီအစ်ကိုကို ကဲ့ရဲ့စရာ ဖြစ်နေပါဦးမယ်"

"ဒါပေမယ့် အကြောင်းမဟုတ်ပါဘူး အစ်ကိုကြီး၊ ကျွန်တော်တို့ အဲဒီအမျိုးသမီးကို ရနိုင်ဖို့ အရေးကြီးပါတယ်၊ ဒါမှ အတွင်းအား လေ့ကျင့်နည်းနဲ့ ပန်းစကြာသိုင်းကွက်ကို တတ်ကျွမ်းမှာပါ"

ညီအစ်ကိုနှစ်ယောက်သည် ဆရာတော် အုဇ္ဇာကို ချော့ချီခြောက်ချီဖြင့် နှိပ်စက်ကလူ ပြုကြတော့သည်။

ကျင်းတောင်ညီနောင်နှစ်ဦး၏ နှိပ်စက်ခြင်းကို ဆရာတော်က ကြိတ်မှိတ်ခံစားနေရသည်။

လီစွမ်းမေသည် ကိုယ်ပေါ်မှ သားရေကျောကင်ကို ချွတ်၍ နှင်းတောထဲမှာ ဝပ်နေ၍ မျှော်ခဲ့၏။ သူမျှော်နေသည်မှာ ကျင်းတောင်ညီနောင်ကိုသာ ဖြစ်ပါ၏။

ထိုအခါ တဖွဲဖွဲကျနေသော နှင်းမြူမှုန်တွေက သူမ၏ကိုယ်ကို နှင်းတောနှင့် တသားတည်း လွှမ်းခြုံထားတော့သည်။

ထို့ကြောင့် အခွင့်သာသည်နှင့် သူမက ဆရာတော်ကို လျှပ်တစ်ပြက်အတွင်းမှာ ဝင်ရောက် ကယ်တင်နိုင်ခဲ့သည်။

သူမ၏အကြံ ထမြောက်အောင်မြင်သည်နှင့် ဆရာတော်ကို ကျောတွင်ပိုးပြီး တရကြမ်း ပြေးလေတော့သည်။



ကိုက်တစ်ရာကျော်သို့ ရောက်သောအခါ လီစွမ်းမေက ဆရာတော်ကို အောက်သို့အသာချပြီး ဆောင်ဓားကို ချက်ချင်း ဆွဲထုတ်လိုက်သည်။

၎င်းအချိန်မှာပင် ကျင်းတောင်ညီနောင်တို့ သူမအနီးသို့ ရောက်လာတော့သည်။

"ဒီမှာ လူယုတ်မာတွေ၊ ရှင်တို့ ဆရာတော်ကို ဘာကြောင့် ဒုက္ခပေးရတာလဲ"

"ဟား ... ဟား ... ဟား ... တို့က မင်းထွက်လာအောင် မျှားခေါ်တာပါ၊ အခုတော့ တို့ရဲ့အကြံ အောင်ပြီပေါ့ကွာ"

"ကိုင်း ... ဒါဖြင့် ကျုပ်တို့ချင်း စာရင်းရှင်းမယ်၊ ဆရာတော်ကို ပြန်ခွင့်ပေးလိုက်ပါ"

"ဟား ... ရပါတယ်ဗျ၊ မြန်မြန်သာ ပြန်ခိုင်းလိုက်ပါ"

ထိုအခါ လီစွမ်းမေက ဆရာတော်ဘက်သို့ လှည့်၍လျှောက်လိုက်သည်။

"ကဲ ... ဆရာတော်ကြားတဲ့ အတိုင်းပါပဲ၊ ဆရာတော် ကျောင်းဆောင်ကို မြန်မြန်ကြွပါ"

ထိုစကားကြားသောအခါ ဆရာတော်အုဇ္ဇာသည် တုန်တုန်ရင်ရင်ဖြင့် ချက်ချင်းထ၍ ကျောင်းသို့ ပြန်ကြွသွားလေတော့သည်။

လီစွမ်းမေက ကျင်းတောင်ညီနောင်အား စကားဆန်းဆန်းပြောလိုက်သည်။

"အင်း ... ရှင်တို့ ညီအစ်ကိုနဲ့ ကျွန်မ တိုက်ပွဲဝင်ခဲ့တဲ့ အကြိမ်

ပေါင်း များ လှပါပြီ၊ တစ်ယောက်ကိုတစ်ယောက် နိုင်အောင် မတိုက်နိုက်နိုင်တော့ တခြားနည်းပြောင်းပြီး တိုက်နိုက်ကြရင် ကောင်းမယ်"

"အံမာ ... ကြီးကြီးကျယ်ကျယ်၊ ကိုင်း ... ဘယ်လိုယှဉ်ပြိုင်မလဲ၊ မြန်မြန်သာ ပြောစမ်းပါ"

ထိုမေးသံကို ကြားသောအခါ လီစွမ်းမေက ဆောင်ဓားကို ခပ်လှမ်းလှမ်းသို့ လှမ်းထိုးပြရင်း ...

"တကယ်တမ်း ပညာစွမ်းပြချင်ရင် အန္တရာယ်ရှိတဲ့ နေရာမှာ ယှဉ်ပြိုင်ဝံ့ရမယ်၊ ကျွန်မတို့ အဲဒီနေရာကိုသွားပြီး ယှဉ်ပြိုင်သတ်ပုတ်ကြမယ်"

သူမ ညွှန်ကြားရာသို့ ကျင်းတောင်ညီနောင် နှစ်ဖော်တို့ ခေါင်းမော့ကြည့်လိုက်သောအခါ တစ်ခေါ်လောက်အကွာတွင် မြင့်မားလှသော တောင်တန်းတစ်ခု ထီးထီးမားမား ရပ်တည်နေသည်ကို မြင်ရ၏။

"အဲဒီတောင်တန်းကြီးဟာ မြင့်မားပြီး ကြောက်မက်ဖွယ်ကောင်းပါတယ်၊ သူ့ရဲ့ ထူးခြားချက်ကတော့ တောင်ကုန်းပေါ်တက်ရာ တစ်လျှောက်လုံးမှာ လှေခါးထစ်ပမာ ကျောက်ဆောင်အချွန်ရှိပါတယ်၊ အဲဒီတော့ ကျွန်မတို့ ပထမအဆင့်အနေနဲ့ ကိုယ်ဖော့ပညာကို ယှဉ်ပြိုင်ကြရအောင်၊ တောင်ထိပ်ကို အရင်ရောက်သူဟာ ပထမပွဲကို အနိုင်ရတာပေါ့ရှင်"

"ကိုင်း ... ပထမပွဲကို နိုင်ပြီးနောက် ဘယ်လိုအကျိုးခံစားခွင့်ရှိမှာလဲ"



"ဟား ... ဟား ... ဟား ... အကျိုးခံစားခွင့် ရှိတာပေါ့ရှင်၊ ရှုံးတဲ့လူဆိုရင် ယှဉ်ပြိုင်သတ်ပုတ်တဲ့အခါမှာ လက်နက်သုံးခွင့်မရဘူးရှင့်"

"အင်း ... ကြိုက်သွားပြီဗျို့၊ ဒါဖြင့် စိမ်လိုက်"

"ရှင်တို့ သဘောတူပြီ မဟုတ်လား၊ ဒါဖြင့် အစစကြစို့"

လီစွမ်းမေသည် စကားဆုံးသည်နှင့် ကိုယ်ဖော့ပညာသုံးပြီး ရှေ့မှ တစ်ရှိုးတည်း ပြေးသွားတော့သည်။

ထိုအခါ ကျင်းတောင်ညီနောင် နှစ်ဖော်လည်း အားကျမခံ နောက်မှ ချက်ချင်း လိုက်သွားသည်။

ထိုသို့ တကယ်တမ်း ယှဉ်ပြိုင်သောအခါတွင် ကျင်းတောင်ညီနောင်နှစ်ဖော်တို့က မလေးလံသောကြောင့် နောက်မှ ကိုက်နှစ်ဆယ် အကွာတွင် နောက်ကျ ကျန်ရစ်ကဲ့သည်။

လီစွမ်းမေသည် တောင်ခြေရင်းသို့ အရင်ရောက်နေလေပြီ။

သို့သော် တောင်တန်းကြီးပေါ်သို့ တက်ရန် ချောက်ကမ်းပါးတစ်ခုက ခြားထားသည်။

တစ်ဖက်နှင့်တစ်ဖက် အကွာအဝေးမှ ဆယ်ကိုက်ခန့်ခြား၏။

၎င်းကို ဆက်သွယ်ထားသော ကျောက်တံခါးတစ်ခု ရှိလေသည်။

အခုအချိန်တွင် ထိုကျောက်တံခါးပေါ်သို့ နှင်းခဲများ ဖုံးဖိလွှမ်းမြိုထားလေပြီ။

ချောက်ကမ်းပါးသို့ ရောက်သည်နှင့် လီစွမ်းမေသည် ကိုယ်

ဖော့ပညာသုံးငြိ လေထုထဲသို့ ပျံလွှားငှက် တစ်ကောင်ပမာ ပျံဝဲပြေးသွားလေတော့သည်။

ဟိုဘက် ချောက်ကမ်းပါးသို့ ရောက်သည်နှင့် လီစွမ်းမေက ဆိုလိုက်၏။

"ဟား ... ဟား ... ဟား ... နာမည်ကြီး ကျင်းတောင်ညီနောင် နှစ်ဖော်ဟာ ညံ့လှချည်လားရှင့်၊ ကိုယ်ဖော့ပညာတောင် ညံ့နေရင် လူစွမ်းကောင်း ဘယ်လိုခေါ်နိုင်မလဲရှင့်"

သူမ၏ ပြောဆိုသံကို ကြားရသောအခါ ကျင်းတောင်ညီနောင်တို့မှာ မခံမရပ်နိုင်ဖြစ်ပြီး ချောက်ကမ်းပါးဆီသို့ တစ်ဟုန်ထိုး ပြေးသွားသည်။

ထိုနေရာသို့ ရောက်သောအခါ ဒေါသအရှိန် မပြေသေးပေ။ သို့သော် ၎င်းပြင် ဒဏ်ရာ မကျက်သေးသောကြောင့် ဟိုဘက်ကမ်းစပ်သို့ မကူးဝံ့ချေ။ ဒေါသက အရာရာကို ဖုံးလွှမ်းသွားသည်။

သို့ဖြစ်၍ ညီအစ်ကို နှစ်ယောက်ကား ကျောက်တံတားဆီသို့ ရှေ့ဆင့်နောက်ဆင့် ပြေးသွားကြလေတော့သည်။

တံတားအလယ်သို့ ရောက်သောအခါ ကျောက်တံတားမှာ ရုတ်တရက် ထက်ပိုင်းကျိုးသွားသည်။

"အမလေး"

နှစ်ယောက်စလုံးမှာ ထိတ်လန့်ပြီး အားယူ၍ ခုန်မည်ဟု ဟန်ပြင်လိုက်သော်လည်း အချိန်မမီတော့ပေ။

နှစ်ဦးစလုံးမှာ ချောက်ကမ်းပါးထဲသို့ ကျသွားလေတော့သည်။



ထိုအချိန်ကျမှ လီစွမ်းမေသည် ကျေကျေနပ်နပ်ဖြင့် သက်ပြင်းရှည် ချပ်ဘော့၏။

ရန်သူများကို ပိုင်ပိုင်နိုင်နိုင် သုတ်သင်နိုင်ခဲ့ချေပြီ။

အကြံပိုင်သော လီစွမ်းမေသည် ထိုကျောက်တံတားကို ကြိုတင်ခင်းထားခဲ့ခြင်းပင်။ မခင်းမီမှာ သူမက အလယ်ဗဟိုနေရာတွင် ကွဲအက်သွားအောင် ထုချေခဲ့သည်။

ထို့ကြောင့် ကျင်းတောင်ညီနောင်တို့သည် ဒေါသအလျောက် ကျောက်တံတားဆီသို့ ပြေးသွားသည်နှင့် သူမဆင်ထားသော အကွက်သို့ ဝင်သွားသည်။

ထိုအခါ လီစွမ်းမေက အဆုံးအထိ မမြင်နိုင်သော ချောက်ကမ်းပါးအောက်ကို ငုံ့ကြည့်ရင်း တစ်ယောက်တည်း ရေရွတ်လိုက်သည်။

"ရှင်တို့ကို လိမ်ညာမိတဲ့အတွက် ကျွန်မလည်း သံဝေဂတရား ရမိတယ်၊ ဒီအပြစ်တွေ ကျေအောင် ကျွန်မ တရားအားထုတ်ရဦးမယ်"

သူသည် အလွန်တရားရသွား၏။

သူမ လှည့်ထွက်သွားလေတော့သည်။

✾ ✾ ✾

## အခန်း(၄၀)

## အမဲလိုက်ရင်း အခက်ကြုံ

နှစ်လအလီလီ ပြောင်းခဲ့လေပြီ။

မန်ချူးအစိုးရ၏ စစ်ဦးစီးဖြစ်သော ဟုခန်းအန်းသည် စစ်သည်ဗိုလ်ပါများစွာကို ဦးစီး၍ နီပေါနိုင်ငံကို တိုက်ခိုက်ရန် တိဘက်ပြည် လာဆာမြို့တော်သို့ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။

မန်ချူးနယ်ချဲ့အစိုးရ၏ တပ်မကြီးသည် 'ရာလူကျွန်ပုံ'ကို ဖြတ်ကျော်ပြီး နီပေါအစိုးရကို ဖြုတ်ချရန် တာစူရင်း တပ်မကြီးသည် တစ်လတိတိ ခရီးပြင်းနှင်လာရာ ဟိမဝန္တာတောင်ခြေရင်းသို့ ဆိုက်ရောက်လာသည်။

ဟိမဝန္တာတောင်တန်းမှာ အလျားမိုင်ပေါင်း နှစ်ထောင်ကျော်ခန့် ရှည်လျားသည်။

ထိုအချိန်က အိမ်နီးချင်း နိုင်ငံသို့ ပေါက်ရောက်သော လမ်းသွယ်သည် လေးငါးလမ်းသာရှိ၏။

တိဘက်နှင့် အိန္ဒိယနိုင်ငံကို ကူးနိုင်သည့်အပြင် ရာလူကျွန်ပုံ



မြစ်ကို ဖြတ်ကျော်သည်နှင့် နီပေါနိုင်ငံနှင့် တဖြည်းဖြည်း နီးကပ်လာသည်။

စစ်သူကြီး ခန်းအန်းက ဒေသခံလူများကို လမ်းပြအဖြစ် ခေါ်ယူပြီး စစ်သည် သုံးသိန်းကို တပ်မငါးခုခွဲကာ နီပေါနိုင်ငံသို့ တစ်မိုင်ပြီးတစ်မိုင် နီးသည်ထက်နီးကပ်အောင် ချီတက်လာသည်။

ဤသို့ဖြင့် ဆောင်းရာသီသို့ ရောက်ခဲ့လေ၏။

နှင်းများ တဖွဲဖွဲ ကျဆင်းနေသည်။

ရာသီဥတု အအေးဒဏ် လွန်ကဲခြင်းကြောင့် စစ်သည်နှင့် မြင်းတို့မှာ အအေးဒဏ်ကို မခံနိုင်ဘဲ အတုံးအရုံး လဲကျသေကြေကုန်ကြသည်။

သို့သော် မန်ချူးနယ်ချဲ့မှာ နီပေါနိုင်ငံအား နယ်ချဲ့သိမ်းပိုက်ရန် စစ်သည်တို့၏ အန္တရာယ်ကို အလေးမထားဘဲ နီပေါနိုင်ငံသို့ အရောက် ခရီးပြင်းနှင်စေသည်။

ဆယ်ရက်ခန့် ခရီးနှင်မိကြသောအခါ ...

တစ်နေ့တွင်

နှင်းတောင်တစ်ခုကို ဖြတ်ကျော်မိကြလေ၏။

ထိုစဉ် ချောက်ကမ်းပါးအောက်မှ အော်သံတစ်သံကို ကြားရ၏။

"အပေါ်ကလူတွေ ... ကျုပ်တို့ကို မြန်မြန်လာကယ်ပါ၊ ကျုပ်တို့ကို အပေါ်ရောက်အောင် ကယ်နိုင်ရင် ကျုပ်တို့ ကျင်ထားတဲ့ ရွှေတွေတစ်တွင်းလုံး လက်ဆောင်ပေးပါ့မယ်"

ထိုအခါ စစ်သည်ဗိုလ်ပါအားလုံး အံ့သြကြသည်။

ဗိုလ်ချုပ်ကြီး ခန်းအန်းမှာ ဗိုလ်မှူးတစ်ဦးအား အကြောင်းစုံ မေးမြန်းစေသည်။

ဗိုလ်မှူးသည် ဗိုလ်လောင်းတစ်ဦးအား သွားရောက်စုံစမ်းစေသည်။

မကြာမီ ဗိုလ်လောင်းသည် ဗိုလ်ချုပ်ထံ ရောက်ရှိလာ၏။

"ဒီလိုပါ စစ်သူကြီး ... ချောက်ကမ်းပါးကို ဖြတ်ကျော်စဉ်မှာ အောက်ဖက်က ကယ်တော်မူပါဆိုတဲ့ အော်သံကို ကြားရတဲ့အတွက် အားလုံး အံ့သြနေကြပါတယ်"

"ဒါဖြင့် ငါ့ကို မှန်ဘီလူးပေးစမ်းကွာ"

ဗိုလ်ချုပ်ဟုခန်းအန်းသည် ဗိုလ်မှူးထံမှ ချိန်ပြီးသား မှန်ဘီလူးဖြင့် ချောက်ကမ်းပါးအောက်သို့ ကြည့်လိုက်သည်။

မြင်ရသော မြင်ကွင်းကား ...

တစ်မိုင်ခန့်ရှည်လျားသော မြက်ခင်းပြင်ပင်။

မြက်ခင်းပြင်မှာ စိမ်းလန်းစိုပြေလျက် ...။

မည်သည့်ထွက်ပေါက်ကိုမှ မတွေ့ရချေ။

၎င်းမြက်ခင်းပြင် တစ်နေရာတွင် သိုးအကောင်နှစ်ရာခန့်ရှိ အိုးအုပ်ကို တွေ့မြင်ရသည်။

ထို့ပြင် ဆံရှည်စုတ်ဖွားနှင့် လူထူးဆန်း နှစ်ဦးကိုပါ တွေ့မြင်ရ၏။



သူတို့သည် တုတ်ကောက်ကို ဇော့ရမ်းမြှောက်ပြကာ အသံကုန် အော်ဟစ်၍ အကူအညီတောင်းနေခြင်းပင်တည်း။

"ကိုက်တစ်ရာလောက် နက်ရှိုင်းတဲ့ ချောက်ထဲကျတာတောင် ဒီလူနှစ်ယောက် မသေတာ အံ့သြစရာပဲ၊ နောက်ပြီး ကျင်ပြီးသား ရွှေတွေ တစ်တွင်းလုံး လက်ဆောင်ပေးမယ်လို့ ပြောနေပြန်သေးတယ်၊ အင်း ... သူတို့တစ်တွေဟာ လူဆိုးတွေများ ဖြစ်နေမလား"

စစ်ဦးစီး ခန်းအန်းက တစ်ယောက်တည်း ရေရွတ်လိုက်မိ၏။

တကယ်တော့ ထိုသူနှစ်ဦးမှာ ကျင်းတောင်ညီနောင် နှစ်ဖော်တို့ပင်တည်း။

ကျင်းတောင်ညီနောင် နှစ်ဖော်မှာ သေနေ့မစေ့ပေ။

ချောက်ကမ်းပါးအောက်သို့ ကျစဉ် ၎င်းတို့သည် ချုံနွယ်များကို အမိဖမ်းဆုပ်ထားသည့်ပြင် ကျရောက်သော အခါ၌လည်း ခြေရော လက်ပါ အသုံးပြု၍ ဒလိမ့်ခေါက်ကွေး လိမ့်ဆင်းကာ စိမ်းလန်းသော မြက်ခင်းပြင်သို့ ကျရောက်ခဲ့သည်။

ချောက်ကမ်းပါးမှာ အလွန် မြင့်မားသောကြောင့် ၎င်းတို့၏ ကိုယ်ဖော့ပညာဖြင့် အပေါ်သို့ တက်နိုင်စွမ်းမရှိပေ။

အစပထမတွင် ငှက်များကို ပစ်ခတ်စားသောက်၏။

သည့်နောက် သိုး ၄-၅ ကောင်ကို တွေ့ရှိ၍ ဖမ်းယူပြီး မွေးမြူထားရာမှ တစ်စ တစ်စ ပြန့်ပွားလာသည်။

ဤသို့ဖြင့် သိုးသားကိုစားရင်း၊ မွေးမြူရင်းနှင့် အချိန်ကာလ သုံးနှစ်ကြာခဲ့ပေသည်။

ထို့အပြင် ညီအစ်ကို နှစ်ယောက်မှာ ချောက်ကမ်းပါးနံဘေးမှ ဖြတ်သန်းသွားမည့်သူများကို မျှော်လင့်တောင့်တနေမိစဉ် စစ်သည်တော်များ ဖြတ်သန်းသွားခြင်းကို တွေ့မြင်လိုက်ရသည်နှင့် လှမ်းအော်၍ အကူအညီတောင်းခြင်းသာ ဖြစ်လေတော့သည်။

စစ်ဦးစီးမှူး ခန့်အန့်သည် ထိုလူ နှစ်ဦးကို လူဆိုးလော၊ လူကောင်းလောဟူ၍ ဝေခွဲမရပေ။

ထို့အပြင် ဤမျှနက်ရှိုင်းသော ချောက်ကမ်းပါးမှ ထိုသူနှစ်ဦးကို မည်ကဲ့သို့ ကယ်တင်ရမည်ကို စဉ်းစားနေပေသည်။

ထိုစဉ် ဟူးရန်ထိုက အော်လိုက်ပြန်သည်။

"ခင်ဗျားတို့ စိတ်ချပါ၊ ကျွန်တော်တို့ လူဆိုးတွေ မဟုတ်ပါဘူး၊ နောက်ပြီး ကျွန်တော်တို့ကို ကယ်ဖို့လွယ်ပါတယ်၊ ကိုက်ကိုးဆယ်လောက်ရှည်တဲ့ ကြိုးတစ်ချောင်းကို သစ်ပင်အောက်မှာ ချည်နှောင်ပြီး ချပေးရင် ကျွန်တော်တို့ အပေါ်ကို တက်နိုင်ပါတယ်"

ထိုအခါ စစ်ဦးစီး ခန်းအန်းသည် ဤသို့ အကြံရ၏။

နီပေါနိုင်ငံသို့ ချီတက်သိမ်းပိုက်သောအခါ ထူးခြားသော အတတ်ပညာရှင် လိုအပ်သည်။ ဤလူနှစ်ယောက်မှာ ထူးခြားမည့် အတတ်ပညာရှင်များ ဖြစ်မည်ဟု တွက်ဆမိ၏။

ထို့ကြောင့် စစ်ဦးစီးက ကြိုးရှည်ရှည်တစ်ချောင်း ကျစ်ပြီး ဆက်ရန် စစ်သည်တို့အား အမိန့်ပေးလိုက်သည်။

နာရီဝက်ခန့်ကြာသောအခါ ကိုက်ကိုးဆယ်ခန့် ရှည်လျားသော ကြိုးရှည်တစ်ခွေကို ရရှိလာသည်။



စစ်ဦးစီးက ယင်းကြိုးကို ချောက်ကမ်းပါးထဲချစေပြီး ထိုလူနှစ်ဦးအား ကယ်တင်စေသည်။

သူကိုယ်တိုင် မှန်ဘီလူးဖြင့်ကြည့်ကာ လေ့လာ၏။

ကြိုးစ အောက်သို့ကျလာသည်နှင့် ကျင်းတောင်ညီနောင် နှစ်ဖော်မှာ ဝမ်းသာမြူးကြွခြင်းဖြင့် ၎င်းကြိုးစကို ကိုင်တွယ်ပြီး ခြေရော လက်ပါသုံး၍ အပေါ်သို့ တက်လာခဲ့ကြသည်။

နာရီဝက်ခန့်ကြာသောအခါ ၎င်းတို့နှစ်ဦးသည် အပေါ်သို့ အောင်မြင်စွာ တက်နိုင်ခဲ့လေပြီ။

ကျင်းတောင်ညီနောင်ကို မြင်ရသောအခါ စစ်သည်ဗိုလ်ပါတို့သည် ထိတ်လန့် ကြောက်ရွံ့ခြင်း ဖြစ်မိကြသည်။

အဘယ့်ကြောင့်ဆိုသော်

ကျင်းတောင်ညီနောင် နှစ်ဦးသည် ချောက်ကမ်းပါးတွင် နှစ်ရှည်လများ နေထိုင်ခဲ့ရခြင်းကြောင့် လူရိုင်းသဏ္ဌာန် တူနေသောကြောင့်တည်း။

ဆံပင်ရှည်စုတ်ဖွားနှင့် မုတ်ဆိတ်ကျင်စွယ်က ဆက်နွယ်နေသည်။ အင်္ကျီအဝတ်အစားမှာ စုတ်ပြတ်၍ တစ်စစီဖြစ်နေ၏။ တစ်ကိုယ်လုံးမှာ နံစော်နေသည်။

ကျင်းတောင်ညီနောင်မှာ ခန်းအန်းကို မြင်သည်နှင့် စစ်ဦးစီးမှူး သိရှိသည့်အတွက် မြေပြင်၌ ဒူးထောက်၍ ကန်တော့လိုက်ကြသည်။

စစ်ဦးစီးမှူး ခန်းအန်းကလည်း ၎င်းတို့ကို သိမ်းသွင်းလို၏။

"မင်းတို့ ထစမ်းပါဦး၊ မင်းတို့ကို အကဲခတ်ရတာ ထူးချွန်တဲ့ သိုင်းပညာရှင်တွေပဲ၊ ဒါပေမယ့် ဒီချောက်ထဲကို ဘယ်လိုလုပ် ကျသွားရတာလဲ"

စစ်ဦးစီးက မေးလိုက်၏။

ကျင်းတောင်ညီနောင်က ချောက်ထဲကျရခြင်းအကြောင်းရင်းကို အကျဉ်းချုံး၍ ပြန်လည်ရှင်းပြောကြားလိုက်လေ၏။

"အင်း ... မင်းတို့ နာမည်ကြီး သိုင်းပညာရှင်တွေကိုး၊ ဒါဖြင့် မင်းတို့ ငါ့လက်အောက်မှာ အမှုထမ်း ကျောင်းသားအဖြစ် ငါ့ဘုရင်မင်းမြတ်ဆီ ပန်ကြားလျှောက်တင်ကြ၊ မင်းတို့ကို ငါ ရာထူးပေးမယ်"

ကျင်းတောင်ညီနောင် နှစ်ဦးမှာ မွန်ကို အမျိုးအနွယ်မှ ဆင်းသက်လာသည့်အတွက် မန်ချူးနယ်ချဲ့ အစိုးရထဲတွင် အမှုထမ်းရန် လက်ခံသဘောတူလိုက်ကြသည်။

သည့်နောက် စစ်ဦးစီးခန်းအန်းမှာ လက်ထောက်စစ်ကူများ ရရှိသောကြောင့် ဝမ်းသာအားရ ဖြစ်မိလေတော့သည်။

ကျင်းတောင်ညီနောင် နှစ်ဖော်ကို ကိုယ်လက်ဆံပင်များကို သန့်စင်စေပြီး အဝတ်အစားသစ်ကို ပေးကမ်းလဲလှယ်စေ၏။

ကျင်းတောင်ညီနောင် နှစ်ဖော်၏ ဘဝသစ် စတင်လိုက်ခြင်း ဖြစ်တော့သည်။

* * *



ဟိမဝန္တာတောင်၏ အနောက်ဘက် တောင်ခြေရင်းတွင် တာလပတ်တဲ တစ်ရာကျော်ခန့် ထိုးထားခြင်းကို တွေ့ရလေသည်။

အလယ်ဗဟိုတွင်ရှိသော တဲ၌ ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ဦး ထိုင်နေသည်။ အဘိုးအို၏ နံဘေးတွင် ရုပ်ရည်ချောမောပြေပြစ်သော လူငယ်နှစ်ဦး ရပ်နေကြ၏။

တဲ၏ထောင့်တစ်နေရာတွင် နုနယ်ပုံရသော မိန်းကလေး နှစ်ဦး ထိုင်နေကြ၏။

အဘိုးအိုမှာ ဇေါ်မေဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ကျိုချန်ပင်ဖြစ်၏။ လူငယ်နှစ်ဦးမှာ ဆချွန်မင်၊ ဇေါ်ကျင်ဖုန်း၊ ရွှေလေးရှင်မင်းသမီး မုံစီလွှက်နှင့် သံလက်ဝါးမယ်တော်၏ တပည့်မဖြစ်သော အီလီနားပင် ဖြစ်ကြ၏။

၎င်းတို့သည် အမိနိုင်ငံကို ချစ်မြတ်နိုးသော မျိုးချစ်စိတ်ဓာတ်ရှိသည့် ပုဂ္ဂိုလ်များပင်ဖြစ်ကြ၏။ အမိနိုင်ငံကို နယ်ချဲ့အစိုးရ မန်ချူးတို့ သိမ်းပိုက်ပြီးသည့်နောက်တွင် ၎င်းတို့သည် နယ်ခြားဒေသတစ်ဝိုက်တွင် လှည့်ပတ်လှုပ်ရှားနေကြသည်။

မန်ချူးစစ်သည်တို့၏ ပိတ်ဆို့ ဝိုင်းရံခြင်းကို ထိုးဖောက်ပြီး ရာလူကျွန်ပူမြစ်ကို ဖြတ်ကျော်ခဲ့ကြသည်။ တောအထပ်ထပ် တောင်အသွယ်သွယ် နှင်းတောကို ဖြတ်ကျော်ရင်ဆိုင်ခဲ့ကြသည်။ နှင်းတောင်တန်းသို့ ထွက်ပြေးတိမ်းရှောင်ရင်း စခန်းချထားခြင်းပင်တည်း။

၎င်းတို့ရည်ရွယ်ချက်မှာ ခရီးတစ်ထောက် ခေတ္တနားပြီး နီပေါနိုင်ငံသို့ ဆက်လက်ထွက်ခွာရန် ကြံရွယ်ထားကြသည်။

ထိုအခိုက် ဂိုဏ်းချုပ်ကြီး ကိုချမ်းက စစ်မြေပုံကို အောက်ချ၍ တပည့်များဖြစ်သော ဆရှုန်မင်းနှင့် ငေါ့ကျင်းဖုန်းတို့ကို ညွှန်ပြရှင်းလင်းနေ၏။

"တပည့် ဆရှုန်မင် … ဟောဒီ အနောက်ဘက် တောင်တန်းကနေ မိုင် လေးဆယ် ဆက်သွယ်ရင် ထာကျိုလီမ် တောင်တန်းကို ရောက်မယ်ကွယ့်၊ အဲဒီတောင်ပေါ်မှာ နီပေါနိုင်ငံမှ ဂိုဏ်းတစ်ခုရှိတယ်၊ အင်း … နယ်ခြားဂိတ်ကို ဖြတ်ကျော်ပြီးရင် မိုင်ပေါင်းတစ်ရာရှစ်ဆယ်အကွာမှာ နီပေါနိုင်ငံရဲ့ မြို့တော်ကို ရောက်ကြမှာပဲ၊ တစ်နည်းအားဖြင့်ဆိုရရင် တို့ နောက်ခရီးတစ်ပတ်ခန့် ဆက်လျှောက်မှပဲ ဟိုကိုရောက်နိုင်မယ်၊ တို့ရဲ့ စားနိုပရိက္ခာက ဘယ်လိုအခြေအနေမှာ ရှိသလဲ"

ထိုအခါ ရိက္ခာမှူး ငေါ့ကျင်းဖုန်းက …

"ကျွန်တော်တို့ရဲ့ ရိက္ခာက အလွန်ဆုံးဆို နောက်သုံးရက်ပဲခံမယ်"

ဂိုဏ်းချုပ်ကြီး ကိုချမ်း မျက်မှောင်တစ်ချက် ကျုံ့လိုက်၏။

ထိုအခါ မင်းသမီး မုံစီလွန်က …

"ဘကြီး … ကျွန်မတို့ ရိက္ခာ မလုံလောက်လည်း စိတ်ပူစရာ မလိုပါဘူး၊ တစ်မျိုးတစ်ဖုံ ကြံဖန်လို့ ရမယ်ထင်ပါတယ်"

သူမ၏ စကားကို ဆရှုန်မင်က ကြားဝင် ကန့်ကွက်လိုက်၏။

"အို … ညီမကလဲ ဟောဒီနယ်ပယ်တစ်ဝိုက်မှာ လူနေအိမ်



ခြေ ရှိဘူး၊ နှင်းချည်းပဲရှိတယ်၊ အဲဒီတော့ ရိက္ခာအတွက် ဘယ်လိုဖြည့်တင်းရမှာလဲ"

"ဟား … ဟား … ဟား … အစ်ကိုက သာမန်အချိန်မှာ ဉာဏ်ထက်ပေမယ့် ခုတော့ ပညာရှိ သတိလစ်ဟင်းနေပြီ၊ အစ်ကိုပဲ သေချာတွေးကြည့်ပါရှင်၊ ဟောဒီ မျက်ခင်းပြင်တွေ ပေါ်များတဲ့ တောအုပ်မှာ တောရိုင်းတိရစ္ဆာန်တွေ ပေါ်များမှာ သေချာတယ်ရှင့်၊ ဒီတော့ ကျွန်မတို့ တစ်ခါလောက် တောအုပ်ကို ပိတ်ဆို့ဖမ်းလိုက်ရင် သားကောင်တွေ တော်တော်များများ ရရှိမှာပဲ၊ ဒါဆိုရင် ရိက္ခာအတွက် ပူလုံပြီပေါ့ရှင့် …"

"အင်း … ဟုတ်တယ် ညီမရဲ့အကြံ မဆိုးဘူး၊ ဒါဖြင့် ကျုပ်တို့ လေးနဲ့မြားတွေယူပြီး တောလိုက်ထွက်ကြမယ်"

ထိုသို့ ဆုံးဖြတ်ချက်ချပြီး ဆရှုန်မင်က ရဲဘော်များထဲမှ လူ အယောက်ငါးဆယ်ခန့်ကို ရွေးချယ်ပြီး လက်နက်ခဲယမ်းများကို တစ်ပါတည်း ယူဆောင်၍ တောလိုက်ရန် ခရီးထွက်ခဲ့ကြလေတော့သည်။

ဦးဆောင်သူတို့ကား ဆရှုန်မင်၊ ငေါ့ကျင်ဖုံး၊ မင်းသမီးမုံစီလွန်၊ အီလိနားနှင့် ဝုမ့်ကျင်းရိတို့ ညီအစ်ကို စုစုပေါင်း ခြောက်ယောက်ပါဝင်သည်။ မြင်းကိုယ်စီဖြင့် တောအုပ်အတွင်းသို့ ခရီးနှင်ကြလေတော့သည်။

မင်းသမီး မုံစီလွန်မှာ တိဘက်၌နေစဉ်ကပင် တောလိုက်ရာတွင် အထူးကျွမ်းကျင်ခဲ့သူပင် ဖြစ်၏။

သို့ဖြစ်၍ သူမက လူများကို သုံးဖွဲ့ခွဲပြီး တောအုပ်အတွင်းသို့ သားကောင်ရှာဖွေရန် လူစုခွဲလိုက်ကြသည်။

သို့သော် ၎င်းတို့သည် လမ်းကို မကျွမ်းကျင်သောကြောင့် တောအုပ်အတွင်းသို့ ဝင်မိပြီး မကြာမီ မျက်စိလည်ပြီး ထွက်ပေါက်ကို ရှာမရတော့ချေ။

ထိုအခါ ဆချွန်မင် အလွန်စိုးရိမ်ပူပန်မိလေသည်။

ထိုအခိုက် တောအုပ်အတွင်းမှ ဟစ်အော်လိုက်သော အသံကို ရုတ်တရက် ကြားလိုက်ရ၏။

"အင်း ... အရှေ့ဘက်မှာ-မုံစီလွန်တို့များ ဖြစ်နေမလား"

ဆချွန်မင်သည် ဒွဟစိတ်ဖြင့် ငေါ့ကျင်းဖုန်းနှင့်အတူ ရှေ့ဘက် ဦးဆောင်၍ တဖြည်းဖြည်း တိုးသွား၏။

နှစ်မိုင်ခန့် ခရီးနှင်ပြီးသောအခါ ရှေ့ဘက်တွင် ရှင်းလင်းနေသော ကွက်လပ်တစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ရသည်။

ပတ်ဝန်းကျင်တွင် စစ်သည်တစ်စုတို့က ဝိုင်းဖွဲ့၍ လက်ခုပ်တီးကာ အော်ဟစ်နေကြသည်။

ဆချွန်မင်မှာ သေချာကြည့်ရှုသောအခါ ပေနှစ်ဆယ်ကျော်ခန့် ကျယ်ဝန်းသော ထောင်ချောက်တွင် ကျင်းတူးထားသည်ကို တွေ့ရသည့်အပြင် အပေါ်ဘက်တွင် ပိုက်ကွန်ဖြင့် လွှမ်းခြုံထားသည်ကို တွေ့ရ၏။

စစ်သည်တို့က ပိုက်ကွန်ကို မြဲမြဲဖိဆွဲထား၏။ ထောင်ချောက်ထဲတွင် သားကောင်နှစ်ကောင် မိထား၏။



ထိုသားကောင်နှစ်ကောင်တို့သည် အဆက်မပြတ် အော်ဟစ်သည်ကို ကြားရသည်။

ဆချွန်မင်က သားကောင်ကို အကဲခတ်ကြည့်ပြီး ...

"ဒီမှာနောင်ကြီးဖုန်း ... ပိုက်ကွန်ထဲမှာ မိထားတာ လူဝံနဲ့ တူတယ်"

ငေါ့ကျင်းဖုန်းက အနီးရှိ စစ်သည်တို့ကို သေချာစွာ လေ့လာ အကဲခတ်လိုက်၏။

၎င်းတို့သည် ထူးခြားသော စစ်ဝတ်စုံကို ဝတ်ဆင်ထားသည့်အပြင် ဦးခေါင်းတွင် လှေပုံစံ ဦးထုပ်ဆောင်းထားကြသည်ကို တွေ့ရ၏။ အသားအရေမှာ ညိုမဲပြီး တိဘက်စစ်သည်နှင့် တူလှသည်။

ထိုအခါ ငေါ့ကျင်းဖုန်းသည် နားလည်သဘောပေါက်သွားပြီး ဆချွန်မင်ဘက်သို့ လှည့်၍ အော်လိုက်လေ၏။

"အင်း ... သူတို့တစ်တွေဟာ နီပေါစစ်သည်တွေပါလား"

မှန်ပေသည်။ နီပေါစစ်သည်တို့သည် ထိုသားကောင်နှစ်ကောင်ကို ဖမ်းရန် စောင့်ဆိုင်းနေကြသည်မှာ ကြာလေပြီ။

ထောင်ချောက်ထဲသို့ကျရောက်နေသော သားကောင်နှစ်ကောင်မှာ အင်အားရှိသမျှ ရုန်းကန်နေဆဲပင်။

ထိုအခိုက် ခပ်လှမ်းလှမ်းမှ လူနှစ်ယောက် မြင်းကိုယ်စီဖြင့် ရောက်လာကြသည်။

လူရွယ်တစ်ဦးနှင့် မိန်းမပျိုတစ်ဦး။

ယောကျ်ားသည် အသက် နှစ်ဆယ့်လေးနှစ် ပတ်ဝန်းကျင်ရှိ

သော လူရွယ်င ့စ်ဦးဖြစ်၏။ ကိုယ်ပေါ်တွင် သားရေအင်္ကျီကို ဝတ်ဆင်ထားပြီး ဦးခေါင်း၌ အဖိုးတန် ကျားသားရေဦးထုပ်ကို ဆောင်းထားသည်။

မိန်းမပျိုမှာ အသက်နှစ်ဆယ်ခန့်ရှိသည့် မိန်းမ ချော မိန်းမလှတစ်ဦးပင်။ အသားအရည်မှာ နှင်းကဲ့သို့ ဆွတ်ဆွတ်ဖြူပြီး ဆံကေသာမှာ ရွှေဝါရောင်သန်းနေသည်။

မျက်လုံးအစုံမှာ ကြယ်ပြာရောင်သန်းနေပြီး ခါင်းမှာ နီတျာတျာ နှင်းဆီပွင့်ကို ပန်ထားလေသည်။ ထို့ပြင် ရွှေသရဖူ ဆောင်းထားကာ အဖြူရောင်ခြုံထားလေ၏။

၎င်းတို့၏ ဟန်ပန်သည် တိုင်းတစ်ပါးမှ မင်းမျိုးမင်းနွယ်များ၏ ပုံမျိုးပင်။

ထောင်ချောက်အနီးသို့ ရောက်သောအခါ အပေါ်မှ ပိုက်ကွန်တစ်ခု ထပ်အုပ်စေပြီး လေးဘက်ထောင့်အစွန်းတွင် လေးလံသောတုတ်များဖြင့် ဖိထားစေ၏။

ထိုနောက် မေ့ဆေးစိမ်ထားသော မြားဖြင့် သားကောင်ကို ပစ်လိုက်ရန် စီစဉ်လေတော့သည်။

သို့သော် ထိုအခိုက်မှာပင် ထူးခြားသော ပြောင်းလဲချက်တစ်ခု ရုတ်ခြည်း ပေါ်ပေါက်လာတော့၏။

သားကောင်များ၏ ကြောက်မက်ဖွယ်ရာ အော်သံများနှင့် တောအုပ်အတွင်းမှ ဟိန်းဟောက်သံများ ဆူညံစွာ ထွက်လာသည်။

တစ်ဆက်တည်းမှာပင် ဖုန်တထောင်းထောင်းထရင်း တောအုပ်



တွင်းမှ ကြီးမားပြီး ကြောက်ခမန်းလိလိရှိသော သားကောင်တစ်ကောင် ပြေးထွက်လာတော့သည်။

သားကောင်၏ ကိုယ်လုံးမှာ လူဝံနှင့်ပုံစံတူပြီး ဆယ်ပေခန့်မြင့်လေ၏။ ဆံပင်စုတ်ဖွားနှင့် ကြောက်မက်ဖွယ် အသွင်ကို ဆောင်နေသည်။

ထိုလူဝံကြီးကို မြင်လိုက်သည်နှင့် စစ်သည်အပေါင်းတို့မှာ အထိတ်တလန့် ဖြစ်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်သွားကြ၏။

ထိုအခါ မင်းသားနှင့် မင်းသမီးတို့မှာ ချက်ချင်း အမိန့်ပေးလိုက်၏။

"မြားနဲ့ပစ်ကြစမ်း"

နီပေါဘာသာဖြင့် အမိန့်ပေးလိုက်သောအခါ စစ်သားများလေးကို ချက်ချင်းတင်၍ မြားများနှင့် ပစ်ခွင်းကြတော့သည်။

သို့သော် သန်မာထွားကြိုင်းသော လူဝံက မမှုပေ။

၎င်းသည် မြားများကို ပုတ်ထုတ်ရင်း ထောင်ချောက်ဆီသို့ တစ်ဟုန်ထိုး ပြေးသွားတော့၏။ ထိုနောက် အပြေးနှေးသော စစ်သည်နှစ်ဦးကို ကိုင်ပေါက်ပစ်ချလိုက်သည်။

လူဝံကြီးသည် စစ်သည်တို့ကို မောင်းထုတ်ပြီး ရုတ်တရက်ခါးကိုကိုင်းကာ ပိုက်ကွန်ကို တအားဆွဲဖြဲလိုက်တော့သည်။

လူဝံ၏ ပြင်းထန်လှသော ခွန်အားကြောင့် ပိုက်ကွန်မှာ ထက်ပိုင်းပြိသွား၏။ ထိုအခါ လူဝံနှစ်ကောင်မှာ ထောင်ချောက်ထဲမှ တစ်ရှိန်ထိုး ပြေးထွက်လာလေတော့၏။

လူဝံကြီးက မင်းသားဝတ်စုံဖြင့် လူငယ်ဆီသို့ တစ်ရှိန်ထိုး ပြေးသွားတော့သည်။

မင်းသားမှာ ဓားမြှောင်ဖြင့် ပစ်လိုက်သော်လည်း လူဝံက လုံးဝဂရုမစိုက်ဘဲ ပြေးမြဲပြေးလာနေ၏။

မင်းသားက မြင်းဇက်ကြိုးကိုတပ်ပြီး ကပျာကယာ နောက်ဆုတ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် မြင်းမှာ လူဝံကိုကြောက်ရွံ့သောကြောင့် ပျော့ခွေ၍ လဲကျသွားလေ၏။

အခြေအနေမှာ သဲထိတ်ရင်ဖို ဖြစ်လာပေ၏။

မင်းသားလေးက နောက်သို့ တစ်ပတ်ကျွမ်းထိုး၍ ရှောင်လိုက်၏။ ထိုအခါ လူဝံ၏ ကြီးမားသော လက်ဝါးမှာ မြင်းခေါင်းကို တည့်တည့်ရိုက်မိ၏။

ထိုခဏအတွင်း မြင်းမှာ သေဆုံးသွားလေတော့သည်။

မင်းသမီးက မင်းသားကို ကယ်တင်ရန်အတွက် လက်ထဲမှ ဓားမြှောင်သုံးချောင်းကို လူဝံဆီသို့ တစ်ပြိုင်တည်း ပစ်လွှတ်လိုက်၏။

ဓားပုံမျှား တစ်ိုးဝိုး မြည်ရင်း ပျံသန်းသွားပြီး လူဝံ၏ မျက်လုံးကို ထိလုမတတ် ဖြစ်သွား၏။

ထိုအခါ လူဝံက ဒေါမာန်အပြည့်ဖြင့် မင်းသမီးကို ခုန်အုပ်လိုက်လေတော့သည်။ မင်းသမီးက ခါးတိမ်း၍ ရှောင်ရင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

သို့သော် လူဝံက အလွတ်မခံဘဲ နောက်မှ ထက်ကြပ်မကွာ



လိုက်ကာ ကြီးမားလှသော လက်ဝါးဖြင့် မင်းသမီးကို ဖမ်းဆုပ်လိုက်၏။

မင်းသမီးက ဆောင်ဓားရှည်ကို ရုတ်ခြည်း ဆွဲထုတ်ပြီး လူဝံ၏ လက်မောင်းကို ဖြတ်တောက်လိုက်သည်။

သို့သော် ဘိုင်းခနဲ အသံတစ်ချက်သာ မြည်သွား၏။

လူဝံ၏ လက်မောင်းကို ဓားဖြင့်ခုတ်၍မရ။ လူဝံက သူမ၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်မိသွားသည်။

ထိုအခါ ဆချွန်မင်နှင့် ငေါ့ကျင်းဖုန်းတို့သည် ဆောင်ဓား ဆွဲထုတ်ပြီး တစ်ဟုန်ထိုး ပြေးသွားလေ၏။

သို့သော် မင်းသမီးမှာ လူဝံလက်မှ ရုန်းထွက်လိုက်လေပြီ။

အကြောင်းမှာ မင်းသမီး၏ လက်ကောက်ဝတ် လက်တွင် ငွေလက်ကောက်များ ဝတ်ဆင်ထားသဖြင့်ပင်တည်း။

ထိုအခါ တစ်ဟုန်ထိုးပြေးလာသူ ဆချွန်မင်က ဆော င်ဓားကို ဝှေ့ရမ်းပြီး လူဝံ၏ ငယ်ထိပ်သို့ ခုန်၍ ပိုင်းချလိုက်တော့၏။

သို့သော် အကင်းပါးသော လူဝံက လေသံကြားသည်နှင့် လှည့်၍ရှောင်လိုက်သည်။ သည့်နောက် လက်မောင်းကို ရုတ်ခြည်း ဆန့်တန်းပြီး ဓားကို ဆွဲလုရန် ဖမ်းဆုပ်လိုက်၏။

ထိုသို့ ဖမ်းဆုပ်လိုက်သည်နှင့် လူဝံမှာကြောက်မက်ဖွယ်ရာ အသံနှင့် အော်လိုက်လေတော့သည်။

အဘယ်ကြောင့်ဆိုသော် ...

လူဝံ၏ လက်ချောင်းနှစ်ချောင်းမှာ ထက်မြက်လှသည့် ဆချွန်

မင်း၏ ဓားကြောင့် ပြတ်ထွက်သွားလေသည်။ ထိုအခါ လူဝံက လက်ကို ပိုက်ပြီး ခုန်ဆွခုန်ဆွ ဖြစ်နေတော့၏။

ထိုနောက် ဆချွန်မင်နှင့် လူဝံကြီးမှာ လုံးထွေးသတ်ပုတ်နေသည်။

တစ်ဖက်တွင် ငေါ့ကျင်းဖုန်းက လူဝံနှစ်ကောင်နှင့် ပြင်းထန်သော တိုက်ပွဲ ဆင်နွှဲနေကြသည်။

နီပေါဘုရင်၏ သားတော်နှင့် သမီးတော်တို့က လူရွယ်နှစ်ဦး၏ သိုင်းပညာကို မျက်တောင်မခတ်ဘဲ အံ့သြစွာ ကြည့်နေကြသည်။

အတန်ကြာသော် မင်းသမီး ဒေစီလီက သူမ၏ နောင်တော်ကို ပြောသည်။

"အစ်ကို ... သူတို့တစ်တွေဟာ ညီမတို့ကို ဝင်ရောက်ကယ်တင်တာပဲ၊ ဒီတော့ ညီမက အင်္ကျီစိမ်းနဲ့ လူကို ဝင်ကူမယ်၊ အစ်ကိုကတော့ အင်္ကျီဖြူဝတ်ထားတဲ့လူကို ဝင်ကူပါ"

"အင်း ... ကောင်းပြီ"

အစ်ကိုဖြစ်သူ အာပုမင် သဘောတူလိုက်၏။ သည့်နောက် မောင်နှမနှစ်ယောက်က စစ်သည်များထံမှ ဓားမြှောင်ဆယ်ချောင်းခန့် တောင်းပြီး လုံတန်ကိုခွဲကာ ဝင်ရောက်တိုက်ခိုက်ကြလေတော့သည်။

* * *



## အခန်း(၄၁)

## နီပေါအဝင်

ဆချွန်မင်က ဆောင်ဓားကို ဇော့ရမ်းရင်း ရှေ့တိုးနောက်ငင် လုပ်ပြီး ခုန်ပျံ၍ တိုက်ခိုက်သည်။

သူ၏ ထက်မြက်လှသည့် ဓားချက်ကြောင့် လူဝံမှာ ဒဏ်ရာ သုံးချက်ခန့် ရရှိသွားသည်။ တစ်ကိုယ်လုံးရှိ အမွေးဖွားတို့သည် ပြတ်ထွက်သွားသည်။

ထိုအခိုက် လူဝံမကြီးက တစ်ချက်ဟိန်းဟောက်ပြီး ကျောက်တုံးကြီး တစ်တုံးကို မ၍ ဆချွန်မင်ရှိရာသို့ တအားပစ်လိုက်၏။

ဆချွန်မင်က ခုန်ရှောင်လိုက်သည်။ ထို့နောက် လူဝံကြီးက သစ်ပင်တစ်ပင်ဆီသို့ ပြေးသွားကာ သစ်ကိုင်းကြီးတစ်ကိုင်းကို ချိုးပြီး ဆချွန်မင်ထံသို့ ကန့်လန့်ဖြတ် ဇော့ရမ်း၍ ရိုက်ချလိုက်သည်။

ဆချွန်မင်က ခုန်ရှောင်လိုက်သည်။ ထိုအခါ မင်းသမီးလေး ဒေစီလီ ရောက်ရှိလာတော့၏။

"စိတ်မပူနဲ့ ... ရှင့်ကို ကူညီဖို့ ကျွန်မရောက်လာပြီ"

"ညီမ အရမ်းမကာပ်နဲ့၊ ဒီကောင်က အလွန်ကြောက်ဖို့ ကောင်းတယ်"

ဒေစီလိက လူ့ဝံ၏မျက်လုံးဆီသို့ ဓားပျံဖြင့် ချက်ချင်း ပစ်လိုက်သည်။

လေဝှေ့သံကြားသည်နှင့် လူ့ဝံသည် သစ်တုံးကြီးကို မ၍ ကန့်လန့်ဖြတ် ကာလိုက်သည်။ ထိုအခါ ဓားပျံတို့သည် လူ့ဝံကို မထိမှန်ဘဲ သစ်ပင်လုံးကို ပြေးစိုက်သွားလေ၏။

သည့်နောက် လူ့ဝံကြီးသည် သစ်ပင်ကို ဝှေ့ရမ်းပြီး ၎င်းတို့ နှစ်ယောက်ရှိရာသို့ တစ်ဟုန်ထိုး ပြေးဝင်လာသည်။

ထိုအခါ ဆရွှန်မင်က ရုတ်ခြည်း အကြံတစ်ခုရသည်။

"ဒီမယ် ညီမ ... အစ်ကို သူနဲ့ရင်ဆိုင်တိုက်ခိုက်မယ်၊ ညီမ သူ့အနားကို မကပ်နဲ့၊ ခပ်လှမ်းလှမ်းကသာ လက်နက်ပုန်းနဲ့ မျက်စိနဲ့လည်ပင်းကို ပစ်ပါ"

ထိုသို့ အကြံပေးချက် ကြားသည်နှင့် ဒေစီလိက လုံ့ကို အောက်သို့ချပြီး ဓားများကို အဆင့်သင့် ပြင်ထားလိုက်၏။

ဆရွှန်မင်မှာ တစ်ချက်အော်ရင်း လေထုထဲသို့ ခုန်တက်လိုက်သည်။

ထို့နောက် ပြင်းထန်သော သိုင်းကွက်ဖြင့် လူ့ဝံ၏ ငယ်ထိပ်ဆီသို့ အားကုန်ဖိတွန်းလိုက်သည်။

လူ့ဝံမကြီးသည် ကြောက်ခမန်းလိလိ အော်ရင်း မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။



သို့သော် အထိနာသော လူ့ဝံမကြီးက ချက်ချင်း ကုန်းရုန်းထလာသည်။

ထိုအခါ ဓားပျံကို အသင့်ပြင်ထားသော ဒေစီလိက လူ့ဝံ၏ ပါးစပ်သို့ ပစ်လွှတ်လိုက်၏။

လူ့ဝံမကြီးမှာ ကြောက်စရာကောင်းအောင် အော်ဟစ်လိုက်သည်။ ထို့နောက် လက်မောင်းနှစ်ဖက်ကို ဖြန့်ကား၍ ကြီးမားသော လက်ဝါးဖြင့် ဒေစီလိ၏ ဦးခေါင်းသို့ ရွယ်၍ ရိုက်ချလိုက်သည်။

မင်းသမီး ဒေစီလိမှာ ငယ်သံပါအောင် အော်လိုက်၏။ ဆရွှန်မင်မှာ လျှပ်တစ်ပြက် လူ့ဝံမကြီး၏ နောက်ကျောသို့ ရောက်ရှိသွားပြီး အတွင်းအားကို စုစည်းကာ နှစ်ချက် အားကုန်ရိုက်လိုက်သည်။

"ဝုန်း ... ဝုန်း"

ထို့နောက် လူ့ဝံမကြီးမှာ အသံကုန်တစ်ချက်အော်ပြီး မြေပြင်ပေါ်သို့ မှောက်ရက်လဲကျ သေဆုံးသွားလေတော့သည်။

ထိုအခါ ...

ဆရွှန်မင်သည် လူ့ဝံနှစ်ကောင်နှင့် သတ်ပုတ်နေသော ငေါ့ကျင်းဖုန်းကို ဝင်ရောက်ကူညီတိုက်ခိုက်၏။ လူ့ဝံနှစ်ကောင်မှာ ငေါ့ကျင်းဖုန်း တစ်ယောက်တည်းကိုသာ တိုက်ခိုက်နိုင်၏။ ဆရွှန်မင် ဝင်ကူသောအခါ မတိုက်ခိုက်နိုင်ကြတော့ပေ။

တိရစ္ဆာန်အသိနှင့် လူအသိမှာလည်း ကွာခြားသဖြင့် လူ့ဝံနှစ်ကောင် သေဆုံးသွားရလေ၏။ လူ့ဝံသုံးကောင် သေဆုံးလေပြီ။

မင်းသား အာပုမင်က ဆရွှန်မင်ကို ပွေ့ဖက်နှုတ်ဆက်လေ၏။

ထိုအပြုအမူသည် နီပေါနိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု တစ်ရပ်ပင်။

ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ပြီးမှ စတင်ပြောကြားသည်။

"ဒီမှာ မိတ်ဆွေတို့ ... ဘယ်က လာတာလဲဗျ၊ ကျုပ်တို့ကို ကယ်တင်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ တည်းခိုရာထဲသို့ ကေကြွပါခင်ဗျား"

မင်းသမီးဒေစီလီ၏ ကြည်လဲ့ရွှင်ပြသော မျက်လုံးအစုံမှာ ဆရှန်မင်၏ အကြည့်နှင့် ဆုံမိကြလေသည်။ သူမ၏ အကြည့်မှာ စူးရှလှ၏။ ဆရှန်မင်မှာ ရင်ခုန်လာသည်။ ထို့နောက် စိတ်ကိုထိန်း၍ ချစ်သူ မုံစီလွန်ကို ချက်ချင်း အမှတ်ရလိုက်သည်။

မုံစီလွန်ကို သူ သစ္စာဖောက်၍ မဖြစ်ချေ။

"အဆွေတော် မင်းသားခင်ဗျား၊ ကျွန်တော်တို့ဟာ တိဘက်ပြည်နယ်ကနေ စစ်ပြေးရင်း ထွက်ပြေးခဲ့တာပါ၊ အဲဒါ အဆွေတော်တို့ရဲ့ နိုင်ငံမှာ ခေတ္တခိုလှုံခွင့် တောင်းလိုပါတယ်၊ ကျွန်တော်တို့ တပ်ဖွဲ့က လူတွေဟာ အရှေ့ဘက်တောအုပ်မှာ စောင့်နေပါတယ်"

ထိုစကားကြားသောအခါ မင်းသမီးဒေစီလီက ...

"အို ... ရှင်တို့တစ်တွေဟာ ကျွန်မတို့ရဲ့ ကျေးဇူးရှင်တွေပဲ၊ အဲဒီတော့ အားနာစရာ မလိုပါဘူးရှင်၊ ကျွန်မတို့ရဲ့ ဌာနချုပ် တည်နေရာ တဲကို လိုက်ခဲ့ပါရှင်"

"ဟုတ်ကဲ့ ခင်ဗျား ... ဒါဖြင့် အဆွေတော် မင်းသားတို့ ခေတ္တစောင့်နေပါ၊ ကျွန်တော် သူတို့ကို အကြောင်းကြားလိုက်ပါဦးမယ်"



ငေါ်ကျင်းဖုန်းသည် ပြောပြောဆိုဆိုဖြင့် တောအုပ်တွင်းသို့ ဝင်ပြီး သူ၏နောက်လိုက်များကို ခေါ်ထုတ်လာသည်။

ထို့နောက် မင်းသားလေး အာပုမင် ခေါ်ရာသို့ သူတို့တစ်သိုက် လိုက်သွားလေသည်။

မင်းသားလေး အာပုမင်က စစ်သည် ၄-၅ ရာခန့်ကို ဦးစီးပြီး တောလိုက်ထွက်ခဲ့ခြင်းပင်။ ၎င်းတို့၏ ယာယီတဲကို နယ်ခြားဒေသရှိ ဟိမဝန္တာတောင်ခြေရင်း တစ်နေရာတွင် စခန်းချထားသည်။

ထို့နောက် မင်းသားလေး၏ တဲသို့ ရောက်ရှိကြသည်။ ဧည့်သည်တော်များကို နေရာထိုင်ခင်း စီစဉ်ပေးပြီး လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံသည်။

အလ္လာပသလ္လာပ ပြောဆိုပြီး မင်းသားလေးက ဆရှန်မင်ကို မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးမှန်းသိရှိရ၍ အလွန် လေးစားသွားသည်။

"အင်း ... ခင်ဗျားတို့ တိဘက်က လာတယ်ဆိုတော့ မန်ချူးစစ်သည်တို့ရဲ့ လှုပ်ရှားမှုကို သိသလား၊ ကျုပ် ပြောသံကြားတာကတော့ မန်ချူးစစ်သည်တွေကို စစ်သူကြီး ခန်းအန်း ဦးစီးပြီး ကျုပ်တို့ နိုင်ငံကို ကျူးကျော်တိုက်ခိုက်မယ်လို့ သတင်းရထားတယ်ဗျ"

"မှန်လိုက်လေဗျာ ... မန်ချူးဘုရင်က သူ့ရဲ့မွေးနေ့မှာ အဆွေတို့ နိုင်ငံက ကိုယ်စားလှယ်လွှတ်ပြီး ဂါရဝမပြုတဲ့အတွက် အမျက်ဒေါသ ထွက်နေပါတယ်၊ ဒါကြောင့် မန်ချူးစစ်သည်တို့က ဆယ်ရက်အတွင်းမှာ အဆွေတော်တို့ နယ်ခြားဒေသကို စစ်ချီလာတော့မှာပါ"

ထိုသတင်းကို ကြားသိရသောအခါ မောင်နမနှစ်ဦး၏ မျက်နှာမှာ ချက်ချင်း ပျက်သွားသည်။

မင်းသားလေး အာပုမင်က သူ၏ နမတော်ကို တီးတိုးတိုင်ပင်၏။ ထို့နောက် ဆချွန်မင်အား တိုင်ပင်လေ၏။

"အင်း ... မန်ချူးစစ်သည်တွေဟာ သုံးသိန်းရှိတယ်၊ ပြီးတော့ သူတို့က တိုက်ရည်ခိုက်ရည်ရှိလေတော့ ကျုပ်တို့ အထူးစိုးရိမ်ရတယ်၊ ကျုပ်တို့ နီပေါဟာ နိုင်ငံကလေးဖြစ်တဲ့အပြင် စစ်သည်အင်အားလည်း တစ်သိန်းလောက်သာ ရှိတယ်၊ မိတ်ဆွေရဲ့ လေ့လာချက်အရဆိုရင် ကျုပ်တို့ သူတို့ကို ခုခံကာကွယ်နိုင်ပါ့မလား"

"ဒီမှာ အဆွေတော် မင်းသား၊ ကျွန်တော်တို့ တရုတ်ပြည်မှာ စကားပုံတစ်ခုရှိတယ်၊ အဲဒါကတော့ စစ်ဆင်ရာမှာ စစ်ပရိယာယ်ကြွယ်ဝဖို့ဟာ အဓိကပဲတဲ့၊ စစ်သည်ကတော့ ကျွမ်းကျင်သွက်လက်ဖို့ လိုအပ်သတဲ့၊ စစ်သည်တို့ တိုက်ရည်ခိုက်ရည်မှာသာ အထူးကျွမ်းကျင်ရင် အင်အားများဖို့ မလိုဘူးတဲ့၊ အဲဒီတော့ အဆွေတော်တို့ နိုင်ငံဟာ နိုင်ငံသေးပေမယ့် လက်ရုံးရည်ကော နှလုံးရည်ပါ ထက်မြက်တဲ့ ပုဂ္ဂိုလ်ရှိရင် အဲဒီလူကို စစ်ဦးစီး ခန့်လိုက်ရင် အောင်ပွဲခံရမှာပါ အဆွေတော် မင်းသား"

သူ၏ စကားကို ကြားရသောအခါ မင်းသား အာပုမင်အား တက်သွားသည်။

"အို ... ဒါဆို သိပ်ဟန်ကျတာပေါ့၊ ကျွန်တော့် ခမ်းမည်းတော်ကို ပန်ကြားပြီး ခင်ဗျားတို့ကို စစ်ဦးစီးအဖြစ် ခန့်အပ်လိုက်မယ်"



ထိုအခါ မင်းသားလေး၏ တောင်းဆိုချက်ကို ဆချွန်မင်က ခေါင်းခါ၍ ဖြေလိုက်၏။

-"အင်း ... အဲဒါတော့ မဖြစ်ဘူး အဆွေတော်၊ ကျွန်တော်တို့ဟာ စားရေးမှာသာ ကျွမ်းကျင်တာပါ၊ စစ်သေနင်္ဂဗျူဟာကျတော့ ကျွန်တော့်မိတ်ဆွေ တစ်ယောက်က အထူးကျွမ်းကျင်ပါတယ်၊ အဲဒီ မိန်းကလေးဟာ လက်ရုံးရည်ရော နှလုံးရည်ပါ ကုံလုံပြည့်စုံတဲ့ ပုဂ္ဂိုလ်ပါ၊ ခင်ဗျားတို့သာ သူ့ကို ယုံကြည်စိတ်ချမယ်ဆိုရင် မန်ချူးအစိုးရဟာ ခင်ဗျားတို့နိုင်ငံကို မထိပါးဝံ့ပါဘူးဗျာ"

ထိုစကား ကြားသည်နှင့် မင်းသမီးဒေစီလီမှာ အံ့သြ၍ မေးလိုက်၏။

"အို ... အစ်ကိုပြောတဲ့ မိန်းကလေးဟာ ဘယ်ကလဲဟင်၊ သူမဟာ ဉာဏ်ပညာ ဒီလောက် ထက်မြက်လှပါ့မလားရှင်"

သူမ၏ မေးခွန်းကို ယခင်က မန်ချူးအစိုးရ၏ ဗိုလ်မှူးဖြစ်ခဲ့သော ငေါ်ကျင်းဖုန်းက ရှင်းပြသည်။

"မှန်ပါတယ်၊ ကျွန်တော့် သူငယ်ချင်းပြောတာ မှန်ပါတယ်ဗျာ၊ အဲဒီ မိန်းကလေးဟာ ခင်ဗျားနဲ့ ရွယ်တူဖြစ်ပြီး တပ်ဖွဲ့ကို ကောင်းစွာ ဦးစီးပြီး တိုက်ပွဲဝင်နိုင်ပါတယ်"

ဆက်လက်၍ သူက မင်းသမီး မုံစီလွန် တိဘက်နယ်တွင် မန်ချူးသစ္စာဖောက် အစိုးရ၏ စစ်တပ်တို့ကို ဖြိုခွင်းခဲ့သော အဖြစ်အပျက်များကို တင်ပြပြောဆိုသည်။

မင်းသမီး ဒေစီလီက ဝမ်းသာအားရဖြင့် ...

"အင်း … ဒါဆိုရင် ကျွန်မတို့ ရွှေလေးရှင်မင်းသမီးကို မြန်မြန် ဖိတ်ခေါ်မှုပဲ၊ သူ့ကိုသာ ဖိတ်ခေါ်နိုင်ရင် မန်ချူးရန်ကို မှုစရာမလို တော့ဘူးရှင့်"

ထိုအခိုက်မှာပင် စစ်သည်တစ်ဦး လာရောက်အစီရင်ခံသည်။

"ကိုယ်တော်လေး ခပ်လှမ်းလှမ်းက လူစုနှစ်စု ဒီကို ဦးတည်ပြီး လာနေတာကို တွေ့ရပါတယ်၊ ဦးစီးတဲ့လူတွေဟာ မိန်းကလေး နှစ်ယောက်နဲ့တူတယ်"

စစ်သည်၏ သတင်းပို့ချက်ကို ကြားသောအခါ ဆချွန်မင်က ချက်ချင်း ဝင်ပြောလိုက်သည်။

"ဟေး … အဲဒါ ရွှေလေးရှင် မင်းသမီးပဲ၊ ကျွန်တော်တို့ မြန်မြန်ထွက်ကြိုမှပဲ"

"အို … တကယ် ဟုတ်ရဲ့လားရှင်၊ သူတို့ ရောက်လာတာ မြန်လှချည်လား"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော်တို့အားလုံး အမဲလိုက် ထွက်ကြတာပါ၊ တော်ကြာကျရင် အဆွေတော်တို့ကို မိတ်ဆက်ပေးရဦးမယ်"

သည့်နောက် ဆချွန်မင်တစ့ လူသိုက်သည် အပြင်သို့ထွက်၍ ကြိုဆိုကြသည်။

မင်းသမီး မုံစီလွှန်မှာ သူ၏ချစ်သူ ဆချွန်မင်၏ နံဘေးတွင် အလှဘုရင်မတစ်ပါး နွဲ့နွဲ့နှောင်းနှောင်း ရပ်နေလိုက်သည့် ဒေစီလီကို မြင်သောအခါ သဝန်တိုမိ၏။



ထိုအဖြစ်ကို အကဲခတ်မိသည့် ငေါ်ကျင်းဖုန်းက ရှေ့သို့ တိုးလာပြီး မိတ်ဆက်ပေးသည်။

"ရွှေလေးမင်းသမီး ခင်ဗျား၊ ဟောဒီ အဆွေတော် နှစ်ယောက်ဟာ နီပေါဘုရင်ရဲ့ သားတော်နဲ့ သမီးတော်တို့ ဖြစ်ပါတယ်"

ငေါ်ကျင်းဖုန်းက အာပုမင်နှင့် ဒေစီလီတို့၏ နာမည်ကို ပြောပြသောအခါ မုံစီလွှန်က ဒေစီလီကို အထူးဂရုစိုက်၍ မှတ်သားလေ၏။ နီပေါဘုရင်နှင့် ပတ်သက်သူအားလုံး ဂရုစိုက်ရမည့်သူများ ဖြစ်သည် မဟုတ်ပါလား။

ထိုအခါ သူ့ထက် ချောမောပြေပြစ်သော အလှဘုရင်မတစ်ပါးဟု မှတ်ချက်ချလိုက်၏။

သို့သော် မိန်းမသားတို့၏ သဝန်တိုတတ်မှုကြောင့် မုံစီလွှန် နှုတ်မဆက်နိုင်ဘဲ ကြက်သေ သေနေမိလေသည်။

သို့ဖြစ်၍ နံဘေးမှ ဆချွန်မင်က သတိပေးပြောဆိုလိုက်၏။ သူက ဖြေပြောပြောသည်။

"အို … ညီမကလည်း သူ့ကို ကြည့်လှချည်လား၊ အရင်ကတည်းက သိကျွမ်းခဲ့တဲ့ မိတ်ဆွေတွေထင်ပါရဲ့"

မုံစီလွှန်မှာ ရှက်သွေးဖြာ၍ မျက်နှာနီမြန်းသွား၏။

"အို … စိတ်မရှိပါနဲ့ရှင်၊ အခုလို အိမ်ရှေ့မင်းသားနဲ့ သမီးတော်တို့ကို သိခွင့်ရတာ ဝမ်းသာပါတယ်"

မင်းသမီးဒေစီလီက သူမဆီကို ရင်းနှီးစွာဖြင့် လက်ဆွဲနှုတ်ဆက်လိုက်၏။

"အို ... အားနာစရာ မလိုပါဘူးရှင်၊ ခုနက ကျွန်မ ပြောသံကြားတော့ မမဟာ တိုက်ရေးခိုက်ရေးမှာ အထူးကျွမ်းကျင်တယ် ဆိုပါလားရှင်၊ ဧည့်ခန်းထဲ ဝင်ထိုင်ပြီး အေးအေးဆေးဆေး ဆွေးနွေးတာပေါ့"

မင်းသမီး၏ ပွင့်လင်းရင်းနှီးမှုကို တွေ့သောအခါ မုံစီလွန်၏ သဝန်တိုစိတ်သည် လျော့ရဲပျောက်ကွယ်သွား၏။

ဧည့်ခန်းသို့ ရောက်သောအခါ ကုလားထိုင်တွင် ကိုယ်စီ ထိုင်မိကြ၏။ မင်းသား အာပုမင်က စတင်၍ တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလိုက်သည်။

"မိတ်ဆွေတို့ အခုလို ရပ်ဝေးကနေ တကူးတက ရောက်လာတာကို အထူးဝမ်းသာမိပါတယ်၊ ဒါပေမယ့် မန်ချူးစစ်သည်တို့ မကြာမီမှာ ရောက်လာမယ်လို့သတင်းရတယ်ဗျ၊ အဲဒီတော့ ကျွန်တော့်ခမည်းတော်နဲ့ တွေ့ရအောင် ခရီး မြန်မြန်ထွက်ကြရင် ကောင်းမယ်"

ထိုအခါ ဆချွန်မင်က မင်းသား၏ နံဘေးသို့ကပ်၍ တီးတိုး ပြောလိုက်၏။

သူ၏ စကားကိုကြားရသောအခါ အိမ်ရှေ့မင်းသား အားပုမင်က ဝမ်းသာအားရ စကားဆက်လိုက်၏။

"စောစောက ပြောရောပေါ့ မိတ်ဆွေ၊ မိတ်ဆွေရဲ့ ဆရာက ဒီရောက်နေတာကိုး၊ ဒါဆိုရင် သူနဲ့ မျိုးချစ်ရဲဘော်တွေကို တစ်ပါတည်း ခေါ်ပြီး မြို့တော်ကို ချီတက်ကြစို့"

အိမ်ရှေ့မင်းသား အာပုမင်သည် ဆရာကြီး ကျိုချန်ထံသို့



အထောက်တော်တစ်ဦး စေလွှတ်လိုက်၏။ ဆရာကြီး ကျိုချန်မှာ လွန်စွာဝမ်းသာသွားသည်။ သူတို့၏ ကံကောင်းလာခြင်းကို ဆင်ခြင်မိလေ၏။

ဆရာကြီး ကျချန် ရောက်လာသည်နှင့် အားလုံး နယ်ခြားဂိတ်သို့ ခရီးနှင်ကြလေတော့သည်။

ထိုနေရာသို့ ရောက်သောအခါ အိမ်ရှေ့မင်းသားက မြင်းရထားလေးငါးစီးခန့် စီစဉ်ပေး၏။

ဧည့်သည်များကို မြင်းရထားပေါ်မှာ ထိုင်စေသည်။

ထို့နောက် ဂျာတာမန်ဒိုမြို့တော်သို့ ခရီးပြင်း နှင်ကြလေတော့သည်။

နီပေါနိုင်ငံသည် တောအထပ်ထပ် တောင်အသွယ်သွယ် ဝိုင်းရံထားသော နိုင်ငံငယ်လေးစင် ဖြစ်သည်။ ဂျာတာမန်ဒို မြို့တော်သည် နိုင်ငံ၏ အရှေ့မြောက်တွင် တည်ရှိ၍ စည်ကားသိုက်မြိုက်လှသည်။

ဘုရင်၏ စံနန်းတော်သည် မြို့တော်၏ ဗဟိုတွင် တည်ရှိ၏။ အုတ်နီဖြင့် တည်ဆောက်မွမ်းမံထားသည်။

အိမ်ရှေ့မင်းသား၏ ကြိုတင်သတင်းပေးချက်ကြောင့် ဘုရင်မင်းမြတ်သည် ခမ်းနားထည်ဝါသော စံနန်းတော်တွင် ဧည့်သည်တော်များကို လက်ခံတွေ့ဆုံသည်။

နေရာထိုင်ခင်းများ ပေးပြီးသောအခါ ဘုရင်မင်းမြတ်က အကြောင်းစုံ သိရှိသွား၏။

ဘုရင်မင်းမြတ်က ဆရာကြီး ကိုချန်ကို ပြောဆို၏။

"ဒီမှာ ဆရာကြီး ... ကျုပ် ကြားသိသလောက်ဆိုရင် မန်ချူး အစိုးရဟာ တရုတ်ပြည်မကို သိမ်းပိုက်ပြီးကတည်းက အင်အား တစ်နေ့တခြား တောင့်တင်းလာတယ် ဆိုတာပဲ၊ အိမ်နီးချင်းနိုင်ငံ လေးတွေကိုလည်း ကျူးကျော်သိမ်းပိုက်ခဲ့တယ်၊ သူတို့ အင်အား ကြီးမားလွန်းပါတယ်၊ ကျုပ်တို့ နိပေါနိုင်ငံလေး ဟာ အဘယ်မှာ သူနဲ့ ယှဉ်ပြိုင်ဝံ့ပါ့မလဲ"

ထိုစကားသည် အဖြစ်မှန်ဖြစ်သောကြောင့် ဆရာကိုချန် ငွေ ဝေသွားမိသည်။ စကားမပြောနိုင်အောင် ဖြစ်နေသည်။

ထိုအခါ ဆချွန်မင်က မျက်ရိပ်တစ်ချက်ပြလိုက်သောအခါ ရွှေလေးရှင်မင်းသမီးက သဘောပေါက်၍ ချက်ချင်း ဝင်ပြောလိုက် သည်။

"အရှင်မင်းကြီး ... ကျွန်မအနေနဲ့ ထင်မြင်ယူဆချက်ကို တင် ပြခွင့် ရမလားရှင်"

ဘုရင်မင်းမြတ်မှာ လှည့်ကြည့်သည်။ မုံစီလွန်မင်းသမီးမှန်း သိသည်နှင့် ...

"အင်း ... ဆိုစမ်းပါဦး မင်းသမီး၊ ကျုပ် ကြားရသလောက် ဆိုရင် သင် မင်းသမီးဟာ ဉာဏ်ပညာပြည့်စုံတဲ့ ပညာရှင်ဆိုတာ သိရပါတယ်"

"အဲဒီလောက်လည်း မဟုတ်ရပါဘူး အရှင်မင်းကြီး၊ ကျွန်မရဲ့ ထင်မြင်ချက်မတင်ပြမီမှာ ကျွန်မ မေးခွန်းတစ်ခု မေးပါရစေ၊ အဲဒါ



ကတော့ ဟိုရှေး ယွမ်မင်းဆက်နဲ့ အခု မန်ချူးအစိုးရဟာ ဘယ်သူက အင်အားကြီးပါသလဲ အရှင်မင်းကြီး"

"ဟား ... ဟား ... ဟား ... ဒါကတော့ ယွမ်မင်းဆက် အင် အားက တောင့်တင်းတာပေါ့ကွယ်၊ မန်ချူးအစိုးရဟာ သူနဲ့ နှိုင်း ယှဉ်လို့ မရပါဘူး"

"ဘုရင်မင်းမြတ်အနေနဲ့ အဲဒီအချက်ကို သဘောပေါက်ရင် လုံလောက်ပါပြီ၊ ဒါပေမယ့် ယွမ်မင်းဆက်ဟာ တိုက်ပွဲတိုင်း အနိုင် ရတာချည်း မဟုတ်ပါဘူး၊ ဂျပန်ပြည်ကို တိုက်ခိုက်တုန်းက တပ်ဖွဲ့ တစ်ဖွဲ့လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်၊ အခုလက်ရှိ အခြေအနေကို ကျွန်မ ရှင်းပြပါ့မယ် အရှင်မင်းကြီး၊ မန်ချူးစစ်သည်တို့ဟာ ခရီးဝေး နှင်လာခဲ့ရသည့်အတွက်ကြောင့် ပင်ပမ်းမောဟိုက်နေပါပြီ၊ အဆွေ တော်ရဲ့ နိုင်ငံကတော့ သဘာဝအနေထားကြောင့် နှင်းတောင်တွေ ထူထပ်ပြီး ခုခံကာကွယ်ဖို့ အင်မတန် သင့်လျော်ပါတယ်၊ ထို့ပြင် ပြည်သူလူထုက ရဲစိတ်ရဲမာန်နဲ့ ပြည့်စုံပြီး အကယ်၍သာ အစိုးရနဲ့ ပြည်သူလူထုတို့ တစ်စိတ်တစ်ဝမ်းတည်း တစ်ညီတည်းဖြစ်နိုင်ရင် မန်ချူးနယ်ချဲ့ အစိုးရရဲ့ ရန်ကို စိုးရိမ်စရာ မလိုပါဘူးရှင်"

မင်းသမီး မုံစီလွန် ရှင်းပြသော အချက်အလက်တို့သည် သဘာဝကျ၍ အားလုံး ချီးကျူးသြဘာပေးကြသည်။

ဘုရင်မင်းမြတ် မိန့်ကြားမည်ဟု ဟန်ပြင်သောအခါ ဝဲဘက် တန်းတွင် ရပ်နေသော မှူးကြီးမတ်ကြီး အတန်းထဲမှ အရာရှိတစ်ဦး ထွက်လာတော့သည်။

ထိုလူသည် နီပေါနိုင်ငံ၏ နန်းရင်းဝန်ပင်ဖြစ်သည်။

ထိုနောက် သူသည် ရင်ပြင်တော်ရှေ့သို့ လျှောက်လာရင်း ဘုရင်မင်းမြတ်ကို ဦးညွတ်၍ ...

"ရေမြေသနင်း ကျေးဇူးရှင် မင်းကြီးဘုရား .. အမတ်ကြီး ဟာရန် လျှောက်တင်ပန်ကြားအပ်ပါတယ်"

"အို ... နန်းရင်ဝန်ကြီးပါလား၊ အကြောင်း ဒိုသာ မြန်မြန် လျှောက်တင်စမ်းပါ"

"အရှင်မင်းကြီး သူတို့ ပေါက်ကရပြောတာကို မယုံကြည်ပါနဲ့ ဘုရား၊ မန်ချူးအစိုးရဟာ အင်အားတောင့်တင်းတဲ့အပြင် စားနိုင်ရိက္ခာလည်း ဖူဖူလုံလုံရှိပါတယ်၊ အဲဒီတော့ ကျွန်တော်တို့ အနေနဲ့ ပြန်လည်မခုခံသင့်ပါဘူး၊ တမန်တော်ကို မြန်မြန်စေလွှတ်ပြီး လက်နက်ချ အညံ့ခံရန် တောင်းပန်သင့်ပါတယ်၊ အဲဒါမှ ကျွန်တော်တို့ နိုင်ငံ မပြိုကွဲဘဲ ရပ်တည်နိုင်မှာပါ အရှင်မင်းကြီး"

ထိုစကားကို ကြားသောအခါ တရုတ်မျိုးချစ်ပုဂ္ဂိုလ်များက ကြိတ်၍ ဒေါသထွက်မိကြသည်။

တောင်နန်းစီဒေဝီ၏ အစ်ကိုတော် နန်း႔ုး‌ဝန်၏ ပျော့ညံ့သော စကားကို ကြားရသောအခါ ဘုရင်မှာ တွေဝေချင့်ချိန်သွားတော့သည်။

နန်းရင်းဝန် ဟာရန်သည် တောင်နန်းစံဒေဝီ၏ အားကိုးဖြင့် အရှိန်အဝါသည် တစ်နေ့တစ်နေ့ ကြီးထွားလာ၏။ ထို့ပြင် သူသည် ကောက်ကျစ်စဉ်းလဲသူလည်း ဖြစ်သည်။



ရန်သူအားပေးသော စကားကို ကြားရသောအခါ အိမ်ရှေ့မင်းသား ဓာပုမင် မခံမရပ်နိုင်ဖြစ်သွားသည်။

"နန်းရင်းဝန်ရဲ့ ပြောပုံအရဆိုရင် ကျုပ်တို့နိုင်ငံဟာ နယ်ခြားတပ်ဖွဲ့ထားဖို့လည်း မလိုတော့ဘူး၊ ခုခံဖို့လည်း မလိုတော့ဘူး ဆိုတော့ မန်ချူးအစိုးရရဲ့ တိုက်ခိုက်မှုကို ဒီအတိုင်း လက်ပိုက်ကြည့်ရင်း တိုင်းပြည်ကြီးဟာ တည်မြဲနိုင်မယ်တဲ့လား"

ဒေစီလီမှာ ခံပြင်းစိတ်ဖြင့် ...

"အို ... နန်းရင်ဝန်ကြီးပြောတာ မဟုတ်သေးပါဘူးရှင်၊ မန်ချူးစစ်သည်တို့ကို ကြောက်ရွံ့စရာ မလိုပါဘူး၊ ရွှေလေးရှင်မင်းသမီးကိုယ်တိုင် စီးဦးပြီး တိုက်ခိုက်တာနဲ့ မန်ချူးစစ်သည်တွေကို သပြုတ်တိုက်နိုင်ခဲ့တယ်ရှင့်၊ အဲဒီတော့ ဘာကြောင့် ဇာတိသွေး ဇာတိမာန် လျှော့တဲ့ စကားကို ပြောရတာလဲ"

အိမ်ရှေ့မင်းသားနှင့် သမီးတော်တို့၏ စကားကို ကြားရသောအခါ ဘုရင်မင်းမြတ်က ချက်ချင်း မာန်မဲလိုက်သည်။

"ဟိတ် ... တိတ်ကြစမ်း"

သားတော်နှင့် သမီးတော်တို့ နှုတ်ဆိတ်သွား၏။ ပါးစပ်ပိတ်သွား၏။

"အင်း ... ဒီကိစ္စကို ကျုပ် ညီလာခံခေါ်ပြီး ချက်ချင်း ဆုံးဖြတ်မယ်"

သည်နောက် သုံးရက်ခန့်အကြာတွင် ဘုရင်မင်းမြတ်က ထိပ်

သီးညီလာခံ ဆင့်ခေါ်ပြီး ၎င်းကိစ္စကို အပူတပြင်း ဆွေးနွေးလေတော့၏။

နန်းရင်းဝန်၏ လက်နက်ချ အညံ့ခံသော အဆိုသည် လူနည်းစု ဖြစ်သဖြင့် ရှုံးနိမ့်သွားသည်။

ညီလာခံအပြီးတွင် ဆရာကျိုချန်က နန်းရင်းဝန် ဟာရန်ကို ကြည့်ပြီး ...

"အင်း ... နန်းရင်းဝန်ဟာ အလွန် ကြောက်ဖို့ကောင်းတဲ့ အတွင်းရန်သူပဲ၊ အဲဒီတော့ ကျုပ်တို့ သူ့ရဲ့လှုပ်ရှားမှုမှန်သမျှကို မျက်ခြေမပြတ်စေနဲ့၊ သူဟာ ကျုပ်တို့ကို မလိုလားဘူး၊ သူဟာ ကျုပ်တို့အတွက် အလွန်ရေးပါတယ်"

ထိုသို့ တစ်ပတ်ကြာစေ့ အနားယူ ပြင်ဆင်ပြီးသောအခါ စည်းစခန်းထဲတွင် ဆွေးနွေးနေစဉ် ထုံကူဂိတ်မှ နယ်ခြားစောင့် ကင်းထောက်တစ်ဦး အပြေးရောက်လာပြီး သတင်းပို့ အစီရင်ခံသည်။

စစ်သူကြီး ခန်းအန်း ဦးစီးသော မန်ချူးတပ်ဖွဲ့တို့သည် နှင်းတောင်ကို ဖြတ်ကျော်ပြီး နယ်ခြားဒေသသို့ ဝင်လာကြသည်။

ထုံကူဂိတ်နှင့် မိုင်ပေါင်း ငါးဆယ်သာ ဝေးတော့သည်။

ထိုသတင်းကို ကြားသိသောအခါ အိမ်ရှေ့မင်းသား အာပုမင်က အလန့်တကြား ဖြစ်သွားသည်။

"အလို ...မန်ချူးစစ်သည်တွေက တယ်မြန်လှပါလား၊ ဆောင်းတွင်းမှာတောင် သဘာဝအန္တရာယ်များလှတဲ့ နှင်းတောင်ကြီးကို ဖြတ်ကျော်နိုင်ခဲ့တယ်"



ထိုအခါ ဆရာကျိုချန်က တည်ကြည်လေးနက်စွာဖြင့် ဖြေလိုက်သည်။

"အို ... အဲဒါ မဆန်းပါဘူး မင်းသား၊ တို့တောင် ဖြတ်ကျော်နိုင်တဲ့နောက်တော့ သူတို့လည်း ဖြတ်ကျော်နိုင်ရမှာပေါ့၊ အရေးကြီးတာက တို့ အခု ဘယ်လို ရင်ဆိုင်တိုက်ခိုက်မယ်ဆိုတာ ချက်ချင်း ဆွေးနွေးပြီး အစီအစဉ် လုပ်ဖို့ပါပဲ"

"ဟုတ်ကဲ့ ... ဆရာကြီး၊ ဒါဖြင့် ကျွန်တော်တို့ တုံကူဂိတ်ကို စောင့်ကြပ်ထားရင် ကောင်းမလား၊ ဒါမှမဟုတ် မန်ချူးစစ်သည် တွေကို ပြေးတိုက်ရမှာလား"

ထိုစဉ် နံဘေးတွင်ရှိနေသော ဆချွန်မင်က အကြံပေးလိုက်၏။

"အင်း ... စစ်သေနင်္ဂဗျူဟာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဆရာတပည့် သိပ်မကျွမ်းကျင်ဘူး၊ အဲဒီတော့ ရွှေလေးရှင် မင်းသမီးကိုပဲ ကွပ်ကဲနိုင်းရင် ကောင်းမယ်"

ထိုသို့ပြောဆိုနေခိုက်မှာပင် ရွှေလေးရှင်မင်းသမီး မုံစီလွန်နှင့် မင်းသမီးဒေစီလိတို့ လက်တွဲ၍ ရောက်ရှိလာကြ၏။

ဆချွန်မင်က သတင်းလာပို့သည့်အကြောင်းကို ပြောပြ၏။

မင်းသမီး မုံစီလွန်က အိမ်ရှေ့မင်းသားကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

"သိပ်လဲစိတ်မပူပါနဲ့ အဆွေတော်၊ မန်ချူးစစ်သည်တွေဟာ နှင်းတောင်ကို ဖြတ်ခဲ့ပေမယ့် ကျွန်မတို့က ပထဝီအနေအထား

အားကိုးပြီး ကာကွယ်လို့ ရပါသေးတယ်၊ အခု ကျွန်မ အသေးစိတ် လေ့လာထားတဲ့ မြေပုံတစ်ခုဆွဲထားပါတယ်"

သူမသည် ပြောပြောဆိုဆို မင်နီဖြင့် ရေးခြစ်ထားသော စစ်မြေပုံတစ်ချပ်ကို ထုတ်၍ ဖြန့်ပြလိုက်၏။

အိမ်ရှေ့မင်းသားနှင့် ကျိုချန်တို့ ဆရာတပည့်လည်း သေချာ ဝေဖန် သုံးသပ်ကြည့်မိ၏။

မြေပုံပေါ်တွင် မြက်ခင်းပြင်ကြီး၏ တည်နေရာသည် မြင့်မားသော တောင်တန်းကြီးတစ်ခုတွင် တွေ့ရသည့်ပြင် တောင်ကလပ်တွင် မြွေလိမ်မြွေကောက် လမ်းသွယ်ကလေးများ ရေးခြစ်ထားသည်ကို တွေ့ရ၏။

ထို့ပြင် တောင်တန်း၏ နံဘေးတွင် တည်ရှိသော အိုင်တစ်ခုကိုလည်း မြားဖြင့် ပြထားလေသည်။

ဆချွန်မင်နှင့် ဆရာကျိုချန်တို့သည် ပထဝီအနေအထားကို မကျွမ်းကျင်သောကြောင့် ဇဝေဇဝါ ဖြစ်နေသည်။

အိမ်ရှေ့မင်းသား အာပုမင်က ထုံကူဂိတ် ပတ်ဝန်းကျင်ကို ဆွဲထားသော မြေပုံမှန်း အကဲခတ်မိလေသည်။ သို့ဖြစ်၍ သူက သိလိုဇောဖြင့် မေးလိုက်သည်။

"ရွှေလေးရှင် မင်းသမီး၊ ခင်ဗျားရဲ့ယူဆချက်က ထုံကူဂိတ်ကို အကာအကွယ်ယူပြီး မန်ချူးစစ်သည်တွေနဲ့ ယှဉ်ပြိုင်တိုက်ခိုက်မှာလား"



သူ၏မေးခွန်းကို ရွှေလေးရှင် မုံစီလွန်က ခေါင်းခါ၍ ဖြေလိုက်သည်။

"မဟုတ်ပါဘူးရှင်၊ ကျွန်မ တောင်းဆိုချင်တာကတော့ မင်းသားလေး ထုံကူဂိတ်က အစောင့်တွေကို နောက်ဆုတ်ဖို့ အမိန့်ထုတ်စေချင်ပါတယ်"

"အလို...ထုံကူဂိတ်ကို စွန့်ရမှာလား၊ ပထဝီအနေအထားကောင်းတဲ့ နေရာကို"

"မလောပါနဲ့ မင်းသားလေး၊ ကျွန်မရဲ့စကား မဆုံးသေးပါဘူးရှင့်"

အိမ်ရှေ့မင်းသား အာပုမင်သည် သူ၏နှမတော်ကို အကဲခတ်ကြည့်လိုက်သောအခါ ပြုံးရယ်နေသည်ကို တွေ့လိုက်ရ၏။

သို့ဖြစ်၍ ဉာဏ်ပညာပြည့်စုံသော ရွှေလေးရှင် မင်းသမီး၏ ရည်ရွယ်ချက်ကို ချက်ချင်း ရိပ်သာမိတော့၏။

ထူးဆန်းအံ့ဩသော အကြည့်ဖြင့် ရွှေလေးရှင်ကို ကြည့်လိုက်သောအခါ မင်းသမီးမုံစီလွန်က ရယ်မော၍ ဆက်ပြော၏။

"ဒီမှာ မင်းသား၊ ရှင်တို့ ထုံကူဂိတ်ရဲ့နောက်မှာ မာဆအယ်တောင်တန်းရှိတယ် မဟုတ်လား၊ အဲဒီတောင်ရဲ့ နောက်ဘက်မှာ အိုင်တစ်ခုရှိတယ်လေ၊ အိုင်ဟာ အလွန်ထူးခြားတာကြောင့် အနက်ရောင်အိုင်လို့ ခေါ်တယ် မဟုတ်လား"

ထိုစကားတို့ကို ကြားရသောအခါ အိမ်ရှေ့မင်းသားက ကြိတ်၍ ချီးကျူးမိလေတော့သည်။

တို့နိုင်ငံရောက်တာ တစ်လပင်မပြည့်သေး။ ပထဝီအနေအထားကို အားလုံး ကြေညက်နေပြီကော။

ရွှေလေးရှင် မင်းသမီးက ဆက်ပြော၏။

"အဲဒီအိုင်ရဲ့ ရာဇဝင်ကို တဆိတ်လောက် ရှင်းပြပါလားရှင်"

"အို…အဲဒါကတော့ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က အဖြစ်အပျက်ပါ၊ အဲဒီတုန်းက အိုင်ဟာ ကြည်လင်ပြီး ပတ်ဝန်းကျင်တစ်ခွင်လုံးမှာလဲ တင့်တယ်လှပပါတယ်၊ ဒါပေမယ့် ငလျင်အကြီးအကျယ် လှုပ်တာနဲ့ မြေလွှာတွေ ပြိုပျက်ပြီး အိုင်ကျဉ်းသွားတဲ့အပြင် အမည်းရောင် ဖြစ်သွားပါတယ်"

"အင်း…အိုင်ရေပြင်လွှာက ဘယ့်နှယ့်ကြောင့် အမည်းရောင် ဖြစ်သွားတာလဲ"

ကြားရသူအပေါင်းတို့မှာ ထူးဆန်းအံ့ဩမိလေသည်။

"ဒါဟာ အံ့ဩစရာ မဟုတ်ပါဘူးရှင်၊ ကျွန်မတို့ တိဘက်ပြည်နယ်မှာလဲ ဒါမျိုးအဖြစ်နဲ့ ကြုံဖူးပါတယ်၊ အတွေ့အကြုံမရှိတဲ့ လူအဖို့မှာတော့ အံ့ဩစရာပေါ့ရှင်၊ ဒါပေမယ့် တကယ်တမ်းကျတော့ အဲဒီအိုင်ဟာ ရေနံထွက်တဲ့အိုင်ပါ"

ထိုခေတ်တွင် ရေနံကို လောင်စာအဖြစ် အသုံးမပြုတတ်သေးသောကြောင့် အားလုံး ထူးဆန်းအံ့ဩခြင်းပင် ဖြစ်ကြပေလိမ့်မည်။

ဉာဏ်ကြီးရှင် ရွှေလေးရှင် မင်းသမီး၏ ရှင်းလင်းချက်ကို ကြားရသောအခါ အိမ်ရှေ့မင်းသားက နားလည်သဘောပေါက်လာသည်။



မင်းသမီးဒေစီလိက ရယ်မောရှ် ကြားဝင်ဆိုလိုက်၏။

"ဒီမယ် အစ်ကို၊ ညီမတို့တစ်တွေဟာ အတွေးအခေါ် ခေတ်နောက်ကျတာပဲရှင်၊ မမက ကျွန်မကိုပြောတယ်၊ မန်ချူးစစ်သည်တို့ကို ဖြိုခွင်းဖို့ရာ အဲဒီအိုင်ကို အားကိုးရမယ်တဲ့၊ မမရဲ့ အကြံအစည်ကတော့ အံ့မခန်းပဲ"

"အို…မဟုတ်တာ၊ ဒီအိုင်က မန်ချူးစစ်သည်တွေကို ဖြိုခွင်းတာနဲ့ ဘာဆိုင်လို့တုန်း၊ ဘယ်လို ဖြိုခွင်းမှာတုန်း"

"သိပ်ဆိုင်တာပေါ့ရှင်၊ လျှို့ဝှက်ချက်တွေ မပေါက်ကြားအောင် ညီမက အစ်ကို့ကို ကပ်ပြောပြမယ်"

မင်းသမီးမုံစီလွန် ရယ်သွမ်းနေမိသည်။

မင်းသမီးဒေစီလိက သူမ၏ အစ်ကိုနားကပ်၍ တီးတိုးရှင်းပြလိုက်သည်။

အိမ်ရှေ့မင်းသား အာပုမင်က ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခုပ်တီး၍ ဩဘာပေးလေတော့သည်။

"အင်း…တယ်ပိုင်တဲ့ အကြံပါလား၊ ရွှေလေးရှင် မင်းသမီးကတော့ တကယ်ဉာဏ်ကြီးရှင်ပဲဗျာ၊ ကျုပ်လက်ခံတယ်"

ဆရာကိုချန်တို့ ဆရာတပည့် ဘာမှန်းမသိဘဲ ဇဝေဇဝါ ဖြစ်မိသည်။ ထို့ကြောင့် မုံစီလွန်က အစောင့်အကြပ်များ နှင်ထုတ်လိုက်သည်။ သူမ၏ ဗျူဟာစီမံကိန်းကို အကျယ်တဝင့် ရှင်းပြလိုက်၏။

ထိုစီမံကိန်းကြားရသည်နှင့် ဆစ္စန်မင်က ဝမ်းသာအားရဖြင့် ရယ်လေတော့၏။

"ဟား ... ဟား ... ဟား ... အခုစီမံကိန်းအတိုင်းဆိုရင် မန်ချူး စစ်သည်တွေ မျိုးပြုတ်ပြီသာ မှတ်ပေတော့"

"အို ... သိပ်ပြီးလဲ ဝမ်းသာမစောပါနဲ့ရှင်၊ စစ်သူကြီးခန်းအန်းဟာ အလွန်ကောက်ကျစ်စဉ်းလဲတယ်၊ အဲဒီတော့ ကျွန်မတို့ ဆင်ထားတဲ့ အကွက်ထဲ ဝင်ချင်မှ ဝင်မှာပါ၊ တရားသေတွက်လို့ မရသေးပါဘူး"

ရွှေလေးရှင် မင်းသမီး၏ စကားကို အားလုံးက လက်ခံကြတော့၏။

"မြန်မြန်သာပြင်ဆင်ကြစမ်းပါ၊ တို့ရဲ့ စီမံကိန်းဟာ ထမြောက်အောင်မြင်မှာပါ"

ရွှေလေးရှင် မှုစီလွှန် အမှူးပြုသော အကြံပေးအဖွဲ့သည် ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချလိုက်တော့သည်။

သို့ဖြစ်၍ အိမ်ရှေ့မင်းသား အာပုမင်းက အမိန့်ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်သည်။

အမိန့်တစ် ဂျာတာမန်ဒိုမြို့တော်တွင်းရှိ လူထုအပေါင်းတို့သည် အုန်းဆံကြိုးထုံးကို အမြန်ဆုံးကျစ်ရမည်။ အလျားပေခြောက်ရာခန့်ရှိသော ကြိုးခွေ အခွေနှစ်ရာနှစ် အလိုရှိသည်ဟု ပါရှိသည်။

အမိန့်နှစ် ကောက်ရိုးဖြင့် လူပုံသဏ္ဌာန် စည်းနှောင် ဖန်တီးရမည်။ အရေအတွက်များမှာ နှစ်ထောင်ကျော်ခန့် အလိုရှိ၍ အိမ်တိုင်းလူတိုင်း ပါဝင်ဆင်နွှဲလုပ်ဆောင်ရမည်။

အမိန့်သုံး တိုင်းတစ်ပါးရန်ကို မျိုးချစ်စိတ်ဓာတ် အပြည့်အဝ



ဖြင့် ရဲစိတ်ရဲမာန်သွင်းပြီး ခုခံကာကွယ်ရမည်။ ၎င်းတာဝန်နှစ်ရပ်ကို သုံးရက်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်ရပေမည်။

စည်းရုံးခြင်းသည် အင်အားဆိုသကဲ့သို့ စစ်သည်နှင့် ပြည်သူလူထုတို့ စည်းစည်းရုံးရုံးနှင့် ကြိုးစားလုပ်ဆောင်သောကြောင့် နှစ်ရက်အတွင်းမှာပင် ကြိုးခွေနှင့် ကောက်ရိုးလူများ ကျစ်လုပ် ထုပ်စည်းပြီးလေတော့သည်။

အိမ်ရှေ့မင်းသား အာပုမင်းက မြင်းရထားစေလွှတ်၍ ပြင်ဆင်ထားသော ပစ္စည်းများကို မာဆအယ်တောင်ပေါ်သို့ တင်ဆောင်သွားသည်။

၎င်းအချိန်တွင် ရွှေလေးရှင် မင်းသမီးတို့လူသိုက်က တောင်ပေါ်တွင် စောင့်နေကြသည်။

ထိုအခါ ပစ္စည်းများရောက်လာသည်နှင့် ရွှေလေးရှင် မင်းသမီးက စစ်သည်များအား ကောက်ရိုးနှင့် ကြိုးထုံးတို့ကို ကန်ထဲတွင်စိမ်ရန် အမိန့်ပေးလိုက်သည်။

နေ့ဝက်ခန့်စိမ်ပြီးသောအခါ စစ်သည်များကို ပြန်ဆယ်စေပြီး နေပူလှန်းစေ၏။ ထို့နောက် ကောက်ရိုးလူများကို ထုံကူဂိတ်တွင် တန်းစီစေပြီး အချို့ကို အိမ်ထဲတွင် ထားခိုင်းလေသည်။ ရေနံစိမ်ထားသော ကောက်ရိုးလူများကို နေရာအသီးသီးချပြီး ရွှေလေးရှင် မင်းသမီးက မြို့နေလူထုကို နောက်ဆုတ်ဖယ်ရှားရန် အမိန့်ပေးပြန်၏။

မြို့နေလူထုတို့ တခြားနေရာသို့ ပြောင်းရွှေ့ပြီးကြသောအခါ

အိမ်လွတ်တွင် ကောက်ရိုးလူချထားစေပြီး အုတ်နံရံနှင့် တဲအိမ်ပတ်ဝန်းကျင်ပွင် ရေနံပက်ဖျန်းလိုက်သည်။

ကြိုးထုံးများကို အိမ်ကြိုအိမ်ကြားတွင် ရစ်ပတ်စေပြီး တောင်ခြေရင်းအထိရောက်အောင် တစ်လျှောက်လုံး ချထားနိုင်းလေသည်။

ထိုသို့ အားလုံးပြင်ဆင်ပြီးသောအခါ မင်းသမီးအိုင်စီလွန်က ဂိတ်စောင့် စစ်သည်များကို ဆုတ်ခွာဖို့ အမိန့်ထုတ်ပြန်လေသည်။

အားလုံး ပြင်ဆင် စီစဉ်ပြီးသောအခါ နယ်ခြားမြို့ကလေးဖြစ်သော ထုံကူဂိတ်သည် လူတစ်ဦးတစ်ယောက်မျှ မကျန်တော့ဘဲ ဗလာကျင်းသော မြို့ကလေးတစ်မြို့ ဖြစ်နေလေတော့သည်။

* * *



## အခန်း(၄၂)

## စစ်ပရိယာယ်

မန်ချူးနယ်ချဲ့အစိုးရ၏ စစ်ဦးစီးမှူးဖြစ်သူ ခန်းအန်းမှာ တပ်ဖွဲ့များကို ဦးဆောင်ပြီး နီပေါနိုင်ငံ၏ နယ်ခြားသို့ ဝင်လေ၏။

စစ်သူကြီးခန်းအန်းသည် လမ်းပြမှတစ်ဆင့် နီပေါနိုင်ငံ၏ နယ်ခြားတွင် ထုံကူဂိတ်တစ်ခုရှိမှန်းသိရှိသည့်အပြင် ၎င်းဂိတ်သည် ပထဝီအနေအထား ကောင်းလွန်းသောကြောင့် ဖြိုခွင်းစီးနင်းရန် မလွယ်မှန်း သုံးသပ်မိသည်။

သို့သော် သူသည် မန်ချူးအစိုးရ၏ စစ်သည်အင်အား တောင့်တင်းကြောင်းကို အစွမ်းပြလိုသဖြင့် နယ်ခြားဒေသသို့ ဝင်မိသည်နှင့် အသေခံတပ်သား ငါးသောင်းကို ရွေးချယ်ပြီး အမြောက်အလက်နှစ်ရာခန့်ကိုလည်း အသင့် ပြင်ဆင်ထားလိုက်သည်။

ထိုအခိုက်တွင် မန်ချူးနယ်ချဲ့အစိုးရ၏ ရှေ့ပြေးတပ်ဖွဲ့တို့သည် နေ့ဝက်ခန့်ကြာသောအချိန်မှာပင် ထုံကူဂိတ်ဝသို့ ခရီးအပြင်းနှင်လေတော့သည်။

သို့သော် ၎င်းတို့၏ပြင်ဆင်မှုတို့သည် အချည်းနှီးသာ ဖြစ်လေတော့သည်။ ထုံကူဂိတ်ဝသို့ရောက်သောအခါ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်ပြီး မြည်ဟီးသံပင် မကြားရတော့ပေ။

မြို့ရိုးအုတ်တံတိုင်းမှာ အလံများလွှင့်ထူထားသည်ကို တွေ့ရ၏။ ထိုအခါ ရှေ့ပြေးတပ်ဖွဲ့မှူးက အုံသြရင်း မြို့တွင်းသို့ အရမ်းမဝင် ဝံ့ပေ။

သူသည် တပ်ဖွဲ့တစ်ဖွဲ့လုံးကို ရပ်တန့်စေပြီး ခြေမြန်တော်တစ်ဦးကို စေလွှတ်၍ စစ်သူကြီးခန်းအန်းထံ အကြောင်းစုံကို အစီရင် ခံလိုက်လေတော့၏။

ထိုသတင်းကို ခန်းအန်းမင်းကြီး ကြားသိသောအခါ အကြံပေးအဖွဲ့မှ အရာရှိများကို မေးမြန်း၏။

"အင်း...နီပေါစစ်သည်တို့ဟာ ထုံကူဂိတ်ကို ဘာကြောင့် အစောင့်အကြပ်မထားတာလဲ၊ အဲဒါ ပရိယာယ်ရှိမယ်နဲ့တူတယ်"

"ဒါကတော့ မင်းကြီး၊ တိဘက်နယ်ကို အလွယ်တကူ ဖြိုခွင်းသိမ်းပိုက်နိုင်ခဲ့တယ် မဟုတ်လား၊ ခုလို ထွက်ပြေးကြတာဟာ မင်းကြီးရဲ့ အရှိန်အဝါကို စိုးရွံ့လို့နေမှာပါ၊ သူတို့ မင်းကြီးကို ဘယ်ယှဉ်ဝံ့မှာလဲ"

ထိုစကားကို ကြားရသောအခါ စစ်သူကြီးခန်းအန်းမှာ လွန်စွာ အားရမိလေသည်။

သို့သော် ဝါရင့်စစ်ဦးစီးပိုပိ စေ့စပ်သေချာရန် အလို့ငှာ ထောက်



လှမ်းရေး အယောက်ငါးရာခန့်ကို မြို့ထဲသို့ အသေးစိတ် စုံစမ်းရန် စေလွှတ်လိုက်သည်။

နေ့ဝက်ခန့်အကြာတွင် ထောက်လှမ်းရေးတပ်စုမှာ မြို့ရိုးတံတိုင်းပေါ်တက်ပြီး အဝေးမှမြင်ကွင်းကို လှမ်းမျှော်အကဲခတ်ကြည့်ရှုသည်။ ထို့နောက် ကြိုးဖြင့် လျှောဆင်းပြီး အကြောင်းစုံကို အစီရင်ခံလေသည်။

"မင်းကြီးခင်ဗျား၊ မြို့ထဲမှာ လူတစ်ဦးတစ်ယောက်ကိုမှ မတွေ့ရတဲ့အပြင် ကြက်တို့၊ ခွေးတို့တောင် တစ်ကောင်မှ မတွေ့ရပါဘူး၊ မြို့စောင့်စစ်သည်နှင့် လူထုတို့ တစ်ယောက်မကျန် အားလုံး ထွက်ပြေးကြပါပြီ"

ထိုအစီရင်ခံချက်ကို ကြားသိရပြီး စစ်သူကြီးခန်းအန်းက မြို့ထဲသို့ ဝင်စီးရန် တပ်ဖွဲ့ကို အမိန့်ပေးလိုက်သည်။

သို့သော် မြို့တွင်းသို့ ဝင်စီးသောအခါ ထူးခြားသော ဖြစ်ရပ်တစ်ခုနှင့် ကြုံတွေ့ရလေတော့သည်။

ပထမထူးခြားချက်ကား မြို့တွင်းသို့ဝင်သွားကြသည်နှင့် သူတို့၏ နှာခေါင်းသို့ ညှီပုပ်သော အနံ့အသက်များ ပြေးဝင်လာခြင်းဖြစ်သည်။

ဒုတိယထူးခြားချက်မှာ အိမ်တိုင်းအိမ်တိုင်းမှာ ဗလာကျင်းနေသော်လည်း ကောက်ရိုးလူရုပ်များကို အိမ်ပေါက်စေ့ ချထားသည်ကို တွေ့ရ၏။

လွှန်ခဲ့သော နှစ်ပေါင်းလေးထောင်ကျော်က ရေနံကို အသုံးပြုရသည်ကို နားမလည်သေးပေ။ သို့ဖြစ်၍ ၎င်းတို့ ရှုရှိုက်မိသောအခါ ရေနံနံ့ကို မခွဲခြားနိုင်ချေ။ အပုတ်နံ့နှင့် ရေနံနံ့ ရောထွေးနေလေ၏။

ထိုထူးခြားသော အနံ့အသက်ကို ရှူမိသည်နှင့် အမိန့်ပေးလိုက်သည်။

"ဟော့…ဒါဟာ နီပေါတွေရဲ့ ပရိယာယ် ၇၊ ဒီမှာ ကြာကြာနေလို့ မဖြစ်ဘူး၊ မြန်မြန်နောက်ဆုတ်ကြ"

ထိုအခိုက်မှာပင် တောင်ကလပ်ဆီမှ မီးရောင်ထိန်လင်းနေသည်ကို တွေ့လိုက်ရသည့်အပြင် မီးရောင်တို့က တောင်ကြားလမ်းသွယ်မှ မြွေလိမ်မြွေကောက် လမ်းကြားအတိုင်း တစ်ဟုန်ထိုး လျှောဆင်းတောက်လောင်လာသည်ကို တွေ့မြင်ရသည်။

မင်းကြီးသည် ဝေဖန်သုံးသပ်ရင်းက ရုတ်ခြည်းသဘောပေါက်သွားလေသည်။

"ဟောကောင်တွေ မြန်မြန်လုပ်ကွ၊ ရန်သူက တို့ကို မီးနဲ့ရှို့သတ်ဖို့ ကြံနေတယ်၊ မြန်မြန်…"

ခန်းအန်း၏စကားကို ကြားရသောအခါ အားလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားလေတော့၏။

အသက်ရှင်ရေးအတွက် သူ့ထက်ငါ အရင်လုပြီး ထုံကူဂိတ်အပြင်ဘက်သို့ ရောက်အောင် ပြေးကြလေတော့သည်။

* * *



ထုံကူဂိတ် အတွင်းသို့ မန်ချူးစစ်သည် ရှစ်သောင်း ကိုးသောင်းခန့် ရောက်ရှိနေသည်။

ထုံကူဂိတ်မှ တောင်အောက်သို့ဆင်းရန် လမ်းသွယ်လေးငါးလမ်းသာရှိ၏။

ထိုလမ်းနှစ်သွယ်မှ စစ်သည်များ အလုအယက် တိုးဝှေ့ထွက်သွားကြသည့်အတွက် တစ်ဦးကိုတစ်ဦး နင်းမိနိုက်မိကြသည်။

ထိုသို့ စစ်သည်များ ဖရိုဖရဲ တပ်ပျက်ပြီး ထွက်ပြေးနေသည်ကို မြင်ရသည့်အတွက် ရုတ်ခြည်း ခန်းအန်းမင်းကြီးက အကြံရ၏။

ချက်ချင်း ကြိုးစကို ဖြတ်တောက်ပစ်ရန် အမိန့်ပေးလိုက်လေ၏။

သို့သော် အချိန်နှောင်းခဲ့လေပြီ။

မီးမှာ ထုံကူဂိတ်၏ တည်နေရာသို့ ရောက်ရှိလာလေ၏။

"ဝုန်း"ဟူသော အသံနှင့်အတူ မီးမှာ ဂိတ်ဝရှိ အိမ်နှစ်လုံးကို မီးကွဲုးစက် လောင်ကျွမ်းလေပြီ။

ခဏအတွင်း ရေနံစိမ်ထားသော ကောက်ရိုးရုပ်များ အိမ်များကိုတစ်ဆင့် မီးကူးစက် လောင်ကျွမ်းလေကုန်၏။

ထို့နောက် မီးမှာ ထုံကူဂိတ်တစ်ခုလုံးကိုပါ လောင်ကျွမ်းသွားလေတော့သည်။

မီး၏အဟုန်ကြောင့် စစ်သည်များသည် အသက်ဘေးကို လှ၍ တိုးဝှေ့ထွက်ပြေးကြရင်း ရှုပ်ထွေးလျက်ရှိ၏။

ထိုအခါ စစ်သူကြီးခန်းအန်းက ဟန့်တားသော်လည်း မရဘဲ စစ်သည်များမှာ ကစဉ့်ကလျား ပြေးထွက်နေကြသည့်အရှိန်ကို မတားနိုင်ချေ။ ထိုလူစုတွင်...

ကျင်းတောင်ညီနောင်လည်း ပါရှိ၏။

ဟူးရန်ထိုက အော်ပြီး...

"မင်းကြီး မြန်မြန်ပြေးမှဖြစ်မယ်"

စကားဆုံးသည်နှင့် ဟူးရန်ထိုက စစ်သူကြီးခန်းအန်းအား မြင်းပေါ်မှ ရုတ်တရက်ဆွဲချလိုက်ပြီး ကျောကုန်းတွင်ပိုး၍ မီးလွတ်ရာသို့ ကိုယ်ဖော့ပညာဖြင့် ထွက်ပြေးလေတော့သည်။

တောင်ပေါ်ဂိတ်မှာ မီးဟုန်းဟုန်း တောက်လောင်နေဆဲပင်။ စစ်သည်တော် အတော်များများ သေကြေကြကုန်၏။

အချို့ကို မီးလောင်၍လည်းကောင်း၊ အချို့မှာ တစ်ဦးနှင့်တစ်ဦး ထွက်ပြေးရင်း နင်းမိကြ၍လည်းကောင်း သေကြေကြကုန်၏။

ထိုအခါ ထိန်းသိမ်း၍မရသော စစ်သည်များကို မမျှော်လင့်ဘဲ အိမ်ရှေ့မင်းသား အာပုမင် ခေါင်းဆောင်သော နီပေါတပ်ဖွဲ့များက လမ်းချို့လမ်းကွေ့မှ ဒလကြမ်း ပစ်ခတ်တိုက်ခိုက်၏။

ဗုံးသံ၊ အော်သံ၊ ဆူညံစွာ ထွက်ပေါ်လာ၏။

စစ်ဦးစီးမှူးခန်းအန်းက တပ်ဖွဲ့များကိုပြန်လည်၍ စုစည်းပြီး ရန်သူများကို တိုက်ခိုက်ရန် အမိန့်ပေးသော်လည်း မစုစည်းနိုင်တော့ချေ။

စစ်သည်များ ကြောက်ရွံ့စွာ ထွက်ပြေးကြခြင်းကို ဟန့်တား



မရသည့်အပြင် နီပေါစစ်သည်များ၏ ပြင်းထန်သော တိုက်ခိုက်မှုအောက်တွင် လူးလိမ့်ခံနေရ၏။

စစ်သူကြီးခန်းအန်း ဦးစီးသော မန်ချူးနယ်ချဲ့စစ်သည်များသည် ထွက်ပြေးကြရင်း ဂိတ်နှင့် မိုင်ငါးဆယ်ကျော်အထိ ပြေးမိမှ အပြေးရပ်တန့်သွားလေတော့သည်။

ဆုံးရှုံးမှုကို မှတ်တမ်းကောက်ယူလိုက်သောအခါ မီးလောင်ခံရ၍ သေကြေကြသော စစ်သည်မှာ ခြောက်ထောင်ခန့်ဖြစ်၏။

တိုးဝှေ့နင်းမိပြီး သေကြေကြသည့် စစ်သည်မှာ နှစ်သောင်းကျော် ဖြစ်၏။ ထို့အပြင် ချောက်ကမ်းပါးအောက်သို့ ကျ၍ သေကြေကြသော စစ်သည်များမှာလည်း ရှိပေသည်။

နီပေါနိုင်ငံဘက်မှ သေကြေဆုံးရှုံးမှုမရှိပေ။

သို့သော် ထုံကူဂိတ်တစ်ခုလုံးမှာ ပြာပုံအတိ ဖြစ်ခဲ့ရ၏။

စားနပ်ရိက္ခာများကိုလည်း အချိန်မီ ရွှေ့ပြောင်း သိမ်းဆည်းနိုင်ခဲ့ခြင်းကြောင့် နီပေါဘက်မှ ပွဲဦးထွက် အောင်ပွဲခံနိုင်ခဲ့လေ၏။

သည့်နောက် အိမ်ရှေ့မင်းသား အာပုမင်က မန်ချူးစစ်သည်များ၏ လှုပ်ရှားမှုကို ထောက်လှမ်းစေသည်။

သို့သော် ငါးရက်ကြာသည့်တိုင် မန်ချူးစစ်သည်တို့၏ လှုပ်ရှားမှုကို လုံးဝ စုံစမ်း၍မရပေ။

ထို့နောက် ဒုတိယနေ့ နေ့ခင်းအချိန်တွင်...

အခြေအနေကို ဝေဖန် ဆွေးနွေးရန် အရေးပေါ် အစည်းအဝေး ကျင်းပရသည်။

ဆရွှန်မင်သည် ညှော်ခန်းစည်းဝေးခန်းမဆောင်သို့ ဝင်လာသောအခါတွင်...

ဆရာကျိချန်၊ ယန့်ကျင်ဖုံးနှင့် ရွှေလေးရှင် မင်းသမီးတို့ ရောက်နှင့်နေကြလေပြီ။

ဆွေးနွေးပွဲတွင် ရွှေလေးရှင်မုံစွန်လွန်က အိမ်ရှေ့မင်းသားကို အကြံပေးလိုက်၏။

"ဒီမှာ အဆွေတော်၊ ကျွန်မတို့ဆီက စစ်တပ်နဲ့ မန်ချူးစစ်တပ်တို့ မျက်နှာချင်းဆိုင်တိုက်ရင် အင်အားချင်း ဘယ်လို အခြေအနေရှိနိုင်မလဲရှင်"

အိမ်ရှေ့မင်းသားက ရယ်၍...

"မန်ချူးစစ်သည် သုံးသိန်းလို့ ကြွားဝါထားပေမယ့် တကယ်တန်းကျတော့ အင်အားနှစ်သိန်းလောက်ပဲရှိမှာပါ၊ အဲဒီထဲမှာ ရိကျွာပို့တဲ့တပ်ဖွဲ့ ချန်ခဲ့ရဦးမယ်၊ နောက်ပြီး ထုံကူဂိတ်မှာလဲ စစ်သည်သုံးသောင်းလောက် ဆုံးရှုံးခဲ့ရတယ်၊ အဲဒီတော့ ကျွန်တော်တို့ လက်ရွေးစင် စစ်သည် ငါးသောင်းနဲ့ ခုခံရင် ရနိုင်ပါတယ်"

ထိုအခါ ရွှေလေးရှင် မင်းသမီးက ဆက်၍ အကြံပြု၏။

"အင်း...လက်ရွေးစင်တပ်ဖွဲ့ရဲ့ အရည်အချင်း ပြည့်ဝရင်တော့ ခုခံကာကွယ်လို့ ရပါတယ်၊ ဒါပေမယ့် သူတို့က အမြောက်ကို အသုံးပြုရင် ဘယ်လိုရင်ဆိုင်မလဲ၊ ဒီတော့ ကျွန်မရဲ့ ထင်မြင်ချက်ကို ပြောရရင်..."

ထိုအခါ မင်းသမီး အီလီနာက...



"အို...ကျွန်မသိပြီ၊ မမဆီမှာ အကြံကောင်း ထပ်ပေါ်လာပြီထင်တယ်၊ ဒါဆိုရင် ညီမတို့ထပ်ပြီး အောင်ပွဲခံရဦးမှာပေါ့နော်"

မင်းသမီးမုံစီလွန်က အီလီနာ၏လက်ဆွဲပြီး ပြုံးရယ်ကာ ဆရွှန်မင်အား မေးလိုက်သည်။

"အစ်ကို ကျွန်မတို့နှစ်ယောက်ရဲ့ မျက်နှာကို အကဲခတ်စမ်းပါရှင်၊ ဆင်သလား မဆင်ဘူးလား"

"ဩော်...အင်း၊ အဝေးမှကြည့်ရင်တော့ ခပ်ဆင်ဆင်ပဲ၊ ဒါပေမယ့် အနီးကပ်ကြည့်ရင် မတူဘူး"

"အဝေးကကြည့်ရင် နည်းနည်းဆင်ရင် တော်ပြီ၊ ကျွန်မတို့နှစ်ယောက်စလုံး တိဘက်သူလို ဝတ်ဆင်ပြီး ရန်သူကို ရင်ဆိုင်တိုက်မယ်"

ရွှေလေးရှင်မုံစီလွန်က သူမ၏ အကြံပေးချက်ကိုအစည်းအဝေးတွင် တင်ပြလိုက်၏။

ထိုအခါ သူမ၏ချစ်သူ ဆရွှန်မင်က ဝမ်းသာထောက်ခံသည်။

"အင်း...ညီမရဲ့အကြံက ကောင်းပါတယ်၊ ဒါပေမယ့် ရန်သူတွေ ဘက်က အမြောက်နဲ့ပစ်ရင် ဘယ်လိုရင်ဆိုင်မလဲ"

"အို...အစ်ကိုကလဲ၊ အမြောက် ကျည်ဆန်က မြို့တွင်းအဆောက်အအုံကိုသာ ဖြိုခွင်းနိုင်တာပါ၊ ကွင်းပြင်မှာ ပြောက်ကျားစစ် ဆင်နွှဲတဲ့အခါမှာ ဘာမှ စိုးရိမ်စရာမလိုပါဘူး၊ ဒီမှာ အဆွေတော်မင်းသား၊ ကျွန်မကို မြင်းသည်တော်တပ်က တပ်သား နှစ်သောင်းသာ အပ်ပါ၊ သုံးရက်အတွင်း ကျွန်မ စစ်ရေးလေ့ကျင့်ပေးပါ့မယ်ရှင်"

သူမက မင်းသားဘက်သို့လှည့်ကာ စကားအဆုံးသတ်လိုက်လေ၏။

နောက်ဆုံးတွင် အိမ်ရှေ့မင်းသား အာပုမင်က ဝမ်းမြောက်ဝမ်းသာဖြင့် ဆုံးဖြတ်ချက် ချလိုက်သည်။

* * *

ရွှေလေးရှင် မင်းသမီး မုံစီလွန်မှာ မာဆာအယ်တောင်အောက်ကွင်းပြင်တွင် တပ်သားများကို နည်းဗျူဟာပရိယာယ်များကို လေကျင့်ပေး၏။

တပ်သားများကို ပင့်ကူအကွက်ဖြင့် လေ့ကျင့်ပေး၏။

လေ့ကျင့်ပေးရာတွင် တင်းကြပ်သော စည်းကမ်းထားရှိ၏။

လေ့ကျင့်ရာတွင် 'စည်းချိုးဖျက်သူ နှစ်ဦးကို ပြင်းထန်စွာ အပြစ်ဒဏ်ပေး၍ စံနမူနာထားကာ ကျန်သင်တန်းသားတို့ ကြိုးကြိုးစားစား ဂရုတစိုက် လေ့ကျင့်ကြစေသည်။

သုံးရက်ကျော်လွန်သော တစ်နေ့....

မန်ချူးစစ်ဦးစီးမှူးခန်းအန်း ဦးစီးသော စစ်တပ်သည် ဗိုလ်ပါစုစုပေါင်း အင်အားတစ်သိန်းငါးသောင်းတို့ကို ဦးဆောင်၍ ထုံကူဂိတ်သို့ ထပ်မံ ရောက်ရှိလာ၏။

သူ၏ ယူဆချက်မှာ ယခုကဲ့သို့ အင်အားကြီးမားသော မန်ချူးတပ်မတော်ကို နီပေါတို့က ရင်ဆိုင်ခုခံဝံ့မည်မဟုတ်ဟု ယုံကြည်ထား၏။



တောင်ခြေသို့ရောက်သောအခါ သူ၏ ယူဆချက်မှာ လွဲမှားနေချေတော့သည်။

ခပ်လှမ်းလှမ်းတောင်ပေါ်တွင် နီပေါစစ်တပ်တို့ တန်းစီ၍ အသင့်တိုက်ခိုက်ရန် စောင့်ကြိုနေကြသည်။

ထိုတပ်ဖွဲ့နှင့် ကိုက်နှစ်ဆယ်ခန့် အကွာတွင် အိမ်ရှေ့မင်းသား အာပုမင်သည် ဗိုလ်မှူးဆယ်ဦးဖြင့် မြဲရဲလျက် ရှေ့သို့ တိုးထွက်လာ၏။

မန်ချူးခန်းအန်းမင်းကြီးသည် စစ်ဦးစီးချုပ် စစ်ဝတ်စုံကို ဝတ်ဆင်ထားပြီး ခေါင်းတွင် ဥဒေါင်းအမြီးပါသော ဦးထုပ်ကို ဆောင်းထားသည်။

သူက တည်ကြည်ပြတ်သားစွာဖြင့် ပြောသည်။

"ဒီမှာ အသင်မင်းသား၊ အသင်မင်းသားတို့ နိုင်ငံငယ် တစ်ခုက အင်အားတောင့်တင်းလှတဲ့ မန်ချူးအစိုးရကို အံတုချင်လို့လား၊ ဒီမယ်အသင် မင်းသား၊ အခု ငါတို့ရဲ့ တပ်ဖွဲ့တွေဟာ အသင်တို့ကို အားလုံး ဝိုင်းထားလိုက်ပြီ"

"ဒီမယ် စစ်သူကြီးခန်းအန်း၊ စစ်ရေးမှာ တရားသောစစ်က အောင်ပွဲခံစမြဲပါ၊ အဲဒီတော့ တိုင်းပြည်နဲ့လူမျိုးအတွက်ဆိုရင် ကျုပ်တို့ အရိုးကြေကြေ အရေခမ်းခမ်း အသက်စွန့်ပြီး တိုက်ခိုက်ဖို့ ဆုံးဖြတ်ချက် ချထားပါတယ်"

"အေး...ဒီလိုဆိုရင် ငါတို့ မန်ချူးရဲ့ အင်အားကို စမ်းချင်ရင် စမ်းနိုင်တယ် အသင်မင်းသား"

ခန်းအန်းမင်းကြီးသည် ချက်ချင်းပင် မိမိတပ်ဖွဲ့ရှိရာသို့ ပြန်လည်ပြီး ရန်သူကို ချီတက် တိုက်ခိုက်ရန် အမိန့်ပေးလိုက်လေ၏။

"ရဲဘော်တို့ ချီတက်ကြ"

"ရန်သူတွေကို အပြီးသုတ်သင်ကြ"

"ရှေ့တက်"

တစ်ဖက်တစ်ချက်ဆီမှ အသီးသီး၏ အော်သံများ ပေါ်လာ၏။

အိမ်ရှေ့မင်းသားသည် မိမိတို့တပ်ဖွဲ့ရှိရာသို့ ပြန်သွားသည်နှင့် မရှေးမနှောင်း တပ်ဖွဲ့တွင်းမှ အလံတလူလူ အောက်တွင် စစ်ဝတ်စုံ အပြည့်ဖြင့် အမျိုးသမီး ဗိုလ်မှူးတစ်ဦး ထွက်လာလေ၏။

အမျိုးသမီး ဗိုလ်မှူးကို တွေ့ရသောအခါ မန်ချူးစစ်သည်တို့မှာ အထိတ်တလန့် ဖြစ်ကြကုန်၏။

"အလို...ရွှေလေးရှင် မင်းသမီးရဲ့တပ် ပေါ်လာပြန်ပြီ"

ရွှေလေးရှင် မင်းသမီးမှာ တိဘက်ပြည်နယ်တွင် နယ်ချဲ့ကျူးကျော်လာသော မန်ချူးတပ်ဖွဲ့များကို အောင်မြင်စွာ နှိမ်နင်းအောင်ပွဲ ခံခဲ့သောကြောင့် ရန်သူတပ်ဖွဲ့များ ကြောက်ဒူးတုန်နေကြခြင်းပင်။

မန်ချူးစစ်သည်တို့မှာ စိုးရွံ့ပြီး ရတ်ရတ်သဲသဲ ဖြစ်နေကြပေသည်။

ထိုအခါ စစ်ဦးစီးမှူးခန်းအန်းက ဒေါသဖြင့် ဝေါက်ငမ်း အော်ဟစ်ကာ...

"ဟေ့ကောင်တွေ...လူလူချင်း မင်းတို့ ဘာကြောင့် ကြောက်နေရတာလဲ"



"ဟေ့...အားလုံးသတိ...ရှေ့တက်"

စစ်ဦးစီးမှူး၏ အမိန့်ကြောင့် စစ်သည်များမှာ အမိန့်ကို မလွန်ဆန်ဝံ့ဘဲ အော်ဟစ်ရင်း ရန်သူဆီသို့ တစ်ဟုန်ထိုး ဖောက်လာလေသည်။

ရန်သူများ ချဉ်းကပ်ဝင်လာသောအခါ ရွှေလေးရှင်မုံစီလွန်မှာ စစ်ပရိယာယ်ကို ပင်ကူစစ်ဗျူဟာနည်းကြောင့် ရန်သူများ မထိုးဖောက်နိုင်ချေ။

သည့်နောက် တစ်ခဏအတွင်း နီပေါဘက်မှ စစ်ချီခရာ မှုတ်လိုက်သည်နှင့် စစ်ဗျူဟာနည်းမှာ ချက်ချင်း ပြောင်းလဲပြီး ရန်သူများကို ဝိုင်းရံထားလိုက်သည့် အနေအထားသို့ ရောက်ရှိသွား၏။

ထိုသို့ မျက်လှည့်ပြလိုက်သကဲ့သို့ ပြောင်းလဲမှုမြန်ဆန်ပြီး လေးဘက်လေးတန်မှ ဝိုင်းဝိုင်းလည် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရသောကြောင့် မန်ချူးစစ်သည်များ ဖရိုဖရဲ ဖြစ်သွားကြသည်။

ထိုသို့ ရန်းရင်းဆန်ခတ်ဖြစ်သောအခါ စစ်ဦးစီးခန်းအန်းက ချက်ချင်းအမြောက်များဖြင့် ရန်သူများကို ဖြိုခွင်းပစ်ခတ်ရန် အမိန့်ပေးလိုက်၏။

"ဝုန်း...ဝုန်း"

အမြောက်ကျည်ဆန်၏ အသံများသည် ပတ်ဝန်းကျင်တစ်ခုလုံးကို ပဲ့တင်ထပ်သွားစေသည်။

မီးလျှံမီးတောက်များ တောက်ပလျက်...

အမြောက်ကျည်ဆန် ထိမှန်သောနေရာတို့မှာ ယမ်းငွေ့ တဝေဝေဖြင့် ပတ်ဝန်းကျင်ကို ဖုံးလွှမ်းလျက်ပင်။

သို့သော် အမြောက်သံစဲပြီး ယမ်းငွေ့ပြယ်သောအခါ ရန်သူများ အတုံးအရုန်းဖြင့် သေကြေကြခြင်းကို မတွေ့ရချေ။

တုန်ခါနေသော စစ်တလင်းပေါ်တွင် ဗလာကျင်း၍ လူတစ်ဦး တစ်ယောက်ကိုမျှ မတွေ့ရတော့ချေ။

မြန်ဆန်လှသည့် ပြောင်းလဲမှု။

နီပေါစစ်သည်များ ဘယ်နေရာသို့ ရောက်ကုန်ကြသနည်း။

မန်ချူးစစ်သားများအား အံ့သြနေကြ၏။

ထိုစဉ်...

တောင်ကလပ်ဆီမှ...

အရှေ့တောင်ဘက်နှင့် အနောက်မြောက်ဘက်မှ တပ်ဖွဲ့နှစ်ဖွဲ့ ခွဲ၍ ကရားရေသွန်သကဲ့သို့ ဒရဟော ပန်းဝင်လာလေ၏။

အရှေ့တောင်ဘက်မှ စစ်သည်များကို ရွှေလေးရှင် မင်းသမီး က ဦးဆောင်၍ ရှုံ့ရှုံ့ချုံချုံ တိုက်ခိုက်ကြသည်။

ထိုသို့ သဲသဲမဲမဲ တိုက်ခိုက်နေစဉ် အနောက်ဘက်တပ်ဖွဲ့မှ ကင်းထောက်တစ်ဦးက မြင်းကို အပြင်းနှင်၍ သတင်းလာပို့၏။

"မင်းကြီးခင်ဗျား၊ ကျွန်တော်တို့ဌာနချုပ်ကို ရွှေလေးရှင် မင်းသမီး ခေါင်းဆောင်တဲ့တပ်ဖွဲ့ လာရောက် တိုက်ခိုက်ပါပြီ"

ထိုသတင်းကို ကြားရသောအခါ...

မန်ချူးစစ်ဦးစီး ခန်းအန်းမှာ အံ့သြမိ၏။



"အလို...ဘယ်လိုလဲ၊ ခုနကပဲ မင်းသမီး မုံစီလွှန်နဲ့ ပက်ပင်း ရင်ဆိုင် တိုက်ခိုက်ခဲ့သေးတယ်၊ အခု ဘယ့်နှယ်ကြောင့် ဒုတိယ မင်းသမီးတစ်ယောက် ထပ်ပေါ်လာရတာလဲ"

ထိုအကြိမ်မှာ ရွှေလေးရှင် မင်းသမီး၏ စိတ်ဓာတ်စစ်ဆင်ရေး လှည့်ကွက်တစ်ရပ်ပင်တည်း။

သူမသည် သူငယ်ချင်းဖြစ်သူ အီလိနားကို အတုဖန်းတီးစေပြီး တိုက်ပွဲတွင် ရွှေလေးရှင်ဝတ်နေကျဝတ်စုံကို ဝတ်ဆင်စေသည်။

ထို့ကြောင့် ခန်းအန်းမင်းကြီးနှင့် ရင်ဆိုင်တိုက်ခိုက်သူမှာ အီလိနားပင်ဖြစ်၏။ အီလိနားမှာ ရွှေလေးရှင် မင်းသမီးအသွင် ဟန်ဆောင်ထားခြင်းပင်။

ရွှေလေးရှင် မင်းသမီးအစစ်မှာ လက်ရွေးစင် တပ်သား တစ်သောင်းခန့်ကို ဦးဆောင်၍ ခန်းအန်မင်းကြီး၏ အနောက်ဘက် တွင် ဟာကွက်ဖြစ်သော ဌာနချုပ်ကို ဝင်ရောက်တိုက်၏။

အနောက်ဘက်တွင်ရှိသော ဌာနချုပ်မှာ စားနပ်ရိက္ခာနှင့် ခဲယမ်းမီးကျောက် သိုလှောင်ရာဌာနဖြစ်၏။

ထိုသတင်းကြားရသောအခါ ခန်းအန်းမင်းကြီးသည် ထိတ် ထိတ်ပျာပျာ ဖြစ်မိပြီး တပ်ဖွဲ့များကို ချက်ချင်းနောက်ဆုတ်ရန် အမိန့် ပေးလိုက်၏။

ဌာနချုပ်ကို အချိန်မီ ကယ်တင်ရပေမည်။

သို့မဟုတ်ပါက အားလုံးရိက္ခာပြတ်ပြီး သေကုန်နိုင်သည်။

ထိုသို့နောက်ဆုတ်ရန် ခရာမှုတ်လိုက်သောအခါ မန်ချူး

စစ်သည်များ ရုတ်ရုတ်သဲသဲဖြစ်ကြပြီး ဖရိုဖရဲဖြင့် နောက်သို့ ဆုတ်ကြလေသည်။

အခွင့်ကောင်းရသော နီပေါစစ်သည်တို့သည် ရန်သူများကို ဒလကြမ်း တိုက်ခိုက်လေသည်။

မန်ချူးစစ်သည်များနောက်သို့ လှည့်၍ ပြင်းထန်စွာ တိုက်စစ်ဆင်သောအခါ နီပေါစစ်သည်များက လာလမ်းကို တုံ့နှေးရပ်တန့်စေရန် မြင်းနှင့် ဝန်စည်စလယ် ပစ္စည်းများကို ပိတ်ဆို့ကြကုန်၏။

နောက်ဆုံး ဌာနချုပ်သို့ စစ်သူကြီးခန်းအန်း ပြန်ရောက်လာသောအခါ ရွှေလေးရှင် မင်းသမီးမှာ အောင်ပွဲခံပြီး နောက်သို့ အောင်မြင်စွာ ဆုတ်ခွာသွားလေတော့သည်။

✲ ✲ ✲



## အခန်း(၄၃)

## အကြောက်တရား

ထိုစစ်ပွဲတွင် မန်ချူးစစ်သည်တို့ အထိနာသည်။

စစ်ပွဲကို ပြန်လည်ဆန်းစစ်လိုက်သောအခါ မန်ချူးဘက်မှ စစ်သည်ဗိုလ်ပေါ ခြောက်သောင်းခန့် ဆုံးရှုံးသည့်အပြင် စစ်မြင်းအချို့နှင့် စားနပ်ရိက္ခာတို့မှာ နီပေါတပ်သားများ၏ လက်တွင်းသို့ပါသွား၏။

ထိုအခါ ခန်းအန်းမင်းကြီးသည် သက်ပြင်းချကာ လက်မှိုင်ချပြီး အကြံကုန်နေ၏။

"အင်း...ဒါဟာ ငါ့ရဲ့ စစ်ဦးစီး သက်တမ်းတစ်လျှောက်မှာ အကြီးအကျယ် ရှုံးနိမ့်တဲ့ စစ်ပွဲပဲ"

စစ်ဦးစီး၏ စိတ်ဓာတ်ကျသော စကားကို ကြားရသောအခါ နံဘေးမှ ဗိုလ်မှူးများက ဝိုင်းဝန်းဖျောင်းဖျပြောဆိုလေ၏။

"အို...မင်းကြီး၊ စိတ်ဓာတ်မကျပါနဲ့၊ စစ်မြေပြင်မှာ အရှုံးအနိုင်ဟာ ရှိစမြဲပါ၊ ကျွန်တော်တို့ ခေတ္တ အနားယူပြီး စစ်ရေး လေ့ကျင့်လိုက်ရင် ရန်သူတွေကို အောင်နိုင်မှာပါ"

သည့်နောက် ခန်းအန်မင်းကြီးသည် အစီအစဉ်သစ်ကို ချမှတ်လိုက်သည်။

ရေရှည်တိုက်ပွဲ ဆင်နွှဲရန် ဌာနချုပ်၏ အရှေ့ဘက်တွင် တပ်သားများကို ခံတပ်ကတုတ်ကျင်းများ တူးခိုင်းသည့်အပြင် တစ်ဖက်တွင်လည်း မန်ချူးဘုရင်မင်းမြတ်ထံ တိုက်ပွဲရှုံးသည့်အကြောင်းရင်းကို အစီရင်ခံစာရေး၍ ပို့လိုက်၏။

ထိုအချိန်တွင် တစ်ဖက်မှ ထပ်ဆင့် အောင်ပွဲရလိုက်သည့်အတွက် အိမ်ရှေ့မင်းသား၊ ဆချွန်မင်နှင့် ရွှေလေးရှင် မင်းသမီးတို့တစ်သိုက်မှာ ဝမ်းသာပီတိဖြစ်မိကြတော့သည်။

သို့သော် ဆရာကျိုချန်မှာ လူကြီးပီပီ ဝမ်းမသာနိုင်ပေ။

တကယ်တမ်း ဆန်းစစ်ကြည့်သောအခါ ဆရာကျိုချန်၏ တွေးတောပူပန်မှုသည် အကြောင်းမဲ့ မဟုတ်ချေ။

အကြောင်းမှာကား ခန်းအန်မင်းကြီးသည် စစ်ရှုံးသော်လည်း တပ်မခေါက်သေးပေ။ သို့ဖြစ်၍ မန်ချူးစစ်ကူတပ်ရောက်သည်နှင့် တိုက်ပွဲ ဆက်လက်ဆင်နွှဲလာနိုင်သည်။

နောက်တစ်ကြောင်းကား နီပေါပြည်တွင်းတွင် နန်းရင်းဝန်ဖြစ်သူ ဟာရန်၏ ရန်ကို ကြောက်နေရသေး၏။

ဆရာကျိုချန်က သတိပေးပြောဆိုသောအခါ လူငယ်တစ်သိုက်တို့မှာ သတိကြီးစွာထား၍ သွားကြသည်။ ယခင်က သူတို့ အားလုံး ပျော်နေကြသည်။



ထိုနေ့မှစ၍ ဆချွန်မင်သည် သန်းခေါင်ယံအချိန်တိုင်းတွင် ကင်းသမားများကို လိုက်လံ စစ်ဆေးပြီးမှ အိပ်စက်၏။

လွန်စွာသတိဝီရိယရှိနေသည်။

မန်ချူးဘက်က ကျင်းတောင်ညီနောင်တို့၏ ရန်ကလည်း ရှိသေးသည်။

ရက်သတ္တပတ်မြောက်သောညတွင် ဆချွန်မင်က ခါတိုင်းကဲ့သို့ ကင်းသမားများကို စစ်ဆေးပြီး အိပ်ခန်းသို့ ပြန်၍ အိပ်စက်ရန် လာခဲ့လေ၏။ လမင်းက သာနေသည်။

ထိုစဉ် တောင်ခြေအောက်မှ မည်းမည်းသဏ္ဌာန်နှစ်ခု ဖျတ်လတ်သော ကိုယ်ဟန်ဖြင့် အပြေးရောက်လာသည်ကို မြင်တွေ့ရသည်။

ထိုအခါ ဆချွန်မင်က အုတ်တိုင်ကို ကာကွယ်ယူရင်း ဆောင်ဓားကို အသင့်ပြင်ဆင်၍ ပုန်းကွယ်လိုက်၏။

သူ၏အကြံကား ရန်သူများ မြို့ရိုးတံတိုင်းပေါ် တက်လာသည်နှင့် လက်ဦးရအောင် တိုက်ခိုက်မည်။

ကျင်းတောင် ညီနောင်နှစ်ဖော်တို့က အသာတိမ်း၍ ရှောင်လိုက်နိုင်၏။

"ဟေ့ကောင် ဆချွန်မင်၊ သတ္တိရှိရင် ထွက်ခဲ့ပါ၊ နိုးကြောင်မိုးဝှက် အလုပ်ဟာ သူရဲဘောကြောင်တဲ့ အလုပ်ပါကွာ"

"ဝှန်း...ဝှန်း..."

အသံနှစ်ချက် ထပ်မံပေါ်ထွက်လာ၏။

ကြီးမားသော ကျောက်တုံးကြီးနှစ်တုံးသည် အရှိန်ဖြင့် သူတို့ဆီသို့ ထပ်မံလိမ့်ဆင်းလာပြန်၏။

ကျင်းတောင် ညီနောင်တို့က ကိုယ်ဖော့ပညာဖြင့် ခုန်ရှောင်လိုက်၏။

ထိုအခါ တောင်ကလပ်မှ ရယ်သံတစ်ခု ပေါ်ထွက်လာ၏။

ကျင်းတောင် ညီနောင်နှစ်ဖော်မှာ ဒေါသ ဖြစ်ရင်း...

ကိုယ်ဖော့ပညာဖြင့် မြို့ရိုးတံတိုင်းပေါ်သို့ ချရောက်သည်နှင့် မားရောင် ဝင်းခနဲ လက်ခနဲဖြစ်သွားသည်ကို ဆရှုန်မင်က မြင်လိုက်ရ၏။

သူတို့ကို ရှောင်တခင် ဝင်ရောက်တိုက်ခိုက်သူကား ဇာပုဝါနက် လွှမ်းခြုံထားသော အမျိုးသမီးတစ်ဦး ဖြစ်လေ၏။

သူမကိုမြင်သည်နှင့် ကျင်းတောင် ညီနောင်နှစ်ဖော်တို့က ဟစ်အော်လိုက်၏။

"ဟား...ဟား...ဟား...လက်စသတ်တော့ လီစွမ်းမေကိုး"

ထိုသူတို့၏စကားကို ကြားသောအခါ မျက်နှာဖုံးနှင့် အမျိုးသမီးက တစ်ချက်ကြောင်သွားသည်။ သို့သော် သူမက ခွန်လွှန် သိုင်းကွက်ဖြင့် ရန်သူတို့ကို ဒရကြမ်း တိုက်ခိုက်လိုက်လေ၏။

သိုင်းကွက်ဆယ်ကွက်ခန့် ယှဉ်ပြိုင် သတ်ပုတ်ပြီးသည်နှင့် အစ်ကိုဖြစ်သူ ဟူးရန်ထိုက နောက်သို့ ချက်ချင်းခုန်ဆုတ်၍ အော်လိုက်သည်။

"ညီလေး...ဒါ လီစွမ်းမေ မဟုတ်ဘူး"



"ဟွန့်...လီစွမ်းမေ မဟုတ်ကော ဘာဖြစ်သလဲ၊ ရှင်တို့ဟာ အမျိုးသစ္စာဖောက်၊ မန်ချူးနယ်ချဲ့ အစိုးရကို အားပေးအားမြှောက် လုပ်တဲ့ လူတွေပဲ" ·

ထိုစကားကြားရသောအခါ ဆရှုန်မင်က ဝမ်းမြောက်ဝမ်းသာ ဖြစ်မိတော့သည်။

အဘယ်ကြောင့်ဆိုသော်...

အသံရှင်မှာ လီစွမ်းမေနှင့် ပညာသင်ဘက် ညီမဖြစ်သူ ရှောင်ရိရှမ်း ဖြစ်သောကြောင့်ပင်တည်း။

ထို့နောက် ကျင်းတောင်ညီနောင်သည် တုတ်ကောက်ဖြင့် ဝေ့ရမ်းပြီး သူမကို ဝိုင်းရန်၍ တိုက်ခိုက်ကြသည်။

ရှောင်ရိရှမ်းက ဟူးရန်ထို၏ ကန့်လန့်ဖြတ်ရိုက်ချက်ကို အသာ ခုန်၍ ရှောင်လိုက်၏။

ဟူးရန်ထို လေထဲသို့ လိုက်၍ တိုက်ခိုက်၏။

သူမက ဓားဖြင့် တစ်ချက်ဝင့်၍ ဟန့်တားရင်း ပျံလွှားငှက် တစ်ကောင်၏ အသွင်မျိုးဖြင့် အပေါ်သို့ပျံတက်၍ ခပ်လှမ်းလှမ်းသို့ ပြန်ကျပြီး ရှောင်လိုက်လေ၏။

အဆင့်မြင့် ကိုယ်ဖော့ပညာရှင်ဖြစ်၍ ကျင်းတောင် ညီနောင်နှစ်ဖော်တို့မှာ သူမ၏ သိုင်းပညာကို မမီပေ။

"အလို...တယ်ထူးချွန်တဲ့ ကိုယ်ဖော့ပညာပါလား"

နံဘေးမှ အကဲခတ်နေသော ဆရှုန်မင်သည် စိတ်မထိန်းနိုင်ဘဲ အော်မိလေသည်။

ထိုဖော်သံကိုကြားသောအခါ ကျင်းတောင် ညီနောင်တို့ ခြေလှမ်းတန့်သွားပြီး ရှောင်ရိရှမ်း၏နောက်သို့ မလိုက်ဝံ့တော့ပေ။

ထိုအခါ ရှောင်ရိရှမ်းက အသံလာရာအထက်သို့ မော်ကြည့်ရင်း...

"မောင်လေး...ဆင်းခဲ့လေကွာ၊ ဒီနှစ်ယောက်ကို ရှင်းလိုက်ကြရအောင်"

နှစ်ယောက် နှစ်ယောက်ချင်းမို့ ဆချွန်မင် ဂအားတက်လာပြီး ပေနှစ်ဆယ်ကျော်မြင့်သော မြို့ရိုးတံတိုင်းပေါ်မှ အောက်သို့ ချက်ချင်း ခုန်ဆင်းလိုက်လေ၏။

ဆချွန်မင်ကို ကျင်းတောင်ညီနောင်နှစ်ဖော်က တိုက်ပွဲတွင် ဆုံတွေ့ခဲ့ကြ၏။ ထိုကြောင့် သူ့ကို မြင်မြင်ချင်း ဒေါသထွက်၍အော်လိုက်သည်။

"ဩော်...မင်းတို့နှစ်ယောက် ပူးပေါင်းပြီး ငါတို့ကို လုပ်ကြတာကိုး၊ ဟား...ဟား...ဟား...ရပါတယ်၊ စမ်းချင်ရင် စမ်းနိုင်တယ်"

ထိုအခါ ရှောင်ရိရှမ်းက...

"ရှင်တို့ ခုနကပြောနေတဲ့ လီစွမ်းမေဟာ ကျွန်မ အစ်မပဲ၊ ကျွန်မ အစ်မအစား ရှင်တို့ကို စာရင်းရှင်းချင်လို့ လာခဲ့တာပဲ"

"ဟား...ဟား...ဟား...ကျုပ်တို့လဲ ရှာနေတာနဲ့ အတော်ပဲ၊ မင်းက လီစွမ်းမေရဲ့ ပညာသင်ဘက်ဆိုတော့ သူအခု ဘယ်မှာရှိတယ်ဆိုတာ သိမှာပေါ့၊ အဲဒီတော့ သူ့ကို ကျုပ်တို့လက်ထဲ အသာတကြည် အပ်ပါ၊ နို့မဟုတ်ရင်တော့..."



"ရှင်တို့မို့ ပြောရက်တယ်၊ ကျွန်မ မမဟာ ပျောက်ချင်းမလှ ပျောက်နေတာကြာပြီမို့ အဲဒါ ရှင်တို့ပယောဂကြောင့်၊ ကဲ... ယှဉ်ရအောင် ဓားကို ထုတ်လိုက်စမ်း"

ရှောင်ရိရှမ်းသည် ဆောင်ဓားကိုဝင့်၍ ဟူးရန်ထို၏ ရင်ဝတည့်တည့်သို့ အဟုန်ပြင်းစွာဖြင့် လှမ်းထိုးလိုက်တော့၏။

"ခွမ်..."

ဟူးရန်ထိုက တုတ်ကောက်ဖြင့် ပင့်တင်လိုက်၏။

ရှောင်ရိရှမ်းက ဓားကို ရုတ်တရက် ဟူးရန်ထို၏ အောက်ပိုင်းကို ဇွေ့၍ ပိုင်းချလိုက်ပြန်သည်။

ဟူးရန်ထိုက တုတ်ကောက်ဖြင့် ရှောင်ရိရှမ်း၏ ဆောင်ဓားကို ခတ်ထုတ်လိုက်၏။

ညီဖြစ်သူ ဟူးရန်ကျိန်းသည် ဆချွန်မင်အား တုတ်ကောက်ဖြင့် ဇေ့ယမ်း၍ ရှောင်တခင် တိုက်ခိုက်သည်။

ဆချွန်မင်မှာ မိုးကြိုးသိုင်းကွက် အသုံးပြု၍ ရင်ဆိုင်တိုက်ခိုက်လေ၏။

ထိုခဏတွင် အတွဲနှစ်တွဲစလုံး လုံးထွေး၍ အကြိတ်အနယ် တိုက်ပွဲဆင်နွှဲနေကြသည်။

သို့သော် တိုက်ပွဲအချိန်ကြာလာသည်နှင့် ဆချွန်မင်၏ အတွင်းအားက ဟူးရန်ကျိန်းကို မမီမှန်း သိသာပေါ်လွင်နေသည်။

သို့သော် လူငယ်ဖြစ်သူ ဆချွန်မင်မှာ သွက်လက်ဖျတ်လတ်

သော သိုင်းကွက်ကို အားထားသောကြောင့် ယှဉ်ပြိုင်သတ်ပုတ်နိုင်ခဲ့သည်။

သူ၏ အခြေအနေကို အကဲခတ်မိသောအခါ ရှောင်ရိရှမ်းက အပေါ်သို့ ရုတ်ခြည်းပျံတက်ပြီး ဆရှန်မင်၏ နံဘေးသို့ ဆင်းသက်ကာ...

"ဟေ့ မောင်လေး...ရှမ်ရှမ်သိုင်းကွက် အသုံးပြုကွ၊ ငါက ခွန်လွန်သိုင်းကွက်ကို အသုံးပြုမယ်"

ထိုသို့ သတိပေးလိုက်သည်နှင့် ဆရှန်မင် နားလည် သဘောပေါက်မိ၏။

ထိုသိုင်းကွက်များဖြင့် ရန်သူကို တိုက်ခိုက်ရင်း ကျန်တစ်ယောက်က နောက်ဘက်မှ အကာအကွယ်ပေးလေသည်။

ထိုသို့ နေရာယူပြီးသောအခါ မိုးနတ်မယ် ရှောင်ရိရှမ်းက ခွန်လွန်ဓားသိုင်းဖြင့် ကျင်းတောင်ညီနောင်တို့၏ တိုက်ကွက်ကို ပင့်ထုတ်ခုခံ၏။ ဆရှန်မင်မှာ ဟူးရန်ထို၏ နောက်ကျောသို့ ပြင်းထန်သော လက်သီးတစ်ချက် ထိုးချလိုက်၏။

"ဝုန်း..."

ဟူးရန်ထိုမှာ ရှောင်ရှားရန်အချိန်မရတော့ဘဲ ဘိုင်းခနဲ အသံတစ်ချက် မြည်ဟီးသွား၏။

လက်သီးဒဏ် ထိထိမိမိ မိသွားသောအခါ ဟူးရန်ထိုက တစ်ပတ်ကျွမ်းထိုး၍ အဝေးသို့ ဆုတ်ခွာသွား၏။

သူသည် ရှက်ရမ်းရမ်းပြီး မျက်နှာနီမြန်းလာလေ၏။



ထိုအခါ ဟူးရန်ကျိန်းက ဝင်ပူး၍ တိုက်ခိုက်၏။

ရှောင်ရိရှမ်း၏ သွက်လက်မြန်ဆန်သော ဓားချက်က လျှပ်တစ်ပြက်အတွင်းမှာ ပျံ့ဝဲလာလေတော့၏။

အရှောင်ကောင်းသော်လည်း ယက်မြက်လှသော သူမ၏ ဓားသွား ဖြတ်သန်းသွားစဉ် ဟူးရန်ကျိန်း၏ ဆံပင်ဘုတ်သိုက် တစ်ဆုတ်ခန့် ပါသွားလေ၏။

ပူးပေါင်းတိုက်ကွက်သည် အံ့မခန်း ပြင်းထန်လှသည်။

သိုင်းကွက်ခြောက်ဆယ်ကျော်ခန့် ယှဉ်ပြိုင်ပြီးသောအခါ ကျင်းတောင် ညီနောင်နှစ်ဖော်တို့မှာ အခြေအနေ မဟန်မှန်း ရိပ်စားမိလာသည်။

"ညီလေး...လစ်စို့"

ကျင်းတောင် ညီနောင်မှာ ရှေ့ဆင့်နောက်ဆင့် တောင်ခြေရင်းသို့ ပြေးဆင်းသွားကြသည်။

သူတို့နှစ်ယောက်၏ ရုပ်လုံးသဏ္ဌာန်သည် ဝိုးတဝါး ရောင်မြည်အောက်တွင် ပျောက်ကွယ်သွားလေ၏။

သည့်နောက် သိုင်းလုလင် ဆရှန်မင်က နဖူးမှ ချွေးများကို သပ်ချလိုက်ပြီး နှုတ်ဆက်စကား ဆိုလိုက်သည်။

"ဩော်...ဆရာ မတွေ့ရတာ နှစ်ပေါင်းအတော်ကြာပြီနော်၊ အခု ဘယ်လိုကိစ္စကြောင့် ဒီကို ရောက်လာတာလဲ ခင်ဗျာ"

"အထဲကိုရောက်မှ အေးအေးဆေးဆေး ဆွေးနွေးတာပေါ့"

ရှောင်ရိုရှမ်းသည် ဖြေကြားရင်း ဆောင်စားကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်သည်။

ထိုနောက် နှစ်ယောက်သား ဆရာကျိုချန်တို့ တည်းခိုရာသို့ ထွက်လာ၏။

ဧည့်ခန်းသို့ ဝင်လိုက်သည်နှင့် ဆရာကျိုချန်က ဝမ်းသာအားရ ဖြင့် ကြိုဆိုနှုတ်ဆက်လိုက်၏။

"အလို...ရှောင်ရိုရှမ်းပါလား၊ ကျုပ်တို့ဆီကို မျက်စိလည်ပြီး ရောက်လာတာနဲ့ တူတယ်"

ဆချွန်မင်က ရှောင်ရိုရှမ်းကို အိမ်ရှေ့မင်းသား အာပုမင်နှင့် မိတ်ဆက်ပေး၏။ အာပုမင်ကလည်း လေးလေးစားစား နှုတ်ဆက် သည်။ အချင်းချင်း ရှေ့ဖြစ်နောက်ဖြစ် ပြောကြ၏။

ထိုစဉ် ဂိတ်တံခါးဘက်မှ ဆူညံသောအသံ ပေါ်ထွက်လာ သ၏။

မကြာမီ အစောင့်တပ်သားတစ်ဦး ပြေးလာပြီး သတင်းပို့ ခစီရင်ခံသည်။

"အရှင်မင်းသား...မင်းသမီး ဒေစီလီ မြို့တော်က ကြွလာပါ ဘယ်၊ ဘုရင်မင်းမြတ်ရဲ့ အမိန့်အရ စစ်သည်ဗိုလ်ပါတွေကို ဂုဏ်ပြုဖို့ ဘးသောက်ဖွယ်ရာများ အစုံအလင် ပါပါတယ်"

"ဟား...ဟား...ဟား...နှမတော်ရောက်လာတာနဲ့ အတော်ပဲ"

စကားဆုံးသည်နှင့် နန်းတွင်းမီးသမီးဝတ်စုံကို ဝတ်ဆင်ထား



သော အလှဘုရင်မ ဒေစီလီသည် ခြေတစ်လှမ်း ကုဋေတစ်သန်းဟန် ဖြင့် ကြော့ကြော့မော့မော့ လျှောက်လာလေ၏။

သူမ၏နောက်တွင် နန်းတွင်းသူများ ခြံရံလျက် လိုက်ပါသည်။

ဒေစီလီသည် ဘုရင်းသမီးတော်ဖြစ်သော်လည်း မာန်ရှိသူ မဟုတ်ချေ။ စိန်၊ ကျောက်၊ နီလာ၊ ပတ္တမြား စသည့် ရတနာများ ကိုယ်ပေါ်တွင် ဖိတ်ဖိတ်တောက် ဆင်မြန်းထားစေကာမူ အများနှင့် တွေ့သောအခါ သူမ၏ ချစ်စရာမျက်နှာထားဖြင့် နှုတ်ဆက်သည်။

"အစ်ကို...ဖခမည်းတော် မှာကြားလိုက်တာကတော့ အခုလို အောင်ပွဲခံတဲ့အခါမှာ ခြိမ့်ခြိမ့်သဲသဲ ဂုဏ်ပြုရမယ်တဲ့၊ အထူးသဖြင့် မမ မုံစီလွန်ကို ကျေးဇူးအထူးတင်တယ်တဲ့၊ အခု နှမတော်နဲ့ ပါလာတဲ့ ပန္နည်းများကို ကြည့်ပါဦး"

သူမညွှန်ပြရာသို့ အိမ်ရှေ့မင်းသားက လှမ်းကြည့်လိုက်၏။

တပ်သားတစ်ထောင်ခန့်ပါသော အုပ်စုကို တွေ့ရသည့်ပြင် နွားအကောင် ငါးရာခန့်နှင့် အကောင်းဆုံးအရက်ကို တင်ဆောင် လာသော မြင်းရထားအစီးနှစ်ဆယ်ကျော်ခန့်ကို တွေ့ရသည်။

ထိုအခါ ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခုပ်တီး၍ ပြောလိုက် သည်။

"ဟား...ဟား...ဟား...အကြိုက်တွေ့ပြီဗျို့၊ ဒါဆိုရင် အမူး သောက်ပစ်လိုက်ကြစို့ ရဲဘော်တို့"

ထိုအနိုက်မှာပင် နီပေါစစ်သည်များက ရဲစိတ်ရဲမာန် တက်ကြွ မှုဖြင့် အာစာနည်သီချင်းကို ဟစ်ကြွေး သီဆိုကြသည်။

ဂုဏ်ပြုပွဲအတွက် နွားများကို ပေါ်ရန် အမိန့်ချပြီး အိမ်ရှေ့မင်းသားက သူ၏နှမတော်ကို ရှောင်ရိရှမ်းနှင့် မိတ်ဆက်ပေးလိုက်၏။

မင်းသမီးက ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုညတွင် ထုံကူဂိတ်ပတ်ဝန်းကျင်တစ်ခွင်၌ မီးပုံပွဲများဖြင့် ဂုဏ်ပြုပွဲ မြိမ့်မြိမ့်သဲသဲ ကျင်းပနေလေတော့သည်။

အောင်ပွဲရ စစ်သည် ဗိုလ်ပါတို့သည်လည်း အားရပါးရ စားသောက်ရင်း အမူးသောက်ကြသည်။

ဆရှုန်မင်တို့လူစုမှာလည်း အိမ်ရှေ့မင်းသား ဦးစီးကျင်းပသော အောင်ပွဲခံ အခမ်းအနားသို့ တက်ရောက်ကြ၏။

ထိုအချိန် ညှိဂေဟာတွင် ဆရာကျိုချုန်နှင့် ရှောင်ရိရှမ်းတို့သာ ကျန်ရှိတော့သည်။

ထိုအခါ သိုင်းလောကတွင် ဆရာတစ်ဆူဖြစ်သူ 'ဂေါ်မေ' ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ဆရာကျိုချုန်သည် နီပေါနိုင်ငံမှ အခြေအနေကို ပြောပြသည်။ ရှောင်ရိရှမ်းလည်း ကျင်းတောင် ညီနောင်နှစ်ဖော်နှင့် တွေ့ဆုံ တိုက်ပွဲ ဖြစ်ပွားခဲ့သည်ကို ပြန်လည်ပြောပြသည်။

ဆရှုန်မင်၏အကြောင်းကို ဆက်လက် ဆွေးနွေးပြန်သည်။

ဆရှုန်မင်သည် ဆရာကျိုချုန်၏ တပည့်ဖြစ်စေကာမူ စားသိုင်း၌ ထူးချွန်သော်လည်း အတွင်းအားဘက်တွင် အဆင့်မမီသေးပေ။

အခြေအနေကို ဝေဖန်သုံးသပ်ရင်း ရှောင်ရိရှမ်းက သူ၏ထင်မြင်ချက်ကို ပြောပြသည်။

"အင်း...အခုအတိုင်းဆိုရင် ဆရှုန်မင်နဲ့ မင်းသမီး ပုံစီလွန်တို့



ရန်သူကို ခုခံဖို့ရာ မလွယ်ဘူးထင်တယ်၊ မန်ချူးဘက်မှာဆိုရင် ကျင်းတောင် ညီနောင်နှစ်ဖော်ရဲ့ရန်က ရှိသေးတယ် မဟုတ်လား၊ အတွင်းရန်ကတော့ နီပေါနိုင်ငံက နန်းရင်းဝန် ဟာရန် ရှိသေးတယ်၊ အဲဒီတော့ ကျွန်မတို့ တစ်ခုခုကြံမှ ဖြစ်မယ်"

သူမ၏စကားကြားသောအခါ ဆရာကျိုချုန် သက်ပြင်းရှည်ကြီး ချလိုက်သည်။

"ဆရာမပြောတာလဲ ဟုတ်ပါတယ်၊ ဒါပေမယ့် ဆရှုန်မင်မှာ တော်လှန်ရေးတာဝန်က ဝိနေတော့ သုံးနှစ် အချိန်ယူ ပညာလေ့ကျင့်ဖို့ အချိန်မရနိုင်ဘူး၊ ဒီတော့ ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

"သိပ်လဲ မစိုးရိမ်ပါနဲ့ ဆရာရယ်၊ ဆရာ့တပည့်မှာ မွေးရာပါ ထူးချွန်တဲ့ အရည်အသွေး ပါရမီရှိပါတယ်၊ သူတို့ကို နိုင်ဖို့ရာ ကျွန်မ အကြံတစ်ခု ပေးချင်တာကတော့ တစ်နေရာမှာရှိတဲ့ ပစ္စည်းတစ်ခုကို သွားယူလိုက်ရင် ပြီးတာပါပဲရှင်"

"အို...ဒီအကြံမဆိုးဘူး၊ ဘယ်နေရာသွားပြီး ဘာပစ္စည်း ယူရမှာလဲ"

ဆရာကျိုချုန်၏ မေးခွန်းကို ရှောင်ရိရှမ်းက ရှင်းပြလိုက်သည်။

"ဒီလိုပါ ဆရာကျိုချုန်၊ နက်ဖြန်ကျရင် ကျွန်မ ဆရှုန်မင်ကို မုတုံတောင်ကို ခေါ်သွားဖို့ စိတ်ကူးပါတယ်၊ သံလက်ဝါးမယ်တော် လုသွားတဲ့ သိုင်းပညာ ကျမ်းစာအုပ်ကို ပြန်လုဖို့ပါပဲ၊ ပြီးတော့ ကျောက်ဂူထဲမှာရှိတဲ့ ရုက်တုပုံတွေရဲ့ သိုင်းကွက်တွေကို တစ်ပါတည်း လေ့လာခဲ့ရမယ်၊ အဲဒါတွေသာ ဆရာ့တပည့်တတ်ကျွမ်းရင် အဆင့်

မြင့် သိုင်းပညာရှင် ဖြစ်လာမယ့်အပြင် တော်လှန်ရေးလုပ်ငန်းကိုလဲ ဆုံးခန်းတိုင် ဆောင်ရွက်ရမှာပါ"

ထိုအခါ ဆရာကျိုချန်က ဝေဖန်သုံးသပ်မိ၏။

မန်ချူးနယ်ရဲ့အစိုးရကို ဖြိုခွင်းဖို့ရာ သိုင်းပညာအဆင့်မြင့်မှ ဖြစ်ပေမည်။ သို့ဖြစ်၍ ရှောင်ရိရှမ်း၏အကြံကို လက်ခံပြီး ဆချွန်မင်ကို သူမနှင့် တစ်ပါတည်း ထည့်လိုက်သည်။

သို့သော် ၎င်းတို့နှစ်ဦး ခရီးထွက်သွားစဉ် ကျန်ရှိသောအင်အားနှင့် ရန်သူကို မခုခံနိုင်ပေ။

အကယ်၍ ကျင်းတောင် ညီနောင်နှစ်ဖော်က အလစ်တွင် ဝင်ရောက်တိုက်ခိုက်ပါက မည်ကဲ့သို့ ရင်ဆိုင်ခုခံရမည်နည်း။

ဆရာကျိုချန် ချီတုံချတုံ ဖြစ်နေသည်ကို တွေ့မြင်သောအခါ ရှောင်ရိရှမ်းက ဆက်လက်ရှင်းပြလေ၏။

"စိတ်ချပါဆရာရယ်၊ လောလောဆယ်မှာတော့ မန်ချူးတပ်ဖွဲ့တွေ ပြန်လည်မတိုက်ခိုက်နိုင်သေးပါဘူး၊ သူတို့တစ်တွေ စစ်ကုရောက်ဖို့ရာ သုံးလေးလလောက်တော့ စောင့်ရဦးမယ်၊ ဒါပေမယ့် ကျင်းတောင် ညီနောင်နှစ်ဖော်ရဲ့ရန် ရှိသေးတယ်မဟုတ်လား၊ ဒီတော့ မလာဝံ့အောင် ကျွန်မ စီစဉ်ပါ့မယ်ရှင်"

"အင်း...တယ်ထူးဆန်းပါလား၊ ရှောင်ရိရှမ်းက ဘယ်လိုနည်းမျိုး သုံးမှာပါလိမ့်"

ဆရာကျိုချန် ဒွိဟဖြစ်နေသော အချိန်တွင် ရှောင်ရိရှမ်းက...

"ကဲ...ပြောနေကြာတယ် ဆရာကျိုချန်၊ ယခု သန်းခေါင်းယံ



နှစ်ချက်တီးပဲ ရှိတယ် မဟုတ်လား၊ ကျွန်မ မိုးလင်းငါးနာရီမှာ ပြန်လာခဲ့မယ်၊ ဆရာ အတွင်းအား လေ့ကျင့်ရင်းနဲ့ အခန်းထဲမှာ မအိပ်ဘဲ စောင့်နေပါ"

သူမသည် ပြောဆိုပြီး ကိုယ်ဖော့ပညာသုံး၍ ချက်ချင်း ထွက်ခွာသွားသည်။

ဆရာကျိုချန်သည် စိတ်ရှည်ရှည်ဖြင့် စောင့်ရန်သာရှိတော့သည်။ သူဘာလုပ်မည်ကို မသိပေ။

ထိုအချိန်တွင် ဆောင်းလေတဟူးဟူး တိုက်ခတ်နေ၏။

လမင်းသည် ထိန်ထိန်သာလျက် ရှိနေပြီ။

မီးပုံများမှာ တဖြည်းဖြည်း မီးငြိမ်းစပြုလေပြီ။

တပ်သားများရေချိန်ကိုက်၍ မူးပြီး အိပ်ပျော်သွားကြပေပြီ။

တေးသီချင်းသံများမှာလည်း တဖြည်းဖြည်း စဲသွားလေပြီ။

နံနက်ငါးနာရီအထိ မနည်းအောင့်အည်း စောင့်ဆိုင်းနေရ၏။

အိပ်ပျော်လုလုအချိန်တွင် တည်းခိုခန်းအပြင်ဘက်မှ လူရိပ်တစ်ခု ရိပ်ခနဲ ဝင်လာတော့၏။

ဆရာကျိုချန်က မော့၍ကြည့်လိုက်၏။ ရှောင်ရိရှမ်းကို တွေ့မြင်လိုက်ရ၏။

သူမ၏ခေါင်းတွင် ဓာပုဝါနက်တစ်ထည် မြှီးထားလေသည်။ သို့သော် အံ့သြဖို့ကောင်းသည်မှာ သူမ၏ရင်ဝတွင် သွေးကွက်များ ရွှန်းထင်းနေသည်ကို တွေ့ရ၏။

ရှောင်ရိရှမ်း၏ ညာဘက်တွင် ဘွတ်ဖိနပ်ရှည်တစ်ရံ ကိုင်ထား

သည်။ ဝဲဘက်လက်၌ အိတ်တစ်ခုဆွဲထားသည်ကို တွေ့ရ၏။ သူမသည် လေပူတစ်ချက် မှုတ်ထုတ်ရင်း ဆိုလိုက်သည်။

"ကိုင်း...တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ပါပြီရှင်၊ ပစ္စည်းတွေလဲ ပါခဲ့ပါတယ်"

ရှောင်ရိရှမ်းက ဆက်လက်ရှင်းပြလိုက်သည်။

"ဆရာကျိုချန်း၊ ဟောဒီဘွတ်ဖိနပ်ကတော့ စစ်သူကြီးမင်းခန်းအန်းရဲ့ ဖိနပ်ပါ၊ သူ့ရဲ့အိပ်ခန်းထဲကို ကျွန်မ တိတ်တဆိတ် ဝင်ပြီး ခိုးခဲ့ပါတယ်"

သည့်နောက် သူမသည် အထုပ်ကို ဖြေလိုက်၏။ ရုပ်ပျက်ဆင်းပျက် ပေရေနေသော လူခေါင်းနှစ်လုံးကို မြင်သောအခါ ဆရာကျို ချန်မှာ ထိတ်လန့်သွားမိ၏။

"အင်း...ဒီနေ့တော့ သတ်ချင်စိတ်မရှိဘဲနဲ့ ခန်းအန်းမင်းကြီးရဲ့ သက်တော်စောင့်နှစ်ဦးကို သတ်ခဲ့ရတယ်"

ထိုအခါကျမှ ဆရာကျိုချန် ရင်သပ်ရှုမောဖြစ်ရင်း နားလည်သဘောပေါက်လေ၏။

သုံးနာရီအတွင်းမှာ သိုင်းပညာရှင်ဖြစ်သော ရှောင်ရိရှမ်းက ရန်သူ့စခန်းကို အရောက်သွားနိုင်ခဲ့၏။

ထို့ပြင် မန်ချူးစစ်ဦးစီးဖြစ်သူ စစ်သူကြီးခန်းအန်းအား ထိတ်လန့်သွားအောင် ဆုံးမခဲ့ခြင်း ဖြစ်သည်။

ခန်းအန်းမင်းကြီး၏ အသက်ကို အချိန်မရွေး သတ်ဖြတ်လုပ်ကြံနိုင်သည့် စွမ်းအင်ကို သရုပ်ဖော်ခြင်းပင်။



ထိုအခါ ဆရာကျိုချန်က သူမ၏ သွေးစွန်းနေသော အင်္ကျီကို စေ့စေ့ကြည့်ရင်း မေးလိုက်သည်။

"အင်း...အကြောအနေကြည့်ရတာ သူတို့နဲ့ တိုက်ပွဲဝင်ခဲ့ဟန်တူတယ်၊ ကိုယ်ပေါ်မှာ ဘယ့်နှယ်ကြောင့် သွေးပေနေတာလဲ"

"ဟုတ်ကဲ့ရှင့်၊ စစ်သူကြီးခန်းအန်းဟာ သိုင်းသမားအချို့ကို စည်းရုံးသိမ်းသွင်းပြီး သက်တော်စောင့်အဖြစ် ထားပါတယ်၊ ကျွန်မ ကင်းသမားတွေကို လှည့်ပတ်ပြီး အိပ်ခန်းထဲဝင်သွားပြီ· အလွယ်တကူ သတ်နိုင်ပါတယ်၊ ဒါပေမယ့် သတိပေးတဲ့ သဘောနဲ့ သူ့ရဲ့ ဘွတ်ဖိနပ်ကို ယူခဲ့ပါတယ်၊ သူ့ရဲ့ဦးထုပ်ကို ယူမယ်အလုပ်မှာ အပြင်ဘက်က သက်တော်စောင့်နှစ်ဦး ဝင်လာပါတယ်"

သူမ၏ အခြေအနေကို ဆက်လက် ပြောပြလေ၏။

"ကျွန်မလဲ အနီးကပ်တိုက်ပွဲ ဝင်ခဲ့ရပါတယ်၊ သိုင်းကွက်သုံးလေးကွက်လောက် ယှဉ်ပြိုင်ပြီးတာနဲ့ ကျွန်မ သူတို့ကို အဆုံးစီရင်နိုင်ခဲ့ပါတယ်၊ ဒါပေမယ့် နီးလွန်းအားကြီးတော့ ကျွန်မအင်္ကျီမှာ သွေးတွေ ပေကုန်တာပေါ့ရှင်"

ဆရာကျိုချန်မှာ ငြိမ်သက်စွာ နားထောင်ရင်းက အခြေအနေကို ကောင်းစွာ နားလည်လိုက်၏။

"ဒီမှာ ဆရာကျိုချန်၊ နက်ဖြန်ကျရင် ဟောဒီ လူခေါင်းတွေနဲ့ သူ့ရဲ့ဖိနပ်ကို မြို့ရိုးတံခါးဝမှာ သွားချိတ်လိုက်မယ်၊ ဒါဆိုရင် ခန်းအန်းဟာ သေမှာကြောက်ပြီး ကျင်းတောင် ညီနောင်ကို သေချာ စောင့်ကြပ်နိုင်းမှာပဲ၊ အဲဒီတော့ သူတို့ရဲ့ရန်ကို စိုးရိမ်စရာမလိုတော့ဘူးပေါ့ရှင်"

နောက်နေ့နံနက်တွင် စီစဉ်ထားသည့်အတိုင်း လူခေါင်းနှင့် ဖိနပ်တို့ကို ဝါးလုံးတွင်ချိတ်ပြီး မြို့ရိုးတံတိုင်းတွင် ချိတ်ဆွဲထားလိုက်၏။

ထိုမြင်ကွင်းကြောင့် နီပေါစစ်သည်များ မရယ်ဘဲ မနေနိုင်ကြတော့ပေ။

သည့်နောက် လူရိပ်နှစ်ခုဖြစ်သော ရှောင်ရိရှမ်းနှင့် ဆချွန်မင်တို့သည် ထုံကူဂိတ်မှ ခွဲခွာ၍ နှင်းတောင်အရပ်သို့ ခရီးပြင်းနှင်သွားကြလေတော့သည်။

* * *



## အခန်း(၄၄)

## မှုပိုင်ပစ္စည်း

တောအထပ်ထပ် တောင်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့လေပြီ။

ထိုသို့ ခရီးနှင်မိသောအခါ လေးရက်မြောက်သောနေ့တွင် ၎င်းတို့နှစ်ဦးသည် ထိန်ကလိမြက်ခင်းပြင်သို့ ရောက်သွားကြ၏။

ထိုအခါ လမ်းခရီးတွင် သောက်သုံးရန် ရေနည်းလာသည်ကို မြင်၍ ရှောင်ရိရှမ်းက...

"ဆချွန်မင်...အစာပြတ်တာက အကြောင်းမဟုတ်ဘူးကွယ့်၊ ရေတော့ အပြတ်ခံလို့ မဖြစ်ဘူး၊ တို့ရှေ့ဆက်မယ့် ခရီးက သဲကန္တာရခရီးဆိုတော့ ဟောဒီ အနီးပတ်ဝန်းကျင်မှာ လူနေအိမ်ခြေရှာပြီး ရေရှာမှ ဖြစ်မယ်ကွယ့်"

ထိုအခါ ဆချွန်မင်သည် တောင်ကမူ တစ်ခုပေါ်သို့ ကပျာကယာ ပြေးသွား၍ ပတ်ဝန်းကျင်ကို မျက်စိတစ်ဆုံး အကဲခတ်လိုက်၏။ အမြင့်ဆုံးအရာသည် ပတ်ဝန်းကျင်ကို အလွယ်ကူဆုံး အကဲခတ်နိုင်သည် မဟုတ်ပါလော။

အဝ နံကြာ လှေလှာအကဲခတ်တော့မှ အရှေ့တောင်ထောင့်တွင် တာလပတ်တဲများ ထိုးထားသော အရိပ်အယောင်ကို ဝိုးတဝါး မြင်ရ၏။

သူသည် ဝမ်းသာအားရစွာဖြင့် အော်လိုက်သည်။

"ဆရာမ ဟိုတက်တောင့်မှာ လူတွေရှိတာယ်ဗျ၊ ဝမ်းသာစရာပဲ"

အချိန်မှာ မှောင်စပျိုးနေလေပြီ၊ ယို့ကြောင့် ရှောင်ရိရှမ်းက ခရီးမြန်မြန်ဆက်ရန် လောဆော်လေတော့၏။

နှစ်ဦးသားကိုယ်ဖော့ပညာဖြင့် တစ်ဟုန်ထိုးခရီးအပြင်းနှင်သောအခါ ထမင်းတစ်အိုးချက်ခန့်ကြသော အချိန်မှာပင် တောလိုက်မုဆိုးများ၏ တဲနေရာသို့ ရောက်သွားကြတော့သည်။

ထိုအခါ တဲအိမ်ကလေး သုံးဆယ်ကျော်ခန့်ကို မြင်ရသည့်အပြင် လူအချို့ ထင်းနှင့် မီးလှုံနေသည်ကိုလည်း မြင်ရသည်။

သို့သော် ရှောင်ရိရှမ်း၏ ပုံသဏ္ဍာန်ကိုမြင်သည်နှင့် ၎င်းတို့မှာ အလန့်တကြား အော်ဟစ်လိုက်ကြတော့၏။

"အလို...ဝံပုလွေနက်လာပြီး...ဝံပုလွေနက်လာပြီး..."

"ပြေးကြဟေ့ ပြေးကြ၊ ပြေးနိုင်မှ လွတ်မယ်"

သူတို့၏ အော်သံကို ကြားသောအခါ ရေတောင်းရန် ရောက်လာသော ၎င်းတို့နှစ်ယောက်စလုံးမှာ ကြောင်အသွားတော့သည်။ ရေလည်း မတောင်းနိုင်ကြတော့ပေ။

"အင်း...ဘယ့်နှယ်ဟာတွေပါလိမ့်"



ရှောင်ရိရှမ်းသည် ဒေါသထွက်ရင်း မုဆိုးတစ်ယောက်ကို ဖမ်းပြီး မေးမြန်းလိုက်၏။

"ဟေ့...ငါ့ကို ဘာကြောင့် ဝံပုလွေနက်လို့ ခေါ်ရတာလဲ"

"အမယ်လေး...ကျွန်တော့်ကို ချမ်းသာပေးပါဗျာ၊ ပစ္စည်းလိုချင်ရင် ကျွန်တော်ပေးပါ့မယ်"

"အလို...တယ်ထူးဆန်းပါလား"

ရှောင်ရိရှမ်းက ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ မုဆိုးများ ကြောက်ရွံ့နေသော်လည်း တစ်ယောက်မျှ ထွက်မပြေးဝံ့ချေ။ ထိုစဉ်မှာ ဆချွန်မင်က နူးညံ့ပျော့ပျောင်းသော အသံဖြင့် မေးလိုက်၏။

"ဒီမှာ မိတ်ဆွေတို့၊ တလွဲမထင်ပါနဲ့၊ ကျုပ်တို့နှစ်ယောက်ဟာ ခရီးသွားဧည့်သည်ပါ၊ အခု ရေမလုံလောက်လို့ မိတ်ဆွေတွေဆီမှာ အကူအညီ လာတောင်းတာပါ၊ မင်းတို့ ကြောက်လန့်ပြီး ထွက်ပြေးကြတော့ ကျုပ်တို့ အကူအညီ မတောင်းနိုင်တော့ဘူးပေါ့"

သူ၏စကားကို ကြားသောအခါ မုဆိုးအဘိုးအို တစ်ဦးက သက်ပြင်းချ၍ ဖြေလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားတို့က ခရီးသွားဧည့်သည်ကိုး၊ ဒါဖြင့် တဲထဲကို ကြွပါ"

တဲထဲသို့ဝင်ပြီး ၎င်းတို့ကို နေရာထိုင်ခင်းပေး၏။

ပြီးနောက် နွားနို့တစ်ခွက်စီ လာပို့ပေး၏။

ရှောင်ရိရှမ်းက နွားနို့ကိုတစ်ကျိုက်မော့ရင်း လေအေးအေးဖြင့် မေးလိုက်လေသည်။

"ဝံပုလွေ နက်ဆိုတာ ဘယ်သူလဲရှင့်၊ သူ့ကို ရှင်တို့ ဘာကြောင့် ဒီလောက် ကြောက်ရတာလဲ"

ထိုအခါ မုဆိုးအဘိုးအိုက မေးခွန်းကိုဖြေကြားသည်။

"ဒီလိုပါဗျ၊ ဟိုလွန်ခဲ့တဲ့ နှစ်နှစ်တုန်းက ကျွန်တော်တို့ဆီကို ဓားပြဂိုဏ်းတစ်ဂိုဏ်း ရောက်လာပါတယ်၊ ဓားပြခေါင်းဆောင်က ဝတ်ရုံနက် ဝတ်ဆင်ထားတဲ့ မိန်းကလေးတစ်ဦးပါ၊ သူဟာ ကျုပ်တို့ဆီက ပစ္စည်းဥစ္စာကိုတွေကို လုယူသွားတဲ့အပြင် မဝ ရား ဆက်ကြေးလဲ တောင်းပါတယ်၊ သူ့ရဲ့အမိန့်ကို မလိုက်နာတဲ့ လူကိုတော့ ရက်ရက် စက်စက် သတ်ဖြတ်ပါတယ်၊ အဲဒါကြောင့် ကျုပ်တို့က ဝံပုလွေနက်လို့ ဘွဲ့နာမည်ပေးပြီး သူ့ကိုမြင်တာနဲ့ ကြောက်နေတာပါ"

"အင်း...တယ်လဲ ရက်စက်တဲ့ ဓားပြတွေပါလား"

ဆလျှန်မင်တို့သည် စိတ်ထဲမှ မကျေမချမ်းဖြစ်မိ၏။ အခွင့်ကြုံပါက နှိမ်နင်းပစ်မည်ဟု ဆုံးဖြတ်လိုက်၏။

မုဆိုးများ၏ တဲအိမ်တွင် တစ်ညတာနားပြီး နောက်နေ့ နံနက်တွင် ခရီးဆက်ရန် မုဆိုးများကို နှုတ်ဆက်လိုက်၏။

သားရေအိတ်ဖြင့် ရေနှစ်အိတ်ထည့်ခဲ့သည့်ပြင် တောလိုက်မုဆိုးများက နွားနို့တစ်အိတ် လက်ဆောင်ပေးလိုက်သေး၏။

တစ်ရက်တစ်ည ခရီးဆက်နှင်ပြီးသည်နှင့် ဒုတိယနေ့ နံနက်တွင် ခွန်လွန်တောင် နှုတ်ခမ်းသို့ ရောက်ရှိလာသည်။

ထိုအခိုက် ဆလျှန်မင်က စိတ်ကူးတစ်ခုရ၍...



"ဆရာမ ကျွန်တော်တို့ သဲကန္တာရကို ဖြတ်ကျော်ရမယ်ဆိုတော့ မြင်းဖြစ်ဖြစ် ကုလားအုပ်ဖြစ်ဖြစ် နှစ်ကောင်လောက် ရှာဖွေမှ ကောင်းမယ် ထင်တယ်၊ ဒါမှ သဲကန္တာရကို ကျော်ဖြတ်ရလွယ်မယ်"

ထိုအကြံကို ရှောင်ရီရှမ်းက သဘောတူ၍ ခေါင်းညိတ်ပြလိုက်၏။ သို့သော် ကျယ်ဝန်းလှသော သဲကန္တာရတွင် လူရိပ်မမြင်ရချေ။

ထိုသို့ ငေးမောနေစဉ်မှာပင် အရှေ့တောင်ထောင့်မှ မြင်းခွာသံများ ရုတ်တရက် ပေါ်ထွက်လာ၏။

ဖုံတထောင်းထောင်းဖြင့် မြင်းအုပ်တစ်အုပ်က သဲကန္တာရသို့ ကဆုန်ပေါက် ပြေးလာနေသည်။

သို့စဉ် မြားတစ်စင်းက တဝိုးဝိုးမြည်ရင်း ခေါင်းပေါ်မှ ဖြတ်ကျော်သွားသည်။

ထိုသို့ မြားဖြင့် အချက်ပေးခြင်းသည် ဓားပြဂိုဏ်းတို့၏ အလေ့အထပင် ဖြစ်၏။

ရှောင်ရီရှမ်းက တွေဝေနေသော ဆလျှန်မင်ကို ချက်ချင်း သတိပေးလိုက်သည်။

"မောင်လေး...အခုလာတာ လူဆိုးဂိုဏ်းကွယ့်၊ သာမန် ခရီးသွား ကုန်သည်တွေ မဟုတ်ဘူး"

"ဝံပုလွေနက်များ ဖြစ်နေမလား"

ဆလျှန်မင်သည် မုဆိုးများပြောသော ဝံပုလွေနက်ကို သတိရလိုက်လေ၏။

ခဏအကြာမှာပင် မြင်းခွာသံကြားရပြီး မကြာမီ မြင်းအုပ်တစ်စု ရောက်လာ၏။ မြင်းသည်တော်တို့သည် ဦးထုပ်ကိုယ်စီဆောင်းထားပြီး သားရေကျာကင်များ ဝတ်ထားကြသည်။

သူတို့ကိုမြင်လိုက်သည်နှင့် ဆရှန်မင်က ရှောင်ရိရှမ်းကို တိုးတိုးလေး ပြောလိုက်၏။

"ဆရာမ ထင်တဲ့အတိုင်းပဲဗျ၊ သူတို့တစ်တွေဟာ မွန်ဂို ဓားပြဂိုဏ်းပဲ၊ မွန်ဂိုဓားပြတွေပါ"

ရှေ့ဆုံးမှရောက်လာသော လူဆိုးတို့သည် လူစိမ်းနှစ်ယောက်တို့ကို မြင်ရသောအခါ သတိထားသွားပုံရသည်။

သို့သော် နောက်ဖက်မှ လိုက်လာသော လူသိုက်က သူတို့ကို ဝိုင်းရံထားလိုက်သည်။ ခေါင်းဆောင်မှာ ဝတ်ရုံနက် ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးပင်တည်း။

သူမသည် ရုပ်ရည်ချောမမောပြေပြစ်သော တရုတ်အမျိုးသမီးတစ်ဦး ဖြစ်၏။

ထိုအခါ ဝတ်ရုံနက်နှင့်မိန်းကလေးသည် မြင်းရှေ့သို့ ချက်ချင်းတိုးလာ၏။ သူမကပင်...

"ဒီမှာ ရှင်တို့ ဘယ်ကလာကြတာလဲ၊ အကယ်၍ ရှင်တို့သာ ခရီးသွားကုန်သည် ဟုတ်ရိုးမှန်ရင် ဆက်ကြေးပေးခဲ့ပါ"

သို့သော် ရှောင်ရိရှမ်းက မထေမဲ့မြင်ဟန်ဖြင့် မျက်နှာကို တစ်ဖက်သို့ လှည့်ထား၏။

ဆရှန်မင်က ရယ်သွမ်းသွေးရင်း ပြောလိုက်၏။



"ကျုပ်တို့ မြေလတ်ပိုင်းက လာတာပါဗျာ၊ ဟောဒီသဲကန္တာရမှာ ဝံပုလွေနက်ဆိုတဲ့ ဓားပြဗိုလ်တစ်ယောက် ရှိတယ်လို့ ကြားတယ်၊ လူသတ်တဲ့နေရာမှာ လက်မရွံ့ဘူးလို့ ပြောကြတယ်၊ ဒါပေမယ့် ကျုပ်မယုံလို့ သူနဲ့တွေ့ဖို့ လာခဲ့တာပါ"

မိန်းကလေး အသံလွင်လွင်ဖြင့် ရယ်ပြီး...

"ရှင် သတ္တိကောင်းပါလား၊ ဒါပေမယ့် ရှင်သိထားဖို့ရာက ဝံပုလွေနက်နဲ့ ပညာချင်းယှဉ်ရင် ရှင်သေဖို့ လမ်းများတယ်"

"အို...ကျုပ်တော့ မယုံဘူးဗျာ၊ သူ့ကိုကျုပ် မှတ်လောက်အောင် ဆုံးမချင်တယ်"

ဆရှန်မင်၏စကားမဆုံးမီ မိန်းကလေး၏ဘက်တော်သားများက မခံမရပ်နိုင် ဖြစ်သွားတော့၏။

တစ်ယောက်သောသူက ရှောင်တခင် တိုက်ခိုက်သည်။

မြှားတစ်စင်းမှာ ဆရှန်မင်၏ ရင်ဝသို့ တိုးဝင်လေ၏။ ဆရှန်မင်သည် မလှုပ်မယှက်ဖြင့် ရပ်မြဲရပ်နေ၏။

သူ၏ရင်ဝသို့ ရောက်ခါနီးမှ အသာတိမ်းရှောင်လိုက်၏။

"အခြားလူတွေကို အနိုင်ကျင့်လို့ ရမယ်၊ ကျုပ်ကို လာစမ်းလို့တော့ မရဘူး"

ထိုအခိုက်မှာပင် ဓားကိုင်လူဆိုးနှစ်ယောက်က ရုတ်ခြည်းထွက်လာပြီး ဆရှန်မင်ကို ဓားဖြင့် ပိုင်းပြန်၏။

ဆရှန်မင်က လုံးဝ မမှုပေ။ ဝဲဘက်မှခုတ်လာသော လူဆိုး၏

လက်ကောက်ဝတ်ကို လက်ပြန်တစ်ချက် ရိုက်လိုက်သည်နှင့် ချာချာလည်သွား၏။

တစ်ဖန် ညာဘက်မှ ရောက်သူကို ပြေးဆောင့်လိုက်သည်။

လူဆိုးများ အလန့်တကြား ဖြစ်သွားကြသည်။ ဓားကိုင်သူလူဆိုးက ချက်ချင်း အော်၍ စစ်ကူတောင်း၏။

"သူ့ကို အားလုံး ဝိုင်းတိုက်ကြစမ်း"

"ရပ်လိုက်ကြစမ်း"

ဝံပုလွေနက်သည် အချန်မီ ဝင်တားရင်း ဆချွန်မင်ကို စေ့စေ့ကြည့်၍ ဆိုလိုက်၏။

"သြော်...ရှင်ဟာ သက်သက်မဲ့ ရန်ရှာတာပေါ့နော်၊ ဝံပုလွေနက်ဆိုတာ ကျွန်မပါပဲ၊ အခုတော့ ရှင့်ကို ကောင်းကောင်းဆုံးမရမှာပေါ့"

"ဟား...ဟား...ဟား...ကျုပ်ကလဲ သိပ်တွေ့ချင်နေတာ"

"ဒါဆိုရင် ရှင့်ဆောင်ဓားကို ထုတ်လိုက်စမ်းပါ၊ ဓားသိုင်းချင်း ယှဉ်ပြိုင်ကြတာပေါ့ရှင်"

"အို...မလိုပါဘူးကွာ၊ ခင်ဗျားလို လူစားမျိုးကို ကျုပ် လက်နက်မဲ့ ယှဉ်ပြိုင်ဝံ့ပါတယ်"

ဆချွန်မင်၏ စကားကြောင့်...

"ရှင်ဟာ မောက်မာလှချည်လား၊ ရှင်ဘာသာရှင် လက်နက်မဲ့တိုက်ခိုက်ဖို့ ဆုံးဖြတ်တာနော်"



"ဒီမှာအမိ...သိုင်းကွက် ဆယ်ကွက်အတွင်းမှာ အမိဓားကို မလုနိုင်ရင် ကျုပ်ကို အရှုံးလို့ သတ်မှတ်လိုက်ပါ"

ခေါင်းဆောင်ဖြစ်သူ ဝံပုလွေနက်သည် လက်အောက်ငယ်သားများ၏ ရှေ့တွင် သိက္ခာအချခံရ၍ ဒေါသယမ်းအိုး ပေါက်ကွဲလေတော့သည်။

"ကိုင်း...သတိထားပေတော့"

ဝံပုလွေနက် အမျိုးသမီးမှာ ဆောင်ဓားကို ပြင်းထန်သော အရှိန်အဟုန်ဖြင့် ဆချွန်မင်၏ ရင်ဝသို့ ထိုးစိုက်လိုက်၏။

ဆချွန်မင်က ခပ်အေးအေး အမူအရာဖြင့် သူမ၏ ဆောင်ဓားနံဘေးသို့ရောက်သည်နှင့် ဝံပုလွေနက်၏ လက်ကောက်ဝတ်နေရာကို လက်နှင့်ခံပေးလိုက်ပြီး တံတောင်ဆစ်ကို တအားပင့်တင်လိုက်သောအခါ ဝံပုလွေနက်၏ဓားမှာ လေထုထဲသို့ ပျံဝဲလွင့်စဉ်သွားတော့သည်။

ထိုအခါ ခေါင်းဆောင်ဖြစ်သူ အရေးနိမ့်သည်ကို မြင်သောအခါ မြေကိုက်းသားများ အလန့်တကြား အော်ဟစ်တော့၏။

ဝံပုလွေနက်က ဆောင်ဓားလွင့်ထွက်သွားသည်နှင့် လေထုထဲသို့ ချက်ချင်းခုန်ပျံသွားသည်။

ပျံဝဲနေသော ဓားအကျနှင့် အံကိုက်ဖြစ်သွားပြီး တစ်ဖန် ဆောင်ဓားကို ပြန်လည် ဖမ်းဆုတ်လိုက်သည်။

ထိုသို့ ပျံလွှားငှက်တစ်ကောင်အသွင်ဖြင့် ဓားကို ပြန်လည်

ဖမ်းပြီး မြေပြင်ပေါ်သို့ အသာအယာ ဆင်းသက်လာသည်ကို မြင်သောအခါ ဆရှန်မင်စိတ်ထဲ ကြိတ်၍ ချီးကျူးမိတော့၏။

ထိုအခါ ဆရှန်မင်က သနားကြင်နာစိတ်ပေါ်လာရင်း ဓားပြခေါင်းဆောင် ဝံပုလွေနက်ကို အပြတ်မရှင်းလိုတော့ပေ။

ထို့ကြောင့် လေအေးအေးဖြင့် ဖျောင်းဖျ ပြောဆိုလိုက်၏။

"ကိုင်း...ကျုပ် ပထမသိုင်းကွက် တစ်ကွက်တည်းနဲ့ ခင်ဗျားဓားကို လွင့်ထွက်သွားအောင် လုပ်ဆောင်ခဲ့ပြီ၊ ဒီတော့ ခင်ဗျား အညံ့ခံဖို့ ကောင်းပြီ"

"ရှင် ပေါက်ကရတွေ ပြောမနေနဲ့၊ ရှင်ခုနက ပြမှုတာဟာ သိုင်းပညာမဟုတ်ဘူး၊ ကျွန်မရဲ့ ဓားချက်ကိုလဲ မြည်းကြည့်ပါ"

သူမသည် ပြောပြောဆိုဆိုဖြင့် ဓားကိုတစ်ချက် ဝှေ့လိုက်၏။ လျှင်မြန်သွက်လက်သော အဟုန်ဖြင့် ဆရှန်မင်၏ ခါးပတ်ဝန်းကျင်နှင့် ချိုင်းနေရာသို့ ပိုင်းချလိုက်သည်။

"ဟား...ဟား...ဟား..."

ဆရှန်မင်သည် အားရပါးရရယ်မောရင်း ပေါ့ပါးစွာဖြင့် သူမကျောဘက်ဆီသို့ ရောက်သွားလေတော့၏။

ဝံပုလွေနက် တုန်လှုပ်သွားသည်။ ချာခနဲလှည့်၍ ကြည့်လိုက်သည်။ ထိုအခါ ဆရှန်မင်နှင့် မျက်နှာချင်းဆိုင် တိုးမိတော့သည်။

"ကိုင်း...သတိထားပေတော့"

ဝံပုလွေနက် မျက်လုံးများပြာဝေနေချိန်တွင် ဆရှန်မင်က လျှပ်စစ်လက်သည့် အဟုန်ဖြင့် သူမ ဆောင်ဓားကို ဆွဲလိုက်၏။



ပညာချင်းယှဉ်မရသည်မို့ ဝံပုလွေနက်၏ မျက်နှာ နီမြန်းသွားတော့၏။

ထိုအခါ ဆရှန်မင်က ဓားကိုင်သောဘက်ကို သူမအား လှည့်၍ လှမ်းပေးရင်း...

"ကိုင်း...ခင်ဗျားဓား ပြန်ယူသွားပါ"

ဝံပုလွေနက်ခေါ် မိန်းကလေးသည် ကြက်သေသေမိတော့၏။ သူမက ရုတ်ခြည်းဒူးထောက်၍ တောင်းပန်လိုက်၏။

"အင်း...ရှင်ဟာ ပညာအဆင့် အလွန်မြင့်တဲ့ သိုင်းပညာရှင်ပဲ၊ အဲဒီတော့ ကျွန်မ အညံ့ခံပါပြီ၊ ကျွန်မကိုသာ တပည့်အဖြစ် လက်ခံပါတော့"

ဆရှန်မင် လက်မခံနိုင်ချေ။ ထို့ကြောင့်...

"အို...မဟုတ်တာကွယ်၊ မဖြစ်သေးပါဘူး"

ထိုအခိုက် နံဘေးမှ ရှောင်ရီရှမ်းက ရုတ်တရက် ရယ်မောလေ၏။ ပြီးနောက် မိန်ကလေးဘက်လှည့်ကာ...

"အင်း...တို့ကို ဆရာတင်မယ် ဟုတ်လား၊ ဖြစ်တော့ ဖြစ်ပါတယ်ကွယ်၊ ဒါပေမယ့် မကောင်းတဲ့ ဒုစရိုက်လုပ်ငန်းကို စွန့်ပစ်ရမယ်၊ တို့က အထက်လမ်းဂိုဏ်းသားတွေ၊ ဒုစရိုက်မှုကို ရွံမုန်းကြတယ်"

"ဟုတ်...ဟုတ်ကဲ့ရှင့်၊ ကျွန်မ ကောင်းကောင်းမွန်မွန် နေပါမယ်ရှင်၊ ဂိုဏ်းသားတွေကိုလဲ သူတို့ရွာနေ ပြန်လွှတ်ပါ့မယ်"

ရှောင်ရီရှမ်းက ခေါင်းယမ်း၍ ပြန်ပြောလိုက်၏။

"သူတို့ကို ပြန်နိုင်းဖို့ မလိုပါဘူးကွာ၊ သူတို့ကို ဒီအတိုင်း ပြန်လွှတ်ရင် လုပ်ငန်းမရှိတော့ သူတို့တစ်တွေ မားပြတိုက်မှာပဲ၊ အဲဒီတော့ ငါအကြံတစ်ခုရတယ်ကွယ်၊ လာစမ်းပါဦး၊ သူငယ်မကို မေးစရာ တစ်ခုရှိတယ်၊ နာမည် ဘယ်လိုခေါ်သလဲ၊ ပြီးတော့ ဘယ်သူ့ဆီမှာ ပညာသင်ကြားခဲ့တာလဲ"

"ကျွန်မနာမည် ဟုန်စမ်းပါရှင့်၊ သိုင်းပညာကို ဖေဖေဆီက သင်ယူခဲ့တာပါ၊ အဒေါ်က ဟောဒီ အစ်ကိုကြီးနဲ့..."

"အိုး...သူငယ်မ အရမ်းမပြောမနေပါနဲ့၊ ငါ သူ့ဆရာ မဟုတ်ပါဘူး၊ ကိုင်း...တို့နဲ့ ခုံတုံတောင်ကို တစ်ပါတည်း လိုက်ခဲ့ပါ၊ သူငယ်မရဲ့ လက်အောက်ငယ်သားတွေကိုလဲ ပြန်မလွှတ်ပါနဲ့"

"ဟုတ်ကဲ့ရှင် ဟုတ်ကဲ့၊ ကျွန်မ အားလုံး လိုက်နာပါ့မယ်"

ရှောင်ရိရှမ်း၏ ဆုံးဖြတ်ချက်ကို ဆချွန်မင် ဘဝင်မကျသော်လည်း ငြိမ်သက်စွာဖြင့် ခရီးဆက်ခဲ့လေတော့၏။

သူတို့သုံးယောက်တို့သည် မွန်ဂိုလူဆိုးများကို သိမ်းသွင်းစည်းရုံး ဦးဆောင်ပြီး ထိန်ကလိမြစ်ကို ဖြတ်ကျော်ခဲ့သည်။

သုံးရက်ခန့်ခရီးဆက်ပြီးသောအခါ ၎င်းတို့သည် ချင်ဟိုင်ခရိုင်သို့ ရောက်လာခဲ့သည်။

ခုံတုံတောင်သည် ချင်းဟိုင်ခရိုင်၏ တောင်ဘက်အရပ်တွင် တည်ရှိလေသည်။

ထိုအခါ ဆချွန်မင်က စကားစတင်ပျိုးလိုက်၏။



"ဆရာမ...ကျွန်တော်တို့ ခုံတုံတောင်ပေါ်တက်ရင် ပြောင်တက်သွားမှာလား၊ ဒါမှမဟုတ် ညဘက်မှာ တိတ်တဆိတ် တက်မှာလား"

ထိုစကားကိုကြားရသောအခါ ရှောင်ရိရှမ်းမှာ ခေတ္တတွေးတောရင်း ချင့်ချိန်သုံးသပ်လိုက်သည်။

"အင်း...တို့ ဒီတစ်ခေါက် ခုံတုံတောင်ကို လာတာဟာ သံလက်ဝါးမယ်တော်ဆီက သိုင်းပညာကျမ်းစာအုပ်ကို တောင်းဖို့ မဟုတ်လား၊ ဒါပေမယ့် ပြောင်တောင်းရင် ပေးမှာ မဟုတ်ဘူး၊ အဲဒီတော့ ပညာနည်းနည်းသုံးမှ ဖြစ်မယ်ကွယ့်"

"ဟုတ်ကဲ့...ဆရာမရဲ့အကြံကို ပြောပါဦး"

"မင်းကို ဆရာမရှင်းပြမယ်၊ ခုံတုံတောင်ပေါ်မှာ စမ်းယွမ်ကျောင်းဆောင်ဆိုတာ ရှိတယ်ကွယ်၊ အဲဒါခုံတုံဂိုဏ်းရဲ့ ဘိုးဘေးစဉ်ဆက် လက်ထက်ကတည်းက တရားအားထုတ်ဖို့ တည်ရှိခဲ့တဲ့ နေရာပါ၊ အဲဒီစမ်းယွမ် ကျောင်းဆောင်ကိုသွားတဲ့ လမ်းမှာ ကျောက်လှေခါးထစ်ရှည်ကြီး တစ်လမ်းရှိတယ်၊ ဒါပေမယ့် လမ်းတစ်လျှောက်လုံးမှာ အစောင့်အကြပ်တွေထားတယ်ကွယ်၊ အခု မင်းရဲ့ သိုင်းပညာအဆင့်အရဆိုရင် သူတို့ကို အလွယ်တကူ အနိုင်ရပါလိမ့်မယ်၊ အဲဒီတော့ မင်းကျောက်လှေခါးကနေ ကျောင်းဆောင်ကို ပြောင်တက်ပြီး သံလက်ဝါးမယ်တော်ကို အချိန်ဆွဲထားပါ၊ ဆရာမ အလစ်မှာ သိုင်းပညာ စာအုပ်ကို ဝင်ယူမယ်၊ အဲဒါမှ ဆရာမတို့ရဲ့ အကြံ ထမြောက်အောင်မြင်မယ်ကွယ်"

"ဟုတ်ကဲ့၊ ဒီအကြံမဆိုပါဘူး၊ ဒါဖြင့် အစီအစဉ်အတိုင်း ဆုံးဖြတ်လိုက်ကြစို့"

ထိုညတွင် တဲအိမ်တစ်အိမ်၌ တစ်ညတာ နိုနားလိုက်ကြသည်။

မိုးလင်းသည်နှင့် ဆချွန်မင်နှင့် ရှောင်ရိရှမ်းတို့က ဓားကိုယ်စီလွယ်ပြီး နံ့တုံတောင်ရှိရာသို့ ခရီးနှင်တော့သည်။

နေ့ဝက်ခန့် ခရီးနှင်မိသောအခါ နံ့တုံတောင်ခြေရင်းသို့ ရောက်သွားကြသည်။

ထိုအခါ ရှောင်ရိရှမ်းက တိုးတိုးရလး မှာကြားလိုက်၏။

"ကိုငီ၊...ဆချွန်မင် သတိနဲ့ သွားပေတော့၊ ဒီကပဲ လူစုခွဲပြီး လုပ်ငန်းစကြစို့"

ဆချွန်မင်က ခေါင်းညိတ်ပြလိုက်၏။ ရှောင်ရိရှမ်းက ကိုယ်ဖော့ပညာဖြင့် ခုန်ပျံကျော်လွှား၍ ထွက်သွားသည်။

ရှောင်ရိရှမ်း အဝေးသို့ရောက်သွားသည်ကို တွေ့ရသော ဆချွန်မင်မှာ အသင့်ပြင်လိုက်၏။

ထိုနောက် ကိုယ်ဖော့ပညာဖြင့် မြွေလိမ်မြွေကောက် လမ်းသွယ်မှ တစ်ရှိန်ထိုး ပြေးသွားသည်။

မကြာမီ စမ်းယွမ်ကျောင်းဆောင်သို့သွားရာ ကျောက်လှေခါး ထစ် ခြေရင်းသို့ ရောက်သွားသည်။

သို့သော်ဆချွန်မင် လှေကားထစ်နှစ်ဆယ်ခန့် တက်မိသည်နှင့်



နံဘေးကျောက်တုံးကြီး၏ နောက်ကွယ်မှ လူရွယ်နှစ်ဦး ပေါ်လာသည်။

ဝဲဘက်တွင် ရပ်နေသောလူမှာ ခပ်ပိန်ပိန်ဖြစ်၏။

ဓားတစ်လက် ကိုင်ဆောင်ထားသည်။

ညာဘက်မှလူသည် ဝဝဖိုင့်ဖိုင့်ဖြစ်သည်။ လက်ထဲတွင် ကျားခေါင်းချိတ်နှစ်ခု ကိုင်ဆောင်ထားသည်။

"မင်း ဘယ်လာတာလဲကွ၊ အလည်သက်သက်ပဲလား၊ ဒါမှမဟုတ်ရင် ပညာသင်ဖို့ လာတာလား၊ မေးတာကို မြန်မြန်ဖြေပါ၊ နို့မဟုတ်ရင် တောင်ပေါ်ကို တက်ခွင့်မပေးဘူး"

"ဟား...ဟား...ဟား...ခင်ဗျားတို့ပြောတာတွေ အားလုံး မှားပါတယ်၊ ကျုပ်လာရတဲ့ အကြောင်းကတော့ မင်းတို့ရဲ့ဆရာ သံလက်ဝါးမယ်တော်ဆီမှာ ပစ္စည်းတစ်ခု ပြန်တောင်းဖို့ပါ၊ အဲဒါ ကျုပ်အတွက် တဆိတ်လောက် အကြောင်းကြားပေးပါ"

ပြောရင်း တောင်ပေါ်သို့တက်ရန် ဟန်ပြင်လိုက်၏။

ထိုလုလင်နှစ်ယောက်က ဆချွန်မင်ကို နံဘေးတစ်ဖက် တစ်ချက်မှ လက်နက်ကိုယ်စီဖြင့် ကာဆီးပိတ်ဆို့ထားလိုက်လေ၏။

"ဟိတ်ကောင်...မင်းဟာ တို့ဂိုဏ်းကို သက်သက် ရန်ရှာတာပဲ၊ မြန်မြန်ပြန်ချင်ပြန်ပါ၊ နို့မဟုတ်ရင် ငါတို့အကြောင်းကို ပြရလိမ့်မယ်"

"မင်းတို့က ဘယ်လောက် အစွမ်းအစရှိလို့လဲ၊ ရှေ့ကနေ ကာဆီးကာဆီး မလုပ်နဲ့၊ ဖယ်ကြစမ်းပါ"

ဆချွန်မင်သည် ပြောဆိုရင်း ရှေ့သို့ သုံးလှမ်းခန့် တက်လိုက်လေ၏။

ထို့နောက် လက်မောင်းနှစ်ဖက်စလုံးကို အားယူပြီး တစ်ချိန်တည်း ပင့်ရိုက်လိုက်၏။ ဝိနိဝိနိလူရွယ် လွင့်ထွက်သွားသည်။

ဝဝဖိုင့်ဖိုင့်လူသည် ဆောင်ဓားကိုဝင့်၍ ခုတ်ရန် ကြိုးစား၏။ သို့သော် တစ်ချိန်တည်းမှာပင် ဆချွန်မင်က လက်ဝါးစောင်းတစ်ချက် ပေးလိုက်သည်။

ထိုသူ၏ လက်ကောက်ဝတ်သည် ကျဉ်သွားရင်း ဆောင်ဓားကို မြဲအောင် မကိုင်နိုင်တော့ဘဲ လွှတ်ကျသွားသည်။

"ကိုင်း...စိတ်မရှိပါနဲ့၊ ကျုပ် အရင်သွားနှင့်မယ်"

ဆချွန်မင်က တုံ့ဆိုင်းမနေတော့ဘဲ ၎င်းတို့ ခေါင်းပေါ်မှ လွှားခနဲ ကျော်တက်လိုက်၏။

ထိုအခိုက်မှာပင် အပေါ်ဘက်မှ ရုတ်တရက် အော်သံကို ကြားလိုက်ရ၏။

"မင်း ဘယ်ပြေးမလဲ"

လူသုံးယောက် ဖျပ်ခနဲ ခုန်ထွက်လာသည်။

သူတို့သည် ဝတ်ရုံနက်ကိုယ်စီ ဝတ်ထားကြ၏။ အလယ်တွင် ရပ်နေသော လူရွယ်က ဓားရှည်တစ်လက်ကိုင်ထား၏။

ဝဲယာ တစ်ဖက်တစ်ချက်တွင်ရှိသော လူရွယ်နှစ်ဦးသည် ညိုမည်းသောအသားရှိပြီး ဓားမြှောင်ကိုယ်စီ ကိုင်ထားကြသည်။

သို့ဖြစ်၍ ဆချွန်မင်က သူ့ကို စေ့စေ့ကြည့်ရင်း ဆိုလိုက်သည်။



"ကျွန်တော် ဆချွန်မင်ပါ၊ အခု ရောက်လာတာဟာ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ဖို့ပါပဲ၊ အဲဒီတော့ ကျွန်တော့်ကို တွေ့ခွင့်ပြုပါ ခင်ဗျာ"

"မင်းက အစွမ်းအစ ဘယ်လောက်ရှိလို့ တို့ဂိုဏ်းချုပ်နဲ့ တွေ့ရမှာလဲ၊ ပြောနေတာကြာတယ်"

ဓားရှည်ကိုင်ဆောင်ထားသူ လူရွယ်သည် ပြောပြောဆိုဆိုဖြင့် ဆချွန်မင်ကို ဝင်ပိုင်းလိုက်တော့သည်။

ဝဲယာ တစ်ဖက်တစ်ချက်တွင်ရှိသော လူနှစ်ဦးမှာလည်း တစ်ချိန်တည်း တိုက်ပွဲဝင်လာသည်။

လူရွယ်၏ ဓားရိုးကို ဆောင့်တွန်းလိုက်သည်နှင့် ဓားမှာ အပေါ်သို့ ကန်တက်သွားပြီး နဖူးပြင်နှင့် ထိလုမတတ် ဖြစ်သွား၏။ ဆချွန်မင်မှာ သိုင်းပညာအဆင့်မြင့်သည့်အတွက် ထိုလူသုံးယောက်ကို အနိုင်ယူတိုက်ခိုက်နိုင်သည်။

၎င်းတို့သုံးယောက်သည် ခဏချင်း လှည့်ပြေးကြလေတော့သည်။ သူတို့ရှုံးနိမ့်သွားချေပြီ။

ဆချွန်မင်က ဆက်မလိုက်ဘဲ အားရပါးရ တဟားဟား ဟားတိုက်ရယ်မော၍ ကျန်ရစ်ခဲ့သည်။

"အင်း...နှစ်ဆင့်တော့ ကျော်လွန်ပြီ၊ အပေါ်မှာ ဘာတွေရှိဦးမလဲ မသိဘူး၊ ရှိလဲ ရင်ဆိုင်ရမှာပဲ"

ဆချွန်မင်သည် တွေးတောရင်း လှေကားထစ်အတိုင်း အပေါ်သို့ ကိုက်နှစ်ဆယ်ခန့် ဆက်တက်လိုက်သည်။

ကျောင်းဆောင်၏ တည်နေရာ အပေါ်ထပ် တောင်ကုန်းပေါ်သို့ ရောက်နေပြီ။

ထိုအခိုက် တောင်ကမူတစ်ခု၏ နောက်မှ လူဆယ်ယောက် ကျော်ခန့် ဘွားခနဲ ခုန်ထွက်လာတော့သည်။

❀ ❀ ❀



## အခန်း(၄၅)

## သိုင်းကျွမ်းပြန်လည်ရရှိခြင်း

ဆရှုန်မင်သည် ဆောင်ဓားကို ဆွဲထုတ်လိုက်၏။

ရန်သူဆယ်ဦးထဲမှ တစ်ယောက်သည် လေးနှင့် မြားများကို တစ်စင်းပြီးတစ်စင်း ဆရှုန်မင်ထံသို့ ပစ်လွှတ်လိုက်သည်။

ဆရှုန်မင်က ဓားဖြင့် ဝဲယာဘက်သို့ ဖော့ယမ်းပြီး မြားများကို ခေတ်ထုတ်လိုက်၏။ မြားများ လွင့်စဉ်ကျသည်။

ထိုအခါ ရန်သူများ ထပ်၍ တိုးလာပြန်သည်။

ခုံတုံဂိုဏ်းသားတို့သည် လူစုခွဲလိုက်ကြ၏။

ဝဲဘက်တွင် ကိုးယောက်၊ ယာဘက်တွင် ကိုးယောက်စီ တန်းရပ်နေကြသည်။

သည့်နောက် ဆရှုန်မင်သည် ခုခံကာကွယ်ရန် နည်းလမ်းကို စဉ်းစားရသည်။ အများနှင့်တစ်ယောက် မဟုတ်ပါလား။ သူတို့သည် စုပေါင်းတိုက်ကွက်နှင့် တိုက်ခိုက်ရန် ဟန်ပြင်ကြသည်။

ထိုသို့ စုပေါင်းတိုက်ကွက်ကို ဖြိုခွင်းရန်မှာ ရဲစွမ်းသတ္တိ အထူးလိုအပ်သည့်အပြင် ဇေစပ်သေချာမှု လိုအပ်ပေသည်။

ထိုအခိုက် ရန်သူများ ဝိုင်းရံထားခြင်းကို ခံရပေသည်။

ရန်သူများအားလုံး ဓားကိုယ်စီ ကိုင်ဆောင်ထားကြသည်။

ဆချွန်မင်က ဆုံးဖြတ်ချက် ချလိုက်ပြီးသည်နှင့်…

"ကိုင်း…ဟေ့ သတိထားကြ"

စကားဆုံးသည်နှင့် ဆချွန်မင်က ကြားကွက်လပ်သို့ တစ်ဟုန်ထိုး ပြေးသွားသည်။

ရန်သူများ အုပ်စုနှစ်စုခွဲပြီး ဓားများဖြင့် ဝိုင်းဝန်းတိုက်ခိုက်လေသည်။

ဓားမိုးရွာသည့်ပမာ တိုက်ခိုက်ကြခြင်းဖြစ်သည်။

ဆချွန်မင်သည် အဆင့်မြင့်သိုင်းသမားဖြစ်၍ ဓားကို သွက်လက် ကျွင်လည်စွာ အသုံးချနိုင်သည်။ သူ၏ ထက်မြက်လှသောဓားကြောင့် ရန်သူ၏ ဓားများ အသီးသီး ကျိုးပဲ့သွားကြ၏။

ဆချွန်မင်၏ ထက်မြက်လှသော ဓားကို ထိတ်လန့်သွားပြီး နောက်သို့ ဆုတ်ကုန်ကြသည်။

အနားသို့ မကပ်ဝံ့ကြချေ။

"အားလုံး ရပ်လိုက်"

စူးစူးဝါးဝါး အသံတစ်သံ ရုတ်ခြည်း ပေါ်ထွက်လာလေ၏။

အသံကြားလိုက်သည်နှင့် ဆချွန်မင်သည် နောက်မှ လေပြည်တစ်ချက် တိုက်ခတ်လာသလို ခံစားမိ၏။



ရန်သူတစ်ယောက် သူ၏ နောက်သို့ ရှောင်တခင် တိုက်ခိုက်လေပြီ။

ထိုအခါ ဆချွန်မင်သည် လျှပ်တစ်ပြက် ကိုယ်ကိုပုလိုက်ပြီး ရှောင်တိမ်းရင်း ဓားကိုတစ်ချက် နောက်သို့ ပြန်ပက်လိုက်သည်။

ထို့နောက် ကိုယ်ဖော့ပညာဖြင့် ခပ်လှမ်းလှမ်းသို့ အရောက် ခုန်ပျံကျော်လွှားလိုက်သည်။

ထို့နောက် သူလှည့်၍ ကြည့်မိသည်။ ထိုအခါ ရှောင်တခင် တိုက်ခိုက်သူမှာ သံလက်ဝါးမယ်တော်ပေတည်း။

သံလက်ဝါးမယ်တော်သည် ကြောက်ဖွယ်လိလိ မျက်နှာနှင့် ဆချွန်မင်အား ကြည့်နေ၏။

ဂိုဏ်းချုပ်ကြီးရောက်လာပြီဖြစ်၍ တိုက်ခိုက်နေကြသော ဂိုဏ်းသားများမှာ ဓားကို ဓားအိမ်တွင်း ပြန်ထည့်လိုက်ပြီး ဘေးတစ်ဖက်တစ်ချက်သို့ ခုန်ရှောင်လိုက်ကြသည်။

အားလုံး ဆိတ်ငြိမ်လျက် ရှိနေကြသည်။

သံလက်ဝါးမယ်တော်မှာ သူမ၏ တပည့်များကို တစ်ချက်ဝေ့ကြည့်ပြီး ဆချွန်မင်ဘက်လှည့်၍ လေအေးအေးဖြင့် ပြောသည်။

"မင်းနဲ့ မတွေ့ရတာ တစ်နှစ်ကျော်ပဲရှိသေးတယ်၊ မင်းရဲ့ သိုင်းပညာက တိုးတက်လှချည်လား၊ အခု မင်း ငါတို့ ခုံတဲ့ဂိုဏ်းကို လာပြီး ရမ်းကားတာပေါ့၊ ဟုတ်လား"

ထိုအခါ ဆချွန်မင်က ဦးညွှတ်၍ အရိုအသေပေးရင်း…

"ကျွန်တော်လာပြီး ရမ်းကားတာ မဟုတ်ပါဘူး ခင်ဗျာ၊

အခု ကျွန်တော်လာရတဲ့အကြောင်းရင်းက ဂိုဏ်းချုပ်ကြီးဆီက သိုင်းပညာ ကျမ်းစာအုပ်ကို ပြန်တောင်းဖို့ လာခဲ့တာပါခင်ဗျာ၊ အဲဒါ ကျေးဇူးပြုပြီး ကျမ်းစာအုပ်ကို ပြန်ပေးပါခင်ဗျာ"

"ဟော့...မင်း စော်ကားလှချည်လား၊ ဘာတွေ လာပြောနေတာလဲ"

စကားဆုံးသည်နှင့် သူမသည် ရုတ်တရက် ထခုန်လိုက်ရင်း သံလက်ဝါးဖြင့် ဆချွန်မင်၏ငယ်ထိပ်ကို တအား ရိုက်ချလိုက်သည်။

လျှပ်တစ်ပြက်အဖြစ်အပျက်မို့ ဂိုဏ်းသားများ အလန့်တကြား ဖြစ်မိကြ၏။

သို့သော် ဆချွန်မင်က သတိရှိသူဖြစ်၍ သူ၏တိုက်ကွက်ကို အသာအယာ ကိုယ်လုံးကို ရွှေ့လျားပေးလိုက်ပြီး လေထုထဲသို့ ခုန်လိုက်သည်။ လေထုထဲတွင် လေဟုန်စီးသကဲ့သို့ ဝဲကာ ရှောင်တိမ်းလိုက်၏။

သံလက်ဝါးမယ်တော်၏ ရိုက်ချက် လွဲသွားသည်။

ထိုအခါ ဆချွန်မင်က ထပ်၍ ပြောဆိုပြန်၏။

"ဒီမှာ ဂိုဏ်းချုပ်ကြီးခင်ဗျာ၊ ကျွန်တော် ဒီကိုလာရတာ သိုင်းပညာစာအုပ်ကို မလွဲသာလွန်းလို့ ပြန်တောင်းရခြင်းပါ၊ ခွင့်လွှတ်စေချင်ပါတယ်"

"ဟောကောင်...တော်...တိတ်၊ ငါ မကြားချင်ဘူး"

သံလက်ဝါးမယ်တော်သည် ပြောရင်း လက်ဝါးနှစ်ဖက်ကို ရုတ်ခြည်း ဖြန့်ကားပြီး ခုန်အုပ်၍ တိုက်ခိုက်ပြန်သည်။



"အင်း...ဒီအမျိုးသမီးကြီးနဲ့ ဆက်ယှဉ်ပြိုင်နေလို့လဲ ငါ့အတွက် ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး"

ဆချွန်မင်က ဆုံးဖြတ်ချက်ချလိုက်ပြီး ကိုယ်ဖော့ပညာကို အစွမ်းကုန် အသုံးချကာ ခုန်ပျံ၍ ရှောင်တိမ်းသွားတော့၏။

ပြေးသူက ဆချွန်မင်...

လိုက်သူက သံလက်ဝါးမယ်တော်။

သံလက်ဝါးမယ်တော်မှာ တပည့်များရှေ့မှောက်တွင် အရှက်ကွဲမည်ကို မလိုလားချေ။

ထို့ကြောင့် သူမ၏ခါး၌ ပတ်ထားသော ငွေရောင်ကြာပွတ်ကို ရုတ်တရက် ဆွဲထုတ်လိုက်သည်။

"ဟော့...သတ္တိရှိရင် လက်နက်ချင်း ယှဉ်ပြိုင်ရအောင်"

"လက်နက်ချင်းယှဉ်ဖို့ မလိုပါဘူးဗျာ၊ ကျွန်တော် သိုင်းပညာစာအုပ် ပြန်ရရင် ကျေနပ်ပါပြီ"

"အေး...မင်း ငါ့ကိုနိုင်ရင် သိုင်းပညာစာအုပ်ကို ရမယ်၊ မနိုင်ရင်တော့ မင်း ဘာမှ မကြိုးစားနဲ့တော့"

သံလက်ဝါးမယ်တော်က ဒေါသကိုမချုပ်တည်းနိုင်ဘဲ ကျာပွတ်ကို ရှိုခနဲ လွှဲရိုက်လိုက်သည်။

ထိုအခါ ဆချွန်မင်က ဓားဖြင့် ကန့်လန့်ဖြတ် ကာလိုက်သည်။

ပြီးနောက် ဓားကို အောက်သို့ ချက်ချင်း ပြန်ဆွဲလိုက်ရင်း သူမ၏ ချိုင်းကြားသို့ လက်ပြန်တစ်ချက် ထပ်ပေးလိုက်၏။

နှစ်ဦးသား သဲသဲမဲမဲ တိုက်ခိုက်ယှဉ်ပြိုင်နေစဉ်...

"ဟား...ဟား...ဟား..."

တောင်ကုန်းပေါ်မှ ရုတ်တရက် ရယ်သံကို ကြားလိုက်လေတော့သည်။

သံလက်ဝါးမယ်တော်က မော့ကြည့်လိုက်ရာ အလွန်အံ့ဩသွားသည်။

အဘယ့်ကြောင့်နည်း။

အဘယ်ကြောင့်ဆိုသော်...သူ၏ရန်ဘက်ဖြစ်သူ ရှောင်ရီရှမ်းကို တွေ့မြင်လိုက်ရသောကြောင့်တည်း။

"ဟဲ...ဟဲ...ဟဲ...ဘွားဘွား သံလက်ဝါး၊ ခိုက်ရန် မဖြစ်ကြပါနဲ့တော့၊ ရှင့်ရဲ့ သိုင်းပညာကျမ်းစာအုပ်ကို ကျွန်မ ယူလိုက်ပြီ"

၎င်းတို့၏အကြံအစည်သည် ထမြောက်အောင်မြင်ခဲ့လေပြီ။

ဆချွန်မင်မှာ သံလက်ဝါးမယ်တော်ကို အချိန်ဆွဲ၍ တိုက်ခိုက်နေချိန်တွင် ရှောင်ရီရှမ်းက အခွင့်ကောင်းယူကာ သိုင်းပညာစာအုပ်ကို ဝင်ရောက်ယူခဲ့ခြင်းပင် ဖြစ်တော့သည်။

ထိုအခါ ရှောင်ရီရှမ်းမှာ တောင်ကုန်းပေါ်မှ ပျံလွှားငှက်တစ်ကောင် အသွင်ဖြင့် ရုတ်တရက် ခုန်ပျံသွားရင်း...

"ဆချွန်မင်၊ ဆရာမတို့ရဲ့လုပ်ငန်း ပြီးမြောက်ပြီ၊ ဒီတော့ မယ်တော်ကြီးနဲ့ အချိန်ဆွဲမနေနဲ့၊ ဆရာမတို့ ပြန်ကြစို့"

ရှောင်ရီရှမ်းမှာ ပြောရင်း အိတ်ထဲမှ သိုင်းကျမ်းစာအုပ်ကို ထုတ်ပြလိုက်၏။

ထိုစာအုပ်ကိုမြင်ရလျှင် ဆချွန်မင်မှာ ဝမ်းသာသွားသည်။



သို့သော် သံလက်ဝါးမယ်တော်က အော်ဟစ်လိုက်လေ၏။

"ဟော့ကောင်မ...တယ်စော်ကားပါလား၊ မင်းပါလာခဲ့၊ မင်းတို့နှစ်ယောက်နဲ့ ငါတစ်ယောက်တည်း ယှဉ်ဝံ့တယ်"

စကားဆုံးသည်နှင့် သံလက်ဝါးမယ်တော်သည် သံလက်ဝါးကို ရုတ်ခြည်းဆန့်တန်းပြီး ရှောင်ရီရှမ်းရှိရာသို့ ခုန်ပျံ၍ အုပ်လိုက်၏။

ရှောင်ရီရှမ်းက ခပ်အေးအေးဖြင့် သူမ၏ လက်မောင်းနှင့် ကန့်လန့်ဖြတ် ကာလိုက်သည်။

ထိနိုက်သောအသံများ ပေါ်ထွက်လာသည်။

အတွင်းချင်း ယှဉ်ပြိုင်ခြင်းကြောင့် နှစ်ယောက်စလုံးမှာ ပြင်းထန်လှသော တွန်းအားကြောင့် နောက်သို့ သုံးလှမ်းခန့် ဆုတ်ခွာကြရ၏။

ထိုအခိုက် အောက်တွင်ရှိသော ဆချွန်မင်မှာ သိုင်းကျမ်းစာအုပ်စုတ်ပြဲသွားမည် စိုးရိမ်သောကြောင့် သံလက်ဝါးမယ်တော်၏ နောက်သို့ တစ်ရှိန်ထိုးပြေးသွားပြီး တိုက်ခိုက်တော့သည်။

သံလက်ဝါးမယ်တော်မှာ သိုင်းစာအုပ်ကို မေ့နေသည်။ သူမ သတိလွှတ်သွားစဉ် ဆချွန်မင်၏ လက်ဝါးဒဏ်သည် သူမ၏ ခါးဆီသို့ ရိုက်မိသွား၏။ သံလက်ဝါးမယ်တော် ထိသွားချေပြီ။

ခုံတုံ့ဂိုဏ်းသားတို့မှာ မိမိတို့၏ ဂိုဏ်းချုပ်ကြီး လွင့်စဉ်လဲကျသွားသည်ကို မြင်တွေ့ရသောကြောင့် ထိတ်လန့်တုန်လှုပ်မိကြပေသည်။

သံလက်ဝါးမယ်တော်က အော်လိုက်သည်။

"တောက်...အသုံးမကျတဲ့ကောင်တွေ၊ ဘာရပ်ကြည့်နေတာလဲ၊ စုပေါင်းသိုင်းကွက်နဲ့ ရန်သူကို ဝိုင်းတိုက်ကြပါတော့လား"

ဂိုဏ်းချုပ်ကြီး၏အမိန့်ကို မလွန်ဆန်ဝံ့ပေ။

ရန်သူကို စိုးရွံ့မိသော်လည်း စုပေါင်းအင်အားဖြင့် ဝိုင်း၍ တိုက်ခိုက်ကြလေ၏။

ထိုစဉ် တောင်ကုန်းပေါ်မှ အော်သံများ ရုတ်တရက် ကြားရလေတော့၏။ ဂိုဏ်းသားနှစ်ရာခန့်ကို ဌာနခွဲမှူး ကွမ်ကျိန်နန် ဦးဆောင်၍ ခေါ်လာသည်။

ထိုအခါ သဲလက်ဝါးမယ်တော်က အမိန့်ပေးလိုက်သည်။

"ဟော့...ကွမ်ကျိန်နန်၊ မင်းရောက်လာတာနဲ့ အတော်ပဲ၊ ရန်သူကို စုပေါင်းသိုင်းကွက်နဲ့ ဝိုင်းထားကြစမ်း၊ သူတို့နှစ်ယောက်ကို ထွက်မပြေးစေနဲ့"

သူမ၏စကားကို ကြားသည်နှင့် ဌာနခွဲမှူး လေးဦးတို့သည် မိမိတို့လူများကို ဦးစီးပြီး စက်ဝိုင်းပုံစံဖြင့် ဆရှန်မင်နှင့် ရှောင်ရိရှမ်းကို ဝိုင်းထားလေတော့၏။

သဲလက်ဝါးမယ်တော်က...

"ဒီနေ့တော့ မင်းတို့နှစ်ယောက် လွတ်မြောက်လမ်း မရှိတော့ဘူး၊ ဒါပေမယ့် မင်းတို့နှစ်ယောက် ငါတို့ရဲ့ စုပေါင်းသိုင်းကွက်အင်အားကို ထိုးဖောက်နိုင်ရင် ငါ အညံ့ခံမယ်၊ မင်းတို့ကိုလဲ တောင်အောက် ပြန်လွှတ်ပေးမယ်၊ အကယ်၍ မထိုးဖောက်နိုင်က လက်ထဲက အဖိုးတန်ဓားနဲ့ သိုင်းစာအုပ်ကို ထားရစ်ခဲ့ရမယ်"



ထိုအခါ ရှောင်ရိရှမ်းက တဟားဟား ရယ်ပြီး...

"ဒီမှာ သဲလက်ဝါးမယ်တော်၊ ကျွန်မတို့ဟာ မပိုင်ဘဲနဲ့ ဘယ်တော့မှ မလာဘူး၊ ရှင်တို့ရဲ့ စုပေါင်းသိုင်းကွက်ဟာ ကျွန်မတို့အတွက် အလကားပါ၊ မထိရောက်ပါဘူး၊ ကျွန်မတို့ ထိုးဖောက်ပြီးထွက်ပြမယ့်အပြင် ရှင်တို့တပည့်တွေကိုလဲ တစ်ယောက်မှ ဒဏ်ရာမရစေရဘူးလို့ ကျွန်မ ကတိပေးပါတယ်"

သူတို့ကနှစ်ယောက်...

တစ်ဖက်က နှစ်ရာကျော်...

ထို့အပြင် တပည့်များကိုပင် ဒဏ်ရာမရအောင် ကတိပေးပြန်သေးသည်။

"ဟော့...ရှောင်ရိရှမ်း၊ သိပ်ပြီး လေလုံးမကြီးနဲ့၊ ယှဉ်ပြိုင်ပြီးမှ အဖြေထွက်လိမ့်မယ်"

သဲလက်ဝါးမယ်တော်သည် ပြောပြီး သူမ၏ တပည့်များဘက်သို့ လှည့်၍ ချက်ချင်း အမိန့်ပေးလိုက်၏။

"ဟော့...တပည့်တို့ အားလုံး ပြိုင်တူတက်ကြစို့"

တစ်ချိန်တည်းမှာပင် သူမ၏ ဘေးဝဲဘက် ၁၈ ယောက်၊ ယာဘက် ၁၈ ယောက် တပည့်ဂိုဏ်းသားများကို ရန်သူနှစ်ယောက်အား ဝိုင်း၍ ညှပ်ပိတ်ထားစေ၏။

ကျန်ဂိုဏ်းသား တပည့်များက အပြင်ဘက်မှတစ်ထပ် ညှပ်၍ ဝိုင်းထားလိုက်ပြန်သည်။

လုသုံးဆယ့်ခြောက်ယောက် ဓားကိုယ်စီနှင့် ခဏအတွင်း

စက်ပိုင်းထဲရှိ ဆချွန်မင်နှင့် ရှောင်ရိရှမ်းတို့ကို ဓားမိုးရွာသန်းလိုက်သည့်ပမာ တိုက်ခိုက်ကြလေတော့သည်။

ထိုအခါ ရှောင်ရိရှမ်းက တဖိတ်ဖိတ်တောက်ပနေသော ဓားရှည်ဖြင့် ဝင့်၍ လျှင်မြန်သည့်အဟုန်ဖြင့် ခုခံတိုက်ခိုက်လိုက်ရာ ရန်သူ၏ ဓားကိုးလက်မှာ လွင့်စဉ်ကျသွားလေ၏။

အလားတူ ဆချွန်မင်မှာ အနီးကပ်လာသော ရန်သူများကို သူ၏ထက်မြက်လှသော ဓားဖြင့် ဇော့ယမ်း၍ ပြန်လည်၍ တိုက်စစ်ဆင်လိုက်၏။ ထိုအခါ ရန်သူ၏ ဓားခုနစ်လက်တို့မှာ ထက်ပိုင်းကျိုးသွားကြလေ၏။ နှစ်ဦးမှာ ဓားလွတ်ကျသွားသည်။

သူတို့နှစ်ဦးမှာ အံ့မခန်းသော သိုင်းပညာကို သံလက်ဝါးမယ်တော်မှာ တုန်လှုပ်သွားမိသည်။

ထိုအခါ ရှောင်ရိရှမ်းက ဆချွန်မင်နားသို့ တိုးကပ်ပြီး ...

"ဆချွန်မင် ... ရန်သူကို ခွင်းဖို့ အရင်ဆုံး ခေါင်းဆောင်ကို ဖြိုရမယ်၊ ဒီတော့ အလယ်ဗဟိုကို ကပ်သွားပြီး သံလက်ဝါး မယ်တော်ကို ဖမ်းချုပ်ရအောင်"

ဆချွန်မင်က နားလည် သဘောပေါက်၏။

သည့်နောက် သူတို့သည် ဓားကို ဒလကြမ်း ဇော့ရမ်းပြီး မိုး ကြိုးသိုင်းကွက်ဖြင့် ဆင့်ကာဆင့်ကာ လမ်းဖယ်စေသည်။

ဆချွန်မင်မှာ ဓားတစ်လက်ကို ထပ်၍ ဆွဲထုတ်လိုက်၏။

ယခုအချိန်တွင် သူသည် လက်ထဲတွင် အလွန်ထက်မြက်လှသော ဓားနှစ်လက် ရှိနေလေပြီ။



ရှောင်ရိရှမ်းနှင့် လက်တွဲ၍ အတွဲညီညီနှင့် ရန်သူများကို တိုက် ခိုက်တော့သည်။

ဆချွန်မင်၏ ထက်မြက်လှသော ဓားနှစ်လက်၏ တိုက်ကွက်ကြောင့် ရန်သူများ၏ ဓားအသီးသီးမှာ ထက်ပိုင်းကျိုးသွားကြကုန်လေတော့သည်။

ထိုအခါ ရှောင်ရိရှမ်းမှာ အခွင့်အရေးရသည်နှင့် သူမအနီးသို့ ကပ်မိသည်နှင့် အလစ်တွင် ဓားရှည်ဖြင့် ထိုးချလိုက်၏။

လျှင်မြန်လှသော သိုင်းကွက်ကြောင့် သံလက်ဝါးမယ်တော်မှာ ရှောင်ကွင်းရန် အချိန်မရတော့ချေ။

"အမယ်လေး ..."

သံလက်ဝါး မယ်တော်မှာ စူးစူးဝါးဝါးအော်ရင်းလဲကျသွား၏။

ရှောင်ရိရှမ်း၏ ထက်မြက်လှသောဓားမှာ သူမ၏ ကိုယ်တွင်း သွေးကြောနေရာသို့ မိမိရရ ထိုးမိလိုက်လေ၏။

ထိုအခါ ဂိုဏ်းသားများမှာ ၎င်းတို့၏ ဂိုဏ်းချုပ်ကြီးလဲကျသွားခြင်းကို မြင်တွေ့ရသောကြောင့် အထိတ်တလန့် ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြသည်။

ထိုအခိုက် အကင်းပါးသော ရှောင်ရိရှမ်းက သံလက်ဝါး မယ်တော်ထံသို့ ပြေးသွားပြီး ဖမ်းချုပ်လိုက်သည်။

"ဟေ့ ... အားလုံးရပ်လိုက်ကြ၊ အခု မင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို ဒို့ ဖမ်းချုပ်ထားလိုက်ပြီ၊ မင်းတို့ မရပ်ရင် မင်းတို့ရဲ့ဂိုဏ်းချုပ်ကြီး ဒီထက်နာသွားလိမ့်မယ်"

ထိုအခါ ခုံတုံဂိုဏ်းသားများသည် မခံမရပ်နိုင်သော်လည်း အားမတန် မာန်လျှော့၍ တိုက်ခိုက်မှုကို ရပ်လိုက်ကြရ၏။

"ကိုင်းနေခဲ့တော့ အဘွားကြီး၊ ကျွန်မတို့ရဲ့ ကတိအတိုင်း ရှင်တို့ရဲ့ ဂိုဏ်းသားတွေကို ဒဏ်ရာရအောင် မလုပ်ခဲ့ဘူး၊ ကျွန်မတို့ရဲ့ ပင်ကိုယ်စွမ်းရည်နဲ့ ရှင်တို့ စုပေါင်းသိုင်းကွက်ကို ဖြိုခွင်းလိုက်ပြီ၊ ကဲ ... နေခဲ့ပေဦးတော့ သံလက်ဝါး မယ်တော်"

ထိုစကားကို ကြားသောအခါ သံလက်ဝါး မယ်တော်မှာ မကြေမချမ်းဖြင့် ရှောင်ရိရှမ်းကို ကြည့်လိုက်သည်။

သို့သော် ... သူ ဘာမျှမလှုပ်ရှားနိုင်ချေ။

အဘယ့်ကြောင့်ဆိုသော် ... သူမသည် သွေးကြောကို အပိတ်ခံထားရခြင်းကြောင့်ပင်တည်း။

ထိုအခါ ဆချွန်မင်က ...

"ဆရာမ ... ကျွန်တော်တို့ ဒီအတိုင်းသွားလို့ မဖြစ်ဘူး၊ သံလက်ဝါးမယ်တော်ကို ဓားစာခံအဖြစ်နဲ့ တောင်ခြေအထိ ခေါ်သွားရင် ကောင်းမယ်၊ ဒါမှ သူ့ရဲ့ ဂိုဏ်းသားတွေရန်က စိတ်ချရမယ်၊ သူ့ဂိုဏ်းသားတွေကို ကျွန်တော်တို့ ဂရုမစိုက်သော်လည်း သူ့ကိုတော့ ဓားစာခံ ခေါ်သွားမှ ဖြစ်မယ်"

ရှောင်ရိရှမ်း သဘောပေါက်သွား၏။

ထို့ကြောင့် သံလက်ဝါး မယ်တော်အား ...

"ကဲ ... ဒါဖြင့် ရှင် ကြေနပ်ရင်ကြေနပ် မကြေနပ်ချင်လည်း နေပေါ့၊ ဒါပေမယ့် ကျွန်မတို့ကို တောင်ခြေအထိ လိုက်ပို့ပေးဦး



ပေါ့၊ ကဲ ... ဟော ... အားလုံး လမ်းဖယ်ပေးကြ၊ တစ်ယောက်မှ လိုက်မလာကြနဲ့၊ မင်းတို့ရဲ့ ဂိုဏ်းချုပ်ကြီး ငါတို့လက်ထဲမှာဆိုတာ မြဲမြဲမှတ်ထားကြ ..."

ရှောင်ရိရှမ်းသည် သံမဏိ မယ်တော်အား ပြန်၍ ပွေ့ချီယူပြီး တောင်ခြေသို့ ကျောက်လှေခါးထစ်အတိုင်း ကိုယ်ဖော့ပညာကို သုံးကာ တဟုန်ထိုး ပြေးဆင်းသွားကြသည်။

ဆချွန်မင်မှာလည်း ဓားကို ဓားအိမ်သို့ ပြန်သွင်းပြီး ခုံတုံဂိုဏ်းသားများအား နှုတ်ဆက်လိုက်သည်။

"ကိုင်း ... မိတ်ဆွေတို့ ကျုပ်ကို ခွင့်ပြုပါဦး ... လွန်ရာရှိရင်လည်း ခွင့်လွှတ်စေချင်ပါတယ်"

ဆချွန်မင်မှာ စကားဆုံးသည်နှင့် ရှောင်ရိရှမ်းနောက်မှ ထပ်ချပ်မကွာ လိုက်သွားလေတော့သည်။

သံလက်ဝါး မယ်တော်၏ တပည့်များသည် သည်းခံ၍ စောင့်ဆိုင်းပြီး ခပ်လှမ်းလှမ်းရောက်မှ နောက်ယောင်ခံကာ လိုက်ကြ၏။ ဂိုဏ်းချုပ်ကြီးကို စောင့်ရှောက်ကူညီရန် လိုက်သွားပေတော့သည်။

နာရီဝက်ခန့် ကြာသောအခါ တောင်ခြေရင်းသို့ ရောက်ရှိလာကြ၏။

ထိုအခါ ဆချွန်မင်က ...

"ဆရာမ ... သံလက်ဝါးမယ်တော်ကို ထားခဲ့နိုင်ပြီ"

ရှောင်ရိရှမ်းသည် ပတ်ဝန်းကျင်ကို လှေ့လာကြည့်မိ၏။

သည့်နောက် ရှောင်ရိရှမ်းသည် ပြောချောနေသော ကျောက်

ပြာကြီးပေါ်တွင် သံလက်ဝါးမယ်တော်အား တင်ထားလိုက်၏။ ပြီး နောက် သူမ၏ ကျောပြင်ကို လက်ဝါးဖြင့် ပုတ်လိုက်၏။

ထိုအခါ သံလက်ဝါး မယ်တော်မှာ တဖြည်းဖြည်း အကြောများ ပြန်ပွင့်လာသည်။ ထို့နောက် ဆရာချုန်မင်နှင့် ရှောင်ရိုရှမ်းတို့သည် ကိုယ်ဖော့ပညာဖြင့် ခရီးပြင်းနှင်ခဲ့ကြတော့သည်။

သံလက်ဝါးမယ်တော်မှာ ကောင်းစွာ သတိရလာပြီး လိုက်သော်လည်း မမှီလိုက်တော့ချေ။

နှစ်နာရီခန့် ခရီးပြင်း နှင်မိသောအခါ ဝံပုဝလွှနက် ဟုန်စမ်းတို့ တည်းခိုနေရစ်သောတဲသို့ ပြန်လည် ရောက်ရှိလာခဲ့ပေတော့သည်။

စိတ်ပူနေသော ဝံပုလွှေနက် ဟုန်စမ်းမှာ ဝမ်းသာလှိုက်လှဲစွာဖြင့် ဆီးကြိုသည်။

"ကဲ ... ငါတူမ၊ ကိစ္စတော့ ပြီးပြတ်အောင်မြင်ခဲ့ပြီ၊ သိုင်းပညာစာအုပ်ကိုလည်း ရလာပြီ၊ ဒီတော့ ... ခရီးထွက်ဖို့ စီစဉ်ကြပေတော့၊ အခေါ်တို့ တိဘက်ဓရိုင်ကို မြန်မြန် ခရီးထွက်မှ ဖြစ်မယ်"

ထို့နောက် ဝံပုလွှေနက် ဟုန်စမ်းသည် ခရာမှုတ်ပြီး သူမ၏ ဘက်တော်သားများကို လူစုတော့၏။ ချက်ချင်း လူစုနိုင်သည်။

နာရီဝက်ခန့် ကြာသောအခါ ၎င်းတို့သည် တောင်ဘက်စူးစူးအရပ်သို့ ခရီးဆက်၍ ထွက်ခွာလာခဲ့ကြတော့သည်။

စာစဉ်(၄) ပြီး၏

တက္ကသိုလ် နေလင်းအောင်